# ယောဟန်၏ ပတ်မုတ်ကျွန်း ရူပါရုံ

ဂျက်ဖာဆွန်ဘေးလီး၊ အင်ဒီယားနား၊ အမေရိကန်၊

၆၀ - ၁၂၀၄ အီး။

1 ၁။ ဘရာသာနဖေးလ်က ဤကြေငြာချက်များ ပြုလုပ်နေတဲ့အခါမှာ ဘရာသာမိုးက တစ်ခြားနေ့က အကြောင်းကို ပြောပါတယ်။ ဘုရားသခင်ရဲ့ သန့်ရှင်းသောဝိညာဉ်တော်အ ဆောက်အဦထဲကို ဆင်းသက်လာခြင်း အကြောင်းဘဲ ဖြစ်ပါ တယ်။ ‘အလွန်ကြီးမားတဲ့အတွက် သူကချီဆောင်ခြင်းခံရတယ်လို့ဘဲ ထင်ပါတယ်။’ ‘ကျွန်တော်လှည့်ပတ်ပြီးကြည့် တဲ့အခါ မှာလူတွေ အဲဒီမှာ ထိုင်နေတာကို တွေ့ရပါတယ်။’ ဒါကြောင့်မို့လို့ ‘ချီ ဆောင်ခြင်းမရောက်သေးဘူးလို့ဘဲ ပြောရမှာပါ။ သူတို့ ဒီမှာရှိနေဆဲဘဲဖြစ်တယ်ဆိုရင် ကျွန်တော်လည်းဒီကမ္ဘာ လောကကြီးထဲမှာ ရှိနေဆဲဘဲဖြစ်ပါတယ်။’ တစ်ခါတရံမှာ ဘုရား သခင်ရဲ့ဝိညာဉ်တော်က ကျွန်တော်တို့အတွက် ကောင်းမြတ်ခြင်းဖြစ်ပါတယ်။

2 ၂။ ကျွန်တော်တို့မှာ မိတ်ဆွေများစွာရှိတဲ့အတွက် ဒီအဆောက်အဦးထဲမှာလည်းများ စွာတွေ့ရတဲ့အတွက် အရမ်းကိုဝမ်း မြောက်မိပါတယ်။ များပြားလွန်းလို့ဘယ်နှစ်ယောက် တောင်လဲဆိုတာ မပြောပြနိုင်လောက်အောင် များပြားပါတယ်။ ကျွန်တော်သတိပြုမိတဲ့ အရာကတော့ တံခါးကနေဝင်လာတဲ့ ဘရာသာကာပင်တန်လ်ဘဲ ဖြစ်ပါတယ်။ သူဟာ အိမ်ထောင် ကျပြီးတာ့ ကျွန်တော်နဲ့အတူတူဘဲ လက်ထပ်ခဲ့ကြတဲ့သူတွေဖြစ်ပါတယ်။ ဘရာသာကာပင်တန်လ်ကတော့ ကျွန်တော်တို့အ သင်းတော်မှာ အင်မတန်ကောင်းကြီးခံစားရတဲ့ လူတစ်ယောက်ဖြစ်ပြီးတော့ သာသနာလုပ်ငန်းလုပ်ဘို့အတွက် ကျွန်တော်တို့ အတွက်ကောင်းကြီး ဖြစ်ပါတယ်။ သာသနာပြုတဲ့အခါမှာ တရားဟောတဲ့သူတွေ ဘယ်နေရာမှာဘဲဖြစ်ဖြစ် သူပါဝင်ပြီးတော့ ကျွန်တော်တို့ သူ့ကိုရတဲ့အတွက် အရမ်းကိုဝမ်းသာပါတယ်။ တစ်ခြားအကြောင်းအရာတွေလည်း အများကြီး ဝမ်းသာစရာရှိပါတယ်။

3 ၃။ နောက်ထပ် မေးခွန်းတစ်ခုရှိပါတယ်။ မနေ့ညနေက မေးထားတဲ့မေးခွန်းဖြစ်ပါတယ်။ ဘရာသာဘရမ်ဟမ် (မဿဲအခန်းကြီး ၂၅)မှာပါတဲ့ပညာမဲ့ပြီး မိုက်မဲတဲ့သတို့သမီး (၅)ဦးကဆိုရင် တစ်ပါးအမျိုးသား လူအ နည်းစုလေး ကိုဆိုလ်ိုတာလားလို့ မေးထားတဲ့ မေးခွန်းဖြစ်ပါတယ်။ အဲဒီ(၅)ဦးကတော့ ကျွန်တော်နား လည်သ လောက် ပြောရမယ်ဆိုရင် ကယ်တင်ခြင်းရပြီးသားဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဘေးဒဏ်ကြီးကာလကို ကျော်ဖြတ်သွားရမှာ ဖြစ်ပါတယ်။ အဲဒါမှန်ပါသ လား? သူတို့ရဲ့နောက်ဆုံး သွားရမဲ့လမ်းက ဘယ်လို လမ်းမျိုးဖြစ်သ လဲလို့လည်း မေးထားပါတယ်။ သူတို့ကို ဆိတ်တွေကနေ ခွဲထုတ်တဲ့ သူတို့ကို သတ်မှတ်လို့ရပါသလား? (မဿဲ ၂၅ း၃၃-၃၄)မှာဖော်ပြထားပါတယ်။အဲဒါနဲ့ပတ်သက်လို့တော်တော် ကောင်းတဲ့ သီဩြော်လော်ဂျီအချက် အလက်ပါဘဲ။ ကျွန်တော်လည်း စဉ်းစားမိပါတယ်။ သူတို့ဟာ လူနည်းစုလေးဖြစ်ပါ တယ်။ သူတို့ဟာအိပ် ပျော်နေတဲ့သတို့သမီးဖြစ်ပြီးတော့ ဗျာဒိတ်ကျမ်းမှာဖော်ပြတဲ့ လူနည်းစုလေးဘဲဖြစ်ပါတယ်။ မိန်းမရဲ့မျိုးစေ့နဲ့ ပတ်သက်တဲ့ သူတွေဖြစ်ပြီးတော့ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို စောင့်ထိန်းပါတယ်။ သခင်ယေရှုရဲ့ သက်သေခံချက်လည်း သူတို့မှာ ရှိပါတယ်။ အမျိုးသမီး တစ်ယောက်ဟာ ပစ္စည်းဥစ္စာတွေ အများကြီးကို ယူ ဆောင်ပြီးတော့ ချထားမှာဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူမဘာကို ဖြတ်တောက်နေပါသလဲ? သူမနဲ့ ပတ်သက်တဲ့အပိုင်းကို ဘယ်လိုယူပါသ လဲ? သူမ ထားလိုတဲ့နေရာမှာ ထားပါတယ်။ ဘယ်လိုနည်းနဲ့ သူမ ဖြတ်တောက်မှာလဲ? သူမ ဖြတ်ပြီးတော့ ကျန်တဲ့အစိတ်အပိုင်းလေးတွေကို အနည်းစုလို့ခေါ်ပါတယ်။ အကြွင်းအကျန်ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူမရဲ့အတွေးနဲ့ သူမစဉ်းစားပြီးတော့ရွေးပြီးတော့ ဖြတ်တောက်လိုက်ပါတယ်။ အဲဒါကနေ ကျန်တဲ့အရာတွေကို အကြွင်းအကျန် လို့ခေါ်ပါ တယ်။ သင်သတိပြုမိတဲ့အရာမှာသတို့သမီး၊ မိုက်မဲသူ(၅)ဦးနှင့် ပညာရှိ(၅)ဦးဖြစ်ပါတယ်။ သူတို့အားလုံးမှာ အပျိုကညာ သတို့သမီးများဖြစ်ပါတယ်။ သူတို့ကို တစ်မျိုးတစ်စားတည်း သတ်မှတ်လို့ရပါတယ်။ သို့သော်လည်း ရွေးချယ်ခြင်းအားဖြင့် ဘုရားသခင်က သူ့ရဲ့ သတို့သားကို ရွေးချယ်ခဲ့ပါတယ်။ ကမ္ဘာလောကကြီးကို မဖန်ဆင်းခင်ကဘဲ ဖြစ်ပါတယ်။ သိုးသူငယ် ရဲ့အသက် စာစောင်ထဲမှာ သူတို့ရဲ့နာမည်ကို မှတ်သားထားပါတယ်။ ကမ္ဘာလောကကြီး မစတင်မီကဘဲ ဖြစ်ပါတယ်။ ဘုရားသခင်သည် သူ့စိတ်နှလုံးထဲတွင် ရှိသည့်အတိုင်း ဘုရားသခင်ရဲ့စိတ်နှလုံးမှာ အကန့်အသတ်မဲ့ ဖြစ်နေ ပါတယ်။

4 ၄။ ကျွန်တော်တို့ တစ်ခါတရံ ကြိုတင်၍ ပြင်ဆင်ထားခြင်း ဆိုသောစကားကို သုံးနှုန်းပါတယ်။ တစ်ကယ်ဘဲ ဒီ အသင်းတော်ခေတ်ကာလမှာ သေချာပေါက်သုံးနှုန်းရမဲ့ အသုံးအနှုန်းဖြစ်ပါတယ်။ အင်မတန်ကြီးမားတဲ့ အရာဖြစ်ပြီးတော့ မာတုရရဲ့ ခေတ်ကာလကလည်း အသုံးပြုခဲ့ပါတယ်။ အကြောင်းမှာ သူတို့ကလည်း တစ် ကယ်ယုံကြည်ခဲ့ကြလို့ဘဲ ဖြစ်ပါ တယ်၊ အခုအခါမှာတော့ အယူအဆလေးတွေ ပြောင်းလဲသွားပြီဖြစ်ပါတယ်။ Legalist တရားဝင် သွန်သင်မှုများဟာ အသင်းတော်ထဲမှာ ပေါ်ပေါက်လာပါတယ်။ ကောင်းသောအ ရာဘဲဖြစ်ပါတယ်။ အဲဒါတွေအားလုံးဟာ ပျောက်ကွယ် သွားပြီးတော့ ကာလ်ဘင်နစ်စတစ်ရဲ့အယူဝါဒလည်း အင်္ဂလန်နိုင်ငံမှာ မတွေ့ရတော့ဘဲဖြစ်ပါတယ်။ နိုးထမှုများ ဘာမှမရှိ တော့ပါဘူး။ ဂျွန်ဝပ်စလီ အချိန်အခါ ရောက်လာတဲ့အခါမှာ အာမေးနီးယန်းတွေရဲ့ ဩဝါဒကို ဟောပြောပါတယ်။ အဲဒါမှ နည်းနည်းညီ မျှသွားပါတယ်။ ဘုရားသခင်က အမြဲတမ်းဘဲ ညီမျှအောင် ချိန်ဆပေးပါတယ်။ မိုက်မဲသောသတိုးသမီးများမှာ သူတို့မီးအိမ်ထဲမှာ ဆီမရှိသူများဖြစ်ပါတယ်။ သူတို့ကိုတော့ မှောင်မိုက် ထဲကို မောင်းထုတ်လိုက်ပါတယ်။ အဲဒီမှာ ငိုကြွေးခြင်း၊ ငြီးတွားခြင်း၊ အံသွားခဲကြိတ်ခြင်းတို့နဲ့ပြည့်တဲ့ မှောင်မိုက်နေရာဘဲ ဖြစ်ပါတယ်။ သင်တို့ရဲ့ မှတ်စုထဲမှာ ရေးထားချင်တယ်ဆို ရင် ဘေးဒဏ်ကြီးကာလကိုဘဲ ပြန်ပြီးရေး သားရမှာ ဖြစ်ပါတယ်။ သူတို့ဟာ ဘေးဒဏ်ကြီးကာလမှာ ကျန်နေခဲ့မဲ့သူတွေ ဘဲဖြစ်ပြီးတော့ ဒီဘေးဒဏ်ကြီး ကာလတောက်လျှောက် နေထိုင် သွားရမှာဘဲ ဖြစ်ပါတယ်။ သင်ခန်းစာဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆက်ပြီး အချိန်အားလို့ လေ့လာမယ်ဆိုရင် ရပါသေးတယ်။

5 ၅။ အခုသတိရရမဲ့အရာကတော့ ကျွန်တော် ပြောခဲ့သလိုဘဲ ပထမဆုံး စကားလုံးတွေကတော့ ‘ဒီတိတ် ခွေကနေ ခင်ဗျားတို့ ကြားနာရတဲ့အတိုင်းဘဲ ဖြစ်ပါတယ်။ အဲဒီအကြောင်း အရာကတော့ မှန်ကန်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။’ မှားမယ်ဆိုရင် ဘာကြောင့်လဲဆိုတာ ကျွန်တော် မသိပါဘူး။ ကျွန်တော် ယုံကြည် တဲ့အရာကိုဘဲကျွန်တော် ပြောပြနိုင် ပါတယ်။ ဘယ်သူ့ရဲ့စိတ်နှလုံးကိုမှ

ထိခိုက်ဘို့ ကျွန်တော် မလိုလားပါဘူး။ ကျွန်တော်တို့ဒါတွေ အားလုံးကို ခဏဖယ်ထားပြီး ပြောခဲ့ပြီးတဲ့အရာတွေအတွက် ပြန်စဉ်းစားရမှာ ဖြစ်ပါတယ်။ ပြန်ရှာဖွေရမှာ ဖြစ်ပါတယ်။ တကယ်ဘဲ သမ္မာကျမ်းစာနဲ့ ကိုက်ညီမှု ရှိမရှိဆိုတာကို ကျွန်တော်တို့ လေ့လာရမှာ ဖြစ်ပါတယ်။ အဲဒါထဲမှာ အကောင်းဆုံး နည်းလမ်းကတော့ ကျွန်တော်တို့ အသက်ရှင်နေထိုင်တဲ့ ယခုခေတ် ကာလနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကိုဘဲ လေ့လာရမှာ ဖြစ်ပါတယ်။ ရံဖန်ရံခါ ထပ်ခါထပ်ခါ ဘုရား သခင်ရဲ့စစ်ဆေးခြင်းကို ခံရတဲ့နိုင်ငံသားဆိုရင် တကယ်ဘဲ အဲဒီမှာရှိတဲ့သူတွေ သူတို့ဟာ သူတို့ရဲ့သဘောကို နားလည်ဘို့ ခက်ခဲမှာ ဖြစ်ပါတယ်။ အပျိုကညာ သတို့သမီးတွေရဲ့ပိုင်နက်ထဲမှာ ဖြစ်ပါတယ်။ သူတို့ကို ဘာပြော မလဲဆိုရင် သူတို့ယုံကြည်ကြမှာ ဖြစ်ပါတယ်။ ပြောတဲ့အတိုင်း သူတို့လက်ခံကြမှာဖြစ်ပါတယ်။

6 ၆။ ဤအတွေးအခေါ်အတိုင်း လက်ခံတဲ့သူ တစ်ဦး ဦးတော့ ရှိမှာပါ။ ကျွန်တော်တို့ အသင်းတော် ဂိုဏ်းဂဏ သည်(၉၁၀) ခန့်လောက်ရှိပါတယ်။ တစ်ဦးနဲ့တစ်ဦးသွန် သင်ခြင်းတွေမှာ ကွာခြားမှုရှိပါတယ်။ တစ်ဦးနဲ့တစ်ဦး မတူညီကြပါဘူး။ တစ်စုံတစ်ယောက်သောသူက မှားယွင်းတယ်။ တစ်စုံတစ်ယောက်သောသူက မှန်ကန်တယ် စသည်ဖြင့် အမျိုးမျိုးဖြစ် နေကြပါတယ်။ သို့သော်လည်း သက်သေအခိုင်အလုံ တစ်ခုတော့ရှိပါတယ်။ သမ္မာ ကျမ်းစာအတိုင်း ပြန်လည်ပြီးတော့ လေ့လာဘို့ဘဲဖြစ်ပါတယ်။ အကြိမ်ပေါင်းများစွာ လူတွေဟာသူတို့ရဲ့ အနက် အဓိပ္ပါယ်ဖွင့်မှုနဲ့ သမ္မာကျမ်းစာကို အဓိပ္ပါယ်ဖွင့်ဆိုကြပါတယ်။ သို့သော်လည်း ကျွန်တော်တို့ကတော့ အကောင်း ဆုံးဖြစ်အောင် ကျွန်တော်တို့ ကြိုးစားပါတယ်။ လူသားတွေရဲ့ အနက်အဓိပ္ပါယ်ဖွင့်ဆိုမှုကို မထည့်သွင်း နိုင်အောင် ကြိုးစားပါတယ်။ 'ဤကဲ့သို့ဘဲဖြစ်ပါ။' နှုတ်ကပတ်တော် ဖြစ်သင့်တဲ့အတိုင်းဘဲ ဖြစ်ပါတယ်။

ကျွန်တော် အမြဲတမ်းဘဲသတိပြုမိပါတယ်။ ကိုယ်တော်ရှင် မိန့်တော်မူတဲ့အတိုင်းဘဲ လက်ခံမယ်ဆိုရင် အရာ ခပ်သိမ်းအား လုံးဟာ အဆင်ပြေမှာ ဖြစ်ပါတယ်။ နှုတ်ကပတ်တော် အတိုင်း ဖြစ်မှာဖြစ်ပါတယ်။ ရုပ်ပုံတစ် ခုပေါ်လာရန် ပဟေဠိ ဆက်သကဲ့သို့ဘဲ ဖြစ်ပါတယ်။ ပုံဖေါ်ထားတဲ့အရာကို သေသေချာချာ ကြည့်ရမှာ ဖြစ်ပါတယ်။ နောက်ပြီးမှသာ ဆက်ရန် ပဟေဠိ အပြားလေးများကို ဆက်ရမှာ ဖြစ်ပါတယ်။ အဲလိုမျိုး မလုပ်ရင် 'သင့်ရဲ့မြင်ကွင်းထဲမှာ ပေါ်လာမှာ မဟုတ်ပါဘူး။ ဘယ်လိုပုံစံ ဖြစ်သွားမလဲဆိုတော့ သစ်ပင်ရဲ့ ထိပ်ဖျားမှာနွား ကမြက်စားတဲ့ ပုံစံမျိုးဘဲ ထွက်လာမှာဖြစ်ပါတယ်။' အဲဒါက တော့ မှန်ကန်တဲ့ပုံစံတော့ မဟုတ်ပါဘူး။

7 ၇။ သန့်ရှင်းသောဝိညာဉ်တော်ကို လမ်းပြ၍ သမ္မာကျမ်းစာကို မည်သူရေးမလဲလို့ မေးခွန်းထုတ် လိုက်တဲ့ အခါမှာတော့ သန့်ရှင်းသောဝိညာဉ်တော်က လူတွေပေါ်မှာ လှုပ်ရှားပြီး သမ္မာကျမ်းစာကိုရေးသားခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့သန့်ရှင်း သောဝိညာဉ်တော်မရှိရင် ဘယ်လောက်ဘဲပညာတတ်တတ် ဘယ်လိုမှနား လည်နိုင်မှာ မဟုတ်ပါဘူး။ သခင်ယေရှုဘုရား သခင်ကို ကျေးဇူးတင်သကဲ့သို့ နှုတ်ကပတ်တော်တွေ အား လုံးဟာ ပညာတတ်တွေ၊ အသိညဏ်ကြွယ်ဝတဲ့သူတွေရဲ့ မျက်လုံးထဲကနေ ကွယ်ကာလျှက်ရှိပါတယ်။ သို့သော်လည်း ဘာပညာမှမတတ်၊ ဘာမှနားမလည်တဲ့ ကလေးသူငယ်လေးများကိုတော့ ဖွင့်ပြထား မှာဖြစ်ပါ တယ်။ တပည့်တော် အယောက်စီတိုင်းကို တစ်ယောက်စီ လေ့လာမယ်ဆိုရင် ပညာမတတ်ကြပါဘူး။ သို့သော် လည်း ပညာတတ်သူကတော့ ပေါလုတစ်ယောက်တည်းဘဲ ရှိပါတယ်။ ပေါလုကတော့ သူအားလုံးကို မေ့ပြီး တော့ သူသိသမျှ အားလုံးကို ဖယ်ထားပြီးတော့ သူဟာခရစ်တော်ကို ရှာဖွေရမယ်လို့ ဆိုပါတယ်။ ကောရိန္တု အသင်းတော်ကို သူဘာပြောလဲဆိုတော့ လူရဲ့အသိပညာအားဖြင့် ပြောခြင်းမဟုတ်ပါဘူး။ကြီးမားတဲ့ မိန့်ခွန်း တွေ ပြောဆိုခြင်း မဟုတ်ပါဘူး။ သူတို့ရဲ့ယုံကြည်ခြင်းကတော့ လူသားရဲ့ အသိတရားဘဲဖြစ်ပါတယ်။ သူတို့ ထံကို ရောက်လာတဲ့အခါမှာ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ တန်ခိုးနဲ့လမ်းပြခြင်း အားဖြင့် ဖြစ်ပါတယ်။ သူတို့ရဲ့ ယုံကြည်ခြင်းတွေ ဟာ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ လှုပ်ရှားမှုများအပေါ်မှာ ရပ်တည်နေမှာဖြစ်ပါတယ်။ နှုတ်ကပတ်တော်အတိုင်းဘဲ ရပ်တည် နေမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အားလုံးဟာ တစ်ယောက်နဲ့ တစ်ယောက်အရမ်းနီး စပ်အောင်ကိုရပ် တည်လျှက် ရှိပါတယ်။ တစ်ပါတ်မကုန်မီဒါမှမဟုတ် တစ်ပါတ်အတွင်းမှာ အချိန်မကုန်မီ သင်သိမြင်နားလည်မှာ ဖြစ်ပါတယ်။ ထိုအရာသည်အတိအကျပင် ဖြစ်ပါတယ်။ ခေတ်ကာလ အဆက်ဆက် တောက်လျှောက်ထိ ကြိုးတန်းလေး ဆင်းသက်လာ ခြင်း ဖြစ်ပါတယ်။

8 ၈။ ကျောက်သင်ပုန်းကို အပေါ်နည်းနည်းတင်ပြီးတော့ မြှင့်ထားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အဲလိုအပေါ် နည်းနည်းမြှင့်လိုက်တာ ပိုကောင်းပါတယ်။ ကျွန်တော်တို့အားလုံး ဆောင်းရာသီကို ရောက် လာပြီလို့ ကျွန်တော်ထင်ပါတယ်။ ဒါမှကျွန်တော်တို့ဗျာဒိတ်ကျမ်းကို အစကနေအဆုံး ကျွန်တော်တို့ သင်ကြားနိုင် မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီသင်ကြား မှုတွေက အင်မတန်ကောင်းမွန်တဲ့ သင်ကြားမှုတွေဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း(၂၀)ခန့်ကဒါမှမဟုတ် (၂၅)နှစ်ခန့်က ဒီအသင်းတော်ကို စတင် တည်ထောင်တဲ့အခါမှာ ကျွန်တော်တို့ ဒီလိုဘဲ ဆောင်းရာသီဖြစ်တယ်ဆိုတာကို သတိရပါ တယ်။ အခုဆိုရင် နောက်ထပ် ဆောင်းရာသီ တစ်ရာသီကို ရောက်တော့မှာ ဖြစ်ပါတယ်။ အဲဒါမှဘဲ ဗျာဒိတ်ကျမ်းအားလုံးကို သင်ကြားနိုင်မှာဖြစ်ပါတယ်။ ယောဘဝတ္ထုအကြောင်းကို သင်ကြားတာ ကျွန်တော်ပြန်ပြီး သတိရပါတယ်။ ဘရာသာရိုက် လည်း အဲဒီအချိန်မှာ ရှိပါတယ်။ နောက်ဆုံး ကျွန်တော်ရေးသမျှအားလုံးကို အမျိုးသမီးတစ်ဦးက လိုက်ပြီးတော့ ရေးမှတ် ထားပါတယ်။ သူမ ဘာပြောသလဲဆိုတော့ 'ဘရာသာဗရမ်ဟမ် ယောဘဝတ္ထုနဲ့ပတ်သက်လို့ ယောဘက ပြာပုံပေါ်က မထွက်တော့တဲ့ အဆင့်ကို ခင်ဗျားသင်တာ အခုထက်ထိမရောက်သေးဘူးလားလို့ မေးပါတယ်။' ကျွန်တော်ကတော့ အဓိကအချက်ကို ပြချင်တာဖြစ်ပါတယ်။ ဘယ်နေရာတိုင်းမှာဘဲဖြစ်ဖြစ် အဲဒီနေရာကို ရောက်တဲ့အခါမှာ ဘုရားသခင်ရဲ့ သန့်ရှင်းသောဝိညာဉ်တော်က သူ့အပေါ်မှာ သက်ရောက်ပါတယ်။ အဲဒီအချိန်မှာ လျှပ်စီးလက်တဲ့အခါမှာ မိုးထစ်ချုန်းသံ တွေကိုလည်း ကြားရပါတယ်။ ပရောဖက်အပေါ်မှာ သန့်ရှင်းသောဝိညာဉ်တော် သက်ရောက်ပါတယ်။ အဲဒီအချိန်မှာ သူဟာ ဘုရားသခင်ရဲ့သန့်ရှင်းသော ဝိညာဉ်တော် ကြွလာတာကို တွေ့ရပါတယ်။ အဲဒီအကြောင်းနဲ့ပတ်သက်လို့ ကျွန်တော်ပြောတဲ့အခါမှာ ကျွန်တော် အိမ်ပြန်ချင်ပါတယ်။ အဲဒါကြောင့်မို့ လို့ဘဲ ကျွန်တော်ဟာ အဲဒီပြာပုံပေါ်ကို ရောက်နေတဲ့အခါ သူ့ကို အကြာကြီးအခ်ျိန်ဆွဲထားခြင်းဘဲဖြစ်ပါတယ်။ ဒါမှ ကျွန်တော်တို့အချက်ကို ရရှိကြမှာဖြစ်ပါတယ်။ အင်မတန်မှ မောပန်းပြီးတော့ ငြီးငွေ့ဘွယ်ဖြစ်ပါတယ်။ ကျွန် တော်လည်းစိတ်ထဲမှာ စိတ်လှုပ်ရှားမှုဖြစ်ပါတယ်။ ဘေးနားမှာတစ်စုံတစ်ယောက်သောသူ ဆော့ကစားနေတယ် လို့ ကျွန်တော်အသံကြားရပါတယ်။ သူဟာအရှေ့ကို ဆက်ပြီးတော့သွားပြီးတော့ တစ်ခုခုကို ရိုက်လိုက်တဲ့ အသံကို ပေါ်ထွက်လာပါတယ်။ ဘုရားသခင်ကတော့ သူ့ရည်ရွယ်ချက်အတွက် သူပြင်ဆင်ထားတဲ့သူကို သူကလမ်းပြနေခြင်းဘဲ ဖြစ်နိုင်ပါတယ်။

9 ၉။ အခုအခါမှာ လူအကြွင်းအကျန် လူအနည်းစုအကြောင်း ပြန်ပြီးတော့ ပြောကြားရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမေးခွန်းနဲ့ပတ်သက်တဲ့အကြောင်းကို ပြန်ပြီးတော့ရှင်းပြရမှာ ဖြစ်ပါတယ်။ ဒါကို ရှင်းရှင်း လင်းလင်းဖြစ်မယ်လို့ ကျွန်တော်ထင်ပါတယ်။ လူအနည်းစုလေးကို ဘုရားသခင်က ရွေးချယ်တယ်လို့ ယုံကြည် ပါတယ်။ ကျွန်တော် ကမ္ဘာလောကကြီး မစတင်မီကပင် ဒီလူအနည်းစုလေးကို ဘုရားသခင် ရွေးချယ်ပါတယ်။ ကိုယ်တော်ရှင်ဟာ ကြိုတင်သိမြင်နိုင်တဲ့ ညဏ်ရှိတဲ့အတွက်ကြောင့် ကိုယ်တော်ရှင်ဟာ ပရီဒယ်စီ နေးရှင်းဆိုတဲ့ ကြိုတင်ခွဲခန့်မှတ်သားခြင်းကို ပြုလုပ်ပါတယ်။ ဒီပရီဒယ်စီနေးရှင်းက လူတော်တော်များများအတွက် အင်မတန်မှ ဆူးကလေးတစ်ချောင်းလို ဖြစ်နေပါတယ်။ ဒါပေမဲ့လည်း ဘုရားသခင်ကတော့ ကမ္ဘာလောကကြီးကို မဖန်ဆင်းမီ သူ့မှာ အကန့်အသတ်မဲ့တုန့်ိုင်းမရတဲ့ အသိတရားရှိပါ တယ်။ အသင်းတော်ကို သူရွေးချယ်တယ်။ သခင်ယေရှုကိုရွေးချယ်တယ်။ အဲဒီလိုမျိုးသူရွေးချယ်တဲ့အသင်းတော်ကို ရွေးချယ်ခြင်းအားဖြင့် အစမှာ ဖြစ်မဲ့ အရာကို ကြိုတင်ပြောနိုင်ပါတယ်။ သူအဲသလို ကြိုတင်ပြောနိုင်သလိုဘဲ အဆုံးမှာဖြစ်မဲ့အရာတွေကို သူက ကြိုတင်ပြောနိုင်ပါတယ်။ ကိုယ်တော်ရှင်ဟာ အကန့်အသတ်မရှိကြီး မြတ်တော်မူတဲ့ ဘုရားဖြစ်တယ်ဆိုရင် ကိုယ်တော်ရှင် မသိတဲ့အရာ ဘာတစ်ခုမှ မရှိပါဘူး။ ကိုယ်တော်ရှင် အားလုံးကို သိပါတယ်။ ကမ္ဘာလောကကြီး မှာ ဘာတွေဖြစ်ပျက်မလဲ၊ ဘယ်သူတွေ ထွက်ပြေးမလဲ။ ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါဖြစ်မလဲ စသည်တို့တွေ့ရ ပါတယ်။ ဘယ် လောက်အထိ သူတို့အားလုံး အတူတကွနေထိုင်ကြမလဲ စသည်တို့ကို သိရပါတယ်။ အဲဒါ ဟာ အကန့်အသတ်မရှိ ဖြစ်ပါတယ်။ အကန့်အသတ်ထားလို့ မရပါဘူး။ ရှင်းပြလို့လည်း မရပါဘူး။ သူဟာ အကန့် အသတ်မဲ့ အတိုင်းအတာမရှိ အဆုံးအစမဲ့ ဘုရားဘဲဖြစ်ပါတယ်။

10 ၁၀။ သင်သတိပြုမိပါက သမ္မာကျမ်းစာက ဆိုထားသည့်အတိုင်း နောက်ဆုံးသောနေ့ ရက်ကာလများမှာ အန္တိခရစ်သည် ကမ္ဘာလောကကြီးမှာ ရောက်ရှိလာမှာ ဖြစ်ပါတယ်။ သေချာနားထောင်ပါ။ ကျွန်တော့်အထဲမှာ သန်းပေါင်းများစွာ ရှိနေတာကိုကျွန်တော် တွေ့ရပါတယ်။ သို့သော်လည်း ကျွန်တော်တို့ရဲ့ တန်ဖိုးရှိလှတဲ့ ဘီလီဂရေဟမ်ကတော့ ဟိုးတနေ့က သူတရားဟောတဲ့ အခါမှာပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ဖြစ်ပါတယ်။ အချိန်ကာလနဲ့ ကိုက်ညီတဲ့ သတင်းစကား တရားဟောချက် ဘဲ ဖြစ်ပါတယ်။ ရွေးချယ်ထားသောသူများကိုပင် စာတန် က လှည့်ဖျားတယ်လို့ သူကဆိုထားပါတယ်။ သမ္မာကျမ်းစာ ဆိုထားတဲ့အတိုင်းက ဖြစ်နိုင်ရင် ရွေးချယ်ထား သောသူများကိုပင် လှည့်ဖျားမယ်လို့ ဆိုထားပါတယ်။ ဒါပေမဲ့ မဖြစ်နိုင်ပါဘူး။ အကြောင်းမှာ ဘုရားသခင်က တော့ကမ္ဘာလောကကြီး မစတင်မီကပင် ရွေးချယ်ခန့်ထားပြီးသား ဖြစ်ပါတယ်။ သခင်ယေရှု ကတော့ သိုးသူငယ်တော်မြတ်ဖြစ်ပြီး အသေသတ်ခြင်းကို ခံရပါတယ်။ ကမ္ဘာဦးအစကတည်းက ဖြစ်ပါတယ်။ ဘုရားသခင်က သူ့ရဲ့ စိတ်ကူးစိတ်သန်းကို အကောင်အထည်ဖေါ် တဲ့အခါမှာ သူကနှုတ်ကပတ်တော်အားဖြင့် ပြောဆိုပါတယ်။ အဲဒီ နှုတ်ကပတ်တော်က ဘယ်တော့မှ မပြောင်းလဲပါဘူး။ ဘယ်တော့မှ လမ်းလွဲသွားမှာလည်း မဟုတ်ပါဘူး။ ဘာကြောင့် လဲဆိုတော့ ကိုယ်တော်ရှင်ဟာ အကန့်အသတ်မဲ့ ဖြစ်ပါတယ်။ သူ့ရဲ့ နှုတ်ကပတ်တော်များကလည်း ဖြစ်ကိုဖြစ်လာမှ ဖြစ်ပါတယ်။

11 ၁၁။ ယနေ့ည ကျွန်တော်တို့ ထိုင်နေတဲ့ ဒီကမ္ဘာလောကကြီးက ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ဖေါ်ပြခြင်းဘဲ ဖြစ်ပါတယ်။ ကမ္ဘာလောကကြီးကို အရာဝတ္ထုများဖြင့် ဘောင်ခတ်ထားပြီးတော့ မပေါ်ထွက်လာဘူးတဲ့ အရာများအားဖြင့်ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင် မိန့်တော်မူချက်ကတော့ ဖြစ်စေလို့ မိန့်တော်မူ ခြင်းဖြစ်ပါတယ်။ ထိုအခါမှာ ဖြစ်ပေါ်လာပါတယ်။ ဘုရားသခင်က အနာရောဂါ ခံစားရတဲ့ ဝေဒနာဒုက္ခသည်ကို အနာရောဂါငြိမ်းစေ ဘို့အတွက် မည်မျှလွယ်ကူပါသလဲ? ဖန်ဆင်းခြင်းကိုလည်း နှုတ်ကပတ်တော်အားဖြင့်သာ သူကပြောဆိုပြီး ဖန်ဆင်းခဲ့ပါတယ်။ ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ် တော်ကိုကြည့်ပါ။ ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ်တော် ဘာလဲဆိုတာကို ကျွန်တော်တို့ ယုံကြည်ခြင်းအားဖြင့်သာ ကြည့်နိုင်ပါ တယ်။ ကျွန်တော်တို့ဟာ လောကအရာများနဲ့ ပေါင်းစပ်ပြီးတော့ အရမ်းဘဲလောကဆန်ကြပါတယ်။ ကျွန်တော်တို့ ရဲ့စိတ်နှလုံးတွေ ထဲမှာလည်း လောကအရာတွေအားလုံးက ခံတပ်ကြီးများသဖွယ်နေရာယူထားပါတယ်။ ကျွန်တော်တို့မှာ လုပ်ဆောင်ရမဲ့အရာတွေ များများစွာရှိပါတယ်။ ထိုအရာပြီးရင် ထိုအရာစသည်ဖြင့် ကျွန်တော်တို့ကို နေရာယူထား ပါတယ်။ အရာခပ်သိမ်းအားလုံးကို ကိုယ်တော်ရှင်က လိမ်ကွေ့ကောက်သွားအောင်ကိုလုပ်ထားပါတယ်။ အရာခပ်သိမ်းကို ကိုင်လှုပ်ခြင်းအားဖြင့် လုပ်နိုင်မယ်ဆိုရင် သင်နားလည်နိုင်မှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ ဘုရားဖြစ်တယ်ဆိုတာကို သိရှိပြီး ပြန်လာမယ်၊ ပြန်ပြီးတော့ သူ့ရဲ့နှုတ်ကပတ်တော်တွေကို လက်ခံမယ်ဆိုရင် ဘယ်သောအခါမှ ဆုံးရှုံးမှာ မဟုတ်ပါဘူး။ ကိုယ်တော်ရှင်ကတော့ ဘုရားဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ အခုအချိန်မှာ တစ်မျိုးပြောပြီး နောက်တစ်ချိန် မှာ နောက်ထပ်တစ်မျိုး မပြောနိုင်ပါဘူး။ သူ့ရဲ့ ပထမဆုံး ဆုံးဖြတ်ချက်အတိုင်းဘဲ သူကတိတည်ရမှာ ဖြစ်ပါတယ်။ အဲဒါမှ သူက ဘုရားဖြစ်မှာဖြစ်ပါ တယ်။ သို့မဟုတ်ပါက သူက ဘုရားမဟုတ်တော့ပါဘူး။

12 ၁၂။ ကျွန်တော်တို့ကိုလည်း ကိုယ်တော်ရှင် တစ်ခုတည်းသာ တောင်းဆိုပါတယ်။ တစ်ခုတည်းသော တောင်းဆိုချက်မှာ ကတော့ ယုံကြည်ဘို့အတွက်ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်မိန့်တော်မူတဲ့ သမ္မာတရားကို ယုံကြည်ဘို့အတွက်ဘဲ ဖြစ်ပါတယ်။ ယုံကြမယ်ဆိုရင် အဲဒါတော့ အားလုံး ဖြစ်ပျက်လာဘို့အတွက် သူကမစ မှာဖြစ်ပါတယ်၊ အင်မတန် နှစ်သက်ဖွယ်ကောင်းပါ တယ်။ အရာခပ်သိမ်းကို တစ်ခုပြီးတစ်ခု အဆက်မပြတ် ဖြစ်ပေါ်လာအောင် ကိုယ်တော်ရှင် မျှော်လင့်ပါတယ်။ တစ်ခါတစ်ရံမှာ ယုံကြည်ခြင်း အနည်းငယ်လိုပါတယ်။ အံ့ဖွယ်နိမိတ် လက္ခဏာတွေ မဖြစ်လာပါဘူး။ သို့သော်လည်း သင်က ထိုအရာကို စွဲမြဲစွာ ဆွဲကိုင်မယ် ဆိုရင် သင့်ကိုကယ်ထုတ်လာမှာ ဖြစ်ပါတယ်။ ထိုအရာနှင့်အတူ ရပ်တည်ပါ။ ကိုယ်တော်ရှင် မိန့်တော်မူတဲ့အတိုင်းဘဲ မုန်ညင်းစေ့ကတော့ အစေ့တကာအစေ့ထဲမှာ အသေးငယ်ဆုံးဖြစ်ပါတယ်။ ဒါပေမဲ့လည်း မုန်ညင်းစေ့နဲ့ ကြက်ဆူစေ့ ရောမွေထားလို့ မရပါဘူး။ ကြက်ဆူစေ့ ကိုလည်း ဘာနဲ့မှ မျိုးစပ်ရောမွေလို့ မရပါဘူး။ ပေါင်းစပ်လို့ မရပါဘူး။ သင့်မှာယုံကြည်ခြင်းရှိတယ်ဆိုရင် ယုံကြည်ခြင်း အနည်းငယ်လေးဘဲ ဖြစ်ပါစေ၊ တခြားမယုံကြည် တဲ့အရာပေမဲ့ ပေါင်းစပ်လို့မရပါဘူး။ ဩဝါဒတွေ၊ အသင်းတော်တွေ စသည်တို့နဲ့ ရောစပ်လို့မရပါဘူး။ ဘုရား နဲ့မှန်ကန်စွာ ရပ်တည်ပါ။ မှန်ကန်စွာဘဲနေထိုင်ပါ။ မြူမှုန်တွေကြားမှာ သင့်အားမှန်ကန်တဲ့လမ်းကို ပို့ဆောင် ပေးမှာ ဖြစ်ပါတယ်။ သင့်ကို မှန်ကန်စွာ ရွေးထုတ် သွားမှာဖြစ်ပါတယ်။ ကိုယ့်ယုံကြည်ခြင်းနဲ့ဘဲ ရပ်တည်ပါ။

13 ၁၃။ အခုဆိုရင် စတင်ရမှာ ဖြစ်ပါတယ်။ သမ္မာကျမ်းစာဆိုထားတဲ့အတိုင်းဘဲ ဗျာဒိတ် ကျမ်းထဲမှာ အန္တိခရစ် ကို

နောက်ဆုံးသောနေ့ရက်ကာလမှာ တွေ့ရမှာ ဖြစ်ပါတယ်။ ယခုအခါမှာ အသင်းတော်တွေအားလုံး တစ်လုံး တစ်ဝတည်း ဆုတောင်းနေကြတာကိုကြည့်ပါ။ အန္တိခရစ်က နောက်ဆုံးသောနေ့ရက်ကာလမှာ ဒီကမ္ဘာလော ကကြီးမှာရှိတဲ့လူတွေကို လှည့်ဖျားမှာ ဖြစ်ပါတယ်။ သိုးသူငယ်ရဲ့ အသက်စာရင်းစာစောင်ထဲမှာ စာရင်းမဝင် တဲ့နံမည်တွေအားလုံးကိုလှည့်ဖျားမှာ ဖြစ်ပါတယ်။ သိုးသူငယ်ရဲ့ အသက်စာစောင်ထဲမှာ ဟိုးကမ္ဘာဦးအ စကတည်းကပင် နံမည်စာရင်းဝင်ထားသောသူများ ဖြစ်ပါတယ်။ သင့်ရဲ့နံမည်က ဘယ်အချိန်က အသက်စာ စောင်ထဲမှာ စာရင်းထည့်သွင်းခြင်း ခံရပါသလဲ။ ကမ္ဘာလောကကြီး မစတင်မီကပင် ဒီခေတ်ကာလမှာ သန့်ရှင်း သောဝိညာဉ်တော်ကို လက်ခံရမယ်ဆိုတဲ့အကြောင်းကို သင်က ရွေးချယ်ခြင်းခံရပါတယ်။ ကျွန်တော်ဟာ လေနှင့်အယ်ဒီ ပယ်ရွှန်းနစ်နဲ့ ပေါင်းစည်းခဲ့ဘူးပါတယ်။ ကျွန်တော်ဟာ ငြိမ်းချမ်းတဲ့ဝိညာဉ်တွေ နားခိုရာမှာ ကျောက်ချခဲ့ဘူးပါတယ်။ အဲလိုကျောက်ချခြင်းအားဖြင့် ပယ်လယ်ပြင်ကျယ်ကြီးကို ကျွန်တော်ရွက် လွှင့်စရာ မလိုပါဘူး။ အင်မတန်မှ ကြီးကျယ်တဲ့မုန်တိုင်းတွေ၊ နက်နဲတဲ့အရာတွေမှာ လေပြင်းထန်တာတွေကို ကျွန်တော် ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ သခင်ယေရှု ၌ ကျွန်တော်တို့က အမြဲတမ်း လုံခြုံလျှက်ရှိပါတယ်။

14 ၁၄။ မည်သည့်အရာကမှ ကျွန်တော်တို့ကို မကွဲကွာစေနိုင်ပါ။ ဘုရားသခင်လည်း မလုပ်ပါ။ ကိုယ် တော် ရှင်ရဲ့ နှုတ်ကပတ်တော်အတိုင်းဘဲ ပြန်သွားရမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ အကန့်အသတ်မရှိပါဘူး။ ကိုယ်တော်ရှင်ဟာ သင့်ကို သန့်ရှင်းသော ဝိညာဉ်တော်ပေးပါတယ်။ ဒီနေရာမှာ ကိုယ်တော်ရှင် သင့်ကို လျော့နည်းသွားစေမှာဖြစ်ပါတယ်။ ကိုယ်တော်ရှင် ပြုလုပ်နေသော လုပ်ငန်းများမှာ မည်သို့သော လုပ် ငန်းမျိုးဖြစ်ပါသလဲ။ သင့်ရဲ့အတွေ့အကြုံအရ သင်ဟာ လှည့်ဖျားမခံရပါဘူး။ သန့်ရှင်းသောဝိညာဉ်တော် သင့်အထဲမှာ ရှိပါတယ်။ သို့သော်သမ္မာကျမ်းစာဆိုထားတဲ့အတိုင်း (ဧဖက် ၄း၃၀)မှာ ‘သန့်ရှင်းသောဝိညာဉ် တော်ကို စိတ်မနာစေဘို့ဖြစ်ပါတယ်။ နောက်ထပ်နိုးထမှုတစ်ခု ဖြစ် လာဦးမှာလား။ အဲဒါမှန်ပါသလား။ သင်ဟာ တံဆိပ်ခတ်ခြင်း ခံရတာဟာ ကယ်တင်ခြင်း နေ့ရက်တိုင်အောင် ဖြစ်ပါတယ်။ မည်မျှကြာပါသလဲ။။’ သင် ကယ်တင်ခြင်း နေ့ရက်ကာလ တိုင်အောင် ဖြစ်ပါတယ်။ သင်တို့ဟာ ကားကလေးတစ်စီးကို ယူပြီးတော့ ကားပေါ်မှာ ကုန်ပစ္စည်းတွေတင် ပြီးတော့အား လုံးပြည့်ပြီဆိုရင် ကားတံခါးကို ပိတ်ထားနိုင်ပါတယ်။ ကားကို စစ်ဆေးမဲ့လူ ရောက်လာပါမယ်။ သူကစစ်ဆေးပြီးတော့ တစ်ခုခု လွတ်ကျနိုင်မလား ဘယ်လိုဖြစ်နေသလဲ ဆိုတာကို စစ်ဆေးမှာဖြစ်ပါတယ်။ အဲဒီကားကတော့ ကုန်တင်ကားဖြစ်ပြီးတော့ ကုန်တွေနဲ့ ပြည့်နေပါပြီ။ ဒါပေမဲ့လည်း တစ်ခုခုတစ်နေရာရာမှာ လွတ်နေတယ်ဆိုရင် တစ်ခါပြန်ပြီးတော့ ကုန်တွေကို ထုပ်ပိုးပြီးတော့ ပြင်ဆင်ရပါတယ်။ အဲဒီအတိုင်းဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ တော်တော်များများဟာ သန့်ရှင်းသောဝိညာဉ် တော်ကို မရသေးပါဘူး။ စစ်ဆေးတဲ့ သူရောက်လာတဲ့အခါမှာ လွတ်နေတဲ့နေရာ တော်တော်များများကို သူတွေ့ပါတယ်။ အဲဒါ ကြောင့်မို့ သားကို သူက တံဆိပ်မခတ်သေးပါဘူး။

15 ၁၅။ တနေ့က သီဩော်လော်ဂျီပညာရှင်ကြီးတွေ ကျွန်တော့်ထံ ရောက်လာပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးဆယ်၊ လေးဆယ်ခန့်က သူဘာပြောလဲဆိုတော့ ‘ခင်ဗျားကို ကျွန်တော်မေးချင်ပါတယ်။ အာဗြဟံက ဘုရားသခင်ကို ယုံကြည်ပြီးတော့ သူ့ရဲ့ယုံကြည်ခြင်းကြောင့် သူက ဖြောင့်မတ်ရာကို ရောက်ပါတယ်။ ’အဲဒါ မှန်တယ် ‘ လို့ကျွန်တော်ဖြေပါတယ်။ ’ယုံကြည်ယုံသက်သက်ဖြစ်ပြီး နောက်ထပ် သူက ဘာလုပ်နိုင်မလဲ။ ‘ အဲဒါက ’သူလုပ်နိုင်တာ အကုန်လုံးဘဲ ‘လို့ ကျွန်တော်က ပြန်ဖြေလိုက်ပါတယ်။ သူက ဘာပြောလဲဆိုတော့ ’သန့်ရှင်းသောဝိညာဉ်တော် တံဆိပ်ခတ်ပြီးတော့ ခင်ဗျားဘယ်ကိုသွားသလဲ။ သူဟာ နှစ်ခြင်းဖြစ် တယ်ဆိုတာ ကို သူ့ကိုယ်သူသိပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်နဲ့ ခင်ဗျားဘယ်ကိုသွားသလဲ။ ‘လူ တစ်ယောက်က သူယုံကြည်တယ်ဆိုရင် သူယုံကြည်တဲ့ အချိန်မိနစ်၊ စက္ကန့်အတွင်းမှာဘဲ သန့်ရှင်းသော ဝိညာဉ်တော်ကို ရရှိပါတယ်။’ ကျွန်တော်ပြောတာကတော့ ‘မဟုတ်ဘူး။ ကျမ်းစာနဲ့ ခင်ဗျားက လွဲချော်နေပြီ။ ကျမ်းစာကတော့ ကျမ်းချက်တစ်ချက်နဲ့တစ်ချက် ကိုက်ညီပါတယ်။ တစ်ချက်နဲ့တစ်ချက် ဆန့်ကျင်မှု မရှိပါဘူး။ ပေါလုသူတို့ကို မေးတဲ့မေးခွန်းအတိုင်းဘဲ ဖြစ်ပါတယ်။ သင်ယုံကြည်တာနဲ့ သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိပြီလားလို့ ဆိုပါ တယ်။’ သူကလည်း ‘ကောင်းပြီ ’လို့ဆိုပါတယ်။ ကျွန်တော့်အဖြေကတော့ ‘ယုံကြည်ခြင်းရဲ့ဖခင်ဆိုတာ မှန်ပါတယ်။ ဘုရားသခင်ရဲ့ ဂတိတော်သူ့မှာ ရှိပါတယ်။ ဘုရားသခင်ကိုလည်း သူက ယုံကြည်ပါတယ်။ ဖြောင့် မတ်ခြင်းအတွက် သူ့ကိုလည်း လျာထားပါတယ်။ သို့သော်လည်း နိမိတ်လက္ခဏာအနေနဲ့ သူကအရေဖျား လှီးခြင်းတည်းဟူသော တံဆိပ်ခတ်ခြင်းကို သူခံယူပါတယ်။ သူ့ရဲ့ယုံကြည်ခြင်းအားဖြင့် သူရရှိတဲ့ နိမိတ် လက္ခဏာဘဲ ဖြစ်ပါတယ်။’

16 ၁၆။ အခုအခါမှာ ကိုယ်တော်ရှင်က သင့်ကို သန့်ရှင်းသောဝိညာဉ်တော်နဲ့ တံဆိပ်မခတ်နိုပ်ရသေးပါဘူး။ သင့်ရဲ့ယုံကြည်ခြင်းကို သူ့အထဲမှာသူ လက်မခံရသေးပါဘူး။ သင့်မှာအား နည်းချက်တွေ ရှိနေပါသေးတယ်။ သင်ယုံကြည်ကောင်း ယုံကြည်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း လျော့နည်းနေတဲ့ အားနည်းချက်တွေ ရှိပါတယ်။ အဲဒီလျော့နည်းချက်တွေအားလုံးကို အထုပ်ထုပ်လိုက်တဲ့အခါမှာ အားလုံးတိတိကျကျလုံလုံခြုံ ခြုံရှိသွားတဲ့အ ခါမှာ သန့်ရှင်းသောဝိညာဉ်တော် တံဆိပ်ခတ်နှိပ်ပြီး ကယ်တင်ခြင်း နေ့ရက်တိုင်အောင်တည် မြဲပါတယ်။ သင့်ရဲ့ ယုံကြည်ခြင်းကို လက်ခံကြောင်းဘုရားသခင်က အတည်ပြုခြင်းဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကို သင်က ယုံကြည်တဲ့အကြောင်းကို ဝန်ခံတဲ့အကြောင်းဘဲဖြစ်ပါတယ်။ အာဗြဟံကတော့ ယုံကြည်ခြင်းကို ဝန်ခံပါတယ်။ ဘုရားသခင်ကလည်း ဘာပြောလဲဆိုတော့ ‘နိမိတ်လက္ခဏာကို သင့်ကို ငါပေးမယ်။ ငါရခဲ့တဲ့ နိမိတ်လက္ခဏာ ဘဲ ဖြစ်ပါတယ်။’ သူ့ကိုလည်း နိမိတ်လက္ခဏာအနေနဲ့ ယုံကြည်ခြင်းအားဖြင့် အရေဖျားလှီးခြင်းကို ပေးအပ်ခဲ့ ပါတယ်။ ခရစ်တော်ကို မိမိရဲ့ကယ်တင်ပိုင်ရှင်နှင့် အရှင်သခင်အဖြစ် လက်ခံပြီးတော့ကိုယ် တော်ကို ယုံကြည် လက်ခံတဲ့အခါမှာ သင့်ရဲ့အသက်တာကို လုံးဝသန့်ရှင်းစင်ကြယ်စေအောင် ကိုယ်တော်ရှင် ပြုလုပ်ပေးပါမဲ့ အကြောင်းဆုတောင်းပါ။ ကိုယ်တော်ရှင်ပြန်လာတဲ့အခါမှာ လည်း သန့်ရှင်းသောဝိညာဉ်တော်နဲ့ တံဆိပ်ခတ်ခြင်း နိမိတ်လက္ခဏာကို သင့်အားပေးမှာ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့ သင်ဟာ ကယ်တင်ခြင်းနေ့ရက်တိုင်အောင် တံဆိပ်ခတ်နှိပ်ခြင်း ခံရမှာ ဖြစ်ပါတယ်။

17 ၁၇။ ကျွန်တော်တို့ရဲ့ ကုန်တင်ကား ဥပမာကိုဘဲကြည့်ပါ။ အထုတ်တွေအားလုံးထုတ်ပိုးပြီးတော့ တံခါးတွေ အားလုံးပိတ်ပြီးတဲ့အခါမှာ တံဆိပ်ခတ်နှိပ်ပါတယ်။ သူသွားရမဲ့ လမ်းဆုံးအထိ တံဆိပ်တွေခတ်နှိပ်ထားပါတယ်။ ရထားကုမ္ပဏီတစ်ခုကတော့ အဲဒါနဲ့ပတ်သက်လို့ သင့်ကိုအာမခံချက်ပေးထားပါတယ်။ သင့်ရဲ့ ဘဝအသက်တာ တစ်ခုလုံးအတွက် သင့်ကိုတံဆိပ်ခတ်နှိပ်ထားခြင်းဘဲ ဖြစ်ပါတယ်။

အဲဒီတံဆိပ်ကို ချိုးဖျက်လို့မရပါဘူး။ လမ်းဆုံး တိုင် အောင်တံဆိပ်ခတ်ထားပြီးသား ဖြစ်ပါတယ်။ လူတိုင်းအတွက် တောက်လျှောက်ဖွင့်လို့မရတဲ့ အတွက် အရာမျိုးမဟုတ်ပါဘူး။ ဖွင့်ကြည့်လို့လည်း မရပါဘူး။ စစ်ဆေးကြည့်လို့လည်းမရပါဘူး။ ပြန်ပြီးတော့ ကြည့်လို့ လည်း မရပါဘူး။ တချို့အရာတွေအားလုံး စွန့်ထုတ်ပြီးတော့ လိုအပ်တဲ့အရာတွေကိုလည်း ထပ်ဖြည့်ထည့်လို့ မရပါဘူး။ လုံးဝမရပါဘူး။ ဤအသင်းတော်ကတော့ ဘာပြောမလဲဆိုတော့ အဲဒါကတော့ 'သြဝါဒစကားဘဲ ဖြစ်တယ်။ အဲဒါမကောင်းဘူး။ အဲဒါလုံးဝမကောင်းဘူးလို့ ဆိုပါတယ်။' သင့်ကို ဘုရားသခင်က သန့်ရှင်းသော ဝိညာဉ်တော်ကို ပေးတဲ့အခါမှာ အခြေကျပြီးဖြစ်ပါတယ်။ သင်ရပ်တည် ရမဲ့နေရာကို သင်သိပါတယ်။ ဘာဖြစ်မ လဲဆိုတာကိုလည်း သင်သိပါတယ်။ သင့်ရဲ့ကယ်တင် ခြင်းနေ့ရက်တိုင်အောင် သင့်ကို တံဆိပ်ခတ်နှိပ်ထားပြီး ဖြစ်ပါတယ်။ ဒီလောကဆိုင်ရာခရီး စဉ်ရဲ့အဆုံးဘဲဖြစ်ပါတယ်။ ဘယ်သူ့ကိုဘဲဖြစ်ဖြစ် သင်ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။ယုံကြည်ခြင်းဘဲဖြစ်ပါတယ်။ ဘုရားသခင်ကို ယုံကြည်ပါ။ သန့်ရှင်းသော ဝိညာဉ်တော်တန်ခိုးနဲ့ ရပ်တည်ပါ။

18 ၁၈။ ဒီအပျိုကညာတွေဟာ သန့်ရှင်းသောဝိညာဉ်တော် မရရှိသေးပါဘူး။ သူတို့မှာ ရှိနေတဲ့အရာ တစ်ခုက တော့ သူတို့ရဲ့မီးခွက်တွေထဲက ဆီဘဲဖြစ်ပါတယ်။ အဲဒါမှန်ပါသလား။သမ္မာကျမ်းစာဆိုထားတဲ့အတိုင်းဘဲ ဆီဆိုတာ သန့်ရှင်းသောဝိညာဉ်တော်ကို လက္ခဏာပြပါတယ်။ အဲဒီအကြောင်းကြောင့် ဆီလူးပြီးတော့ ဖျားနာသူတွေကို ဆုတောင်းပေးပါတယ်။ သန့်ရှင်းသောဝိညာဉ်တော် နိမိတ်လက္ခဏာကြောင့်ဘဲဖြစ်တယ်လို့ ဆိုပါတယ်။ သန့်ရှင်း သောဝိညာဉ်တော်က သူတို့အပေါ်မှာ မသက်ရောက်ဘူးဆိုရင် သူတို့မှာ နှုတ်ကပတ်တော် ရှိမှာ မဟုတ်ပါဘူး။ သူရောက်လာတဲ့အခါမှာ သူဘာပြောသလဲဆိုတော့ မီးခွက်ထဲမှာဆီရှိ ဘို့ဘဲဖြစ်တယ်။ သူတို့ဟာ အသင်းတော်ခေတ်ကာလထဲမှာ ယခင်ကတည်းက ရှိနေပါတယ်။ သူတို့ဟာ လူကောင်း တွေလည်း ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူတို့ဟာ ကြယ်အလင်းကို ရရှိထားသူတွေ မဟုတ်ပါဘူး။ ကျွန်တော် ဆိုလိုတာကတော့ ဆီကို သူတို့မီးခွက်ထဲမှာ သူတို့ဆွတ်မ ထားပါဘူး။ မီးဇာတွေကို ဆီနဲ့နှစ်ထားခြင်း မရှိပါဘူး။ အဲဒါကြောင့် မီးဟာငြိမ်းသွားမှာ ဖြစ်ပါတယ်။ အဲဒီမီးဟာ လုံးဝပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။ သူတို့ကိုယ် သူတို့လည်း ခွဲခြားပြီးတော့သီးသန့်နေထိုင်ကြပါတယ်။ 'ပေါလုက သူ့ရဲ့နေ့ရက်ကာလမှာ ဘာပြောသလဲဆို တော့ သူတို့ဟာသူတို့ကျွန်ုပ်တို့နဲ့ ခွဲခွာပြီးနေပါတယ်။ ယုံကြည်ခြင်းမရှိလို့ဘဲ ဖြစ်ပါတယ်။' သူတို့ထံကနေ ဝေးကွာပြီးသွားပါတယ်။ ကျွန်ုပ်တို့နဲ့ သူတို့ဟာ ဝေးကွာသွားပါတယ်။ 'ဘာကြောင့်လဲဆိုတော့ သူတို့ဟာ ကျွန်ုပ်တို့အတွက် မဟုတ်လို့ဘဲဖြစ်ပါတယ်။' ဒါပေမဲ့လည်း ဇဖက်ခေတ်ကာလမှာ ပြန်လည်ပြီး စတင်ပါတယ်။ ဒီနေ့ ဒီခေတ်ကာလအထိဘဲ ဝိညာဉ်တော်ကတော့ သက်ဆင်းပါတယ်။ အလားတူဘဲဖြစ်ပါတယ်။ ဒီခေတ်ကာလမှာရှိတဲ့လူတိုင်း ဘဲဖြစ်ပါတယ်။ သူတို့ထဲမှာ ဖြစ်ပျက်တဲ့အဖြစ်အပျက်ကတော့ ဒီခေတ်ကာလ တောက် လျှောက် ဖြစ်နေပါတယ်။ ကျွန်တော်တို့လည်း ခဏလေးတော့ နက်နဲတဲ့အရာဘက်ကို ရောက်သွားမှာ ဖြစ်ပါ တယ်။

19 ၁၉။ အပျိုကညာတွေ ဘယ်ကိုသွားသလဲဆိုတာကို သတိပြုပါ။ ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်း၊ ငြီး တွားခြင်းတွေ ရှိတဲ့နေရာကို သူမရောက်သွားပါတယ်။ ဒီအကြောင်းကို ပြောပါရစေ။ ကျွန်တော်ရဲ့မိတ်ဆွေ ကောင်း။ ဒီမှာရှိတဲ့အသင်း တော်မှာသာမဟုတ်ပါဘူး။ ကျွန်တော်ဒီကိုရောက်တဲ့အခါမှာ အနာရောဂါငြိမ်းခြင်း အစည်း အဝေးလုပ်ပါတယ်။ လူနာတွေအတွက် ဆုတောင်းပေးပါတယ်။ နောက်ပြီးတော့ တစ်နိုင်ငံ လုံးကို လှည့်ပတ်ပြီးသွားပါတယ်။ ဒီအချိန်မှာတော့ ပြောရမဲ့အရာကတော့ အင်မတန်မှကြာ မြင့်တဲ့အရာကြောင့် ဖြစ်ပါတယ်။ သင့်ရဲ့သြတပ္ပစိတ်ကိုတော့ ခဏချုပ်တည်းထားပါ။ ကျွန်တော်တို့လာချင်ပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ဟာ တစ်ယောက်နှင့်တစ်ယောက်ကလဲ ရိုးရိုးသားသားလည်း ရှိကြပါတယ်။ ဘာကြောင့်လဲဆို တော့ ကျွန်တော်တို့ နောက်ဆုံးသော နေ့ရက်ကာလကိုရောက်နေလို့ဘဲဖြစ်ပါတယ်။ နာဇရင်းအနေနဲ့ ဘုရားဖူး pilgin တွေကတော့ သူတို့ရဲ့သန့်ရှင်းစေခြင်း ကျဆုံး သွားပါတယ်။ ယုဒရှာကာရုတ်ကလည်း ဒီခေတ်ကာလမှာ နေရာတနေရာ သူရရှိပြီးအ သက်ရှင်ကာ အသက်ရှင်ခဲ့ပါတယ်။ ယုဒယုံကြည်တာကတော့ သခင်ယေရှုကို မိမိရဲ့ ကယ်တင်ရှင်အရှင်သခင်ဖြစ်တယ်လို့ယုံကြည်ပါတယ်။ ကိုယ်တော်ရှင်ကို အရှင်သခင်အနေနဲ့ လက်ခံပါ တယ်။ သူကိုယ်သူလည်း သန့်ရှင်းစင်ကြယ်အောင် ဆက်ကပ်ပါတယ်။ ယောဟန် ၁၇း၁၇ မှာ သူ့ကိုယ်သူ သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ပါတယ်။ 'သခင်ယေရှုဘာပြောသလဲဆိုတော့ သမ္မာတရားအားဖြင့် သူတို့ကို သန့်ရှင်းစင်ကြယ်စေပါ။ ကိုယ်တော်ရှင်ရဲ့နှုတ်ကပတ်တော်ဟာသမ္မာတရားဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ နှုတ်ကပတ်တော်ဖြစ်ပါတယ်။' မဿဲ အခန်းကြီး ၁၀ မှာ အနာရောဂါငြိမ်းစေဖို့ လူသေတွေကို ရှင်ပြန်ထမြောက် စေဖို့ နတ်ဆိုးတွေကို မောင်းထုတ်နိုင်ဖို့ သူတို့ကို တန်ခိုးပေးခဲ့ပါတယ်။ သူတို့ဟာနိုင်ငံတ ဝှမ်းလုံးကို သွားပြီး တော့ နေရာအရပ်ရပ်မှာ နတ်ဆိုးတွေကိုမောင်းထုတ်တယ်။ ပြန်လာပြီးတော့ ဝမ်းမြောက်ဝမ်းသာနဲ့ ဘုရားရှင် ကို ချီးမွမ်းပြီးပြန်လာကြပါတယ်။ သခင်ယေရှုသူတို့ကိုဘာပြောသလဲဆိုတော့ 'ဝမ်းမသာနဲ့။ ဘာလို့လဲဆို တော့ နတ်ဆိုးတွေဟာ သင်တို့ရဲ့အမိက ဦးတည်တဲ့အရာဘဲ ဖြစ်ပါတယ်။ အဲဒါတွေအတွက်ဝမ်းမသာနဲ့။ အသက်စာစောင်ထဲမှာ သင်တို့ရဲ့ နာမည်တွေပါနေတဲ့အတွက် ဝမ်းမြောက်ကြပါလို့ဆိုပါတယ်။' ယုဒရှာကာ ရုတ်က သူတို့နဲ့အတူရှိပါတယ်။ ဒါပေမဲ့လည်း သခင်ယေရှုကားတိုင်တင်ခြင်း မခံရမှီတစ်နှစ်ခွဲ အချိန်ခန့်ကဘဲ ဖြစ်ခဲ့ပါတယ်။

20 ၂၀။ ယုဒအတွက် ပင်တေကုတ္တေနေ့ရောက်သောအခါ သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံဘို့ ဖြစ်လာပါတယ်။ အဲဒီအခါမှာ သူ့ရဲ့အရောင်တွေကို ပြလာပါတယ်။ သခင်ယေရှု ကို သူငွေါင်းပယ်တယ်။ ကိုယ်တော်ရှင်ကို သစ္စာဖောက်တဲ့သူတွေ ဖြစ်သွားကြတယ်။ ဝိညာဉ်တော် ဘယ်ကလာသလဲဆိုတာ အတိအကျဘဲ ဖြစ်ပါတယ်။ လူသာဝက်စလီကနေတစ်ဆင့် ထိုအသင်းတော်ကို မြင့်မြတ်တဲ့ သန့်ရှင်းတဲ့အ သက်တာနဲ့အတူ သန့်ရှင်းစေခြင်းဘဲဖြစ်ပါတယ်။ သန့်ရှင်းတယ်၊ မြင့်မြတ်တယ်၊ ကောင်းမွန်တယ်။ အညစ်အ ကြေးကင်းစင်တယ်။ သင်တွေ့သမျှသောသူတွေထဲမှာ အကောင်းဆုံးသော လူဘဲဖြစ်ပါတယ်။ သို့သော်လည်း အခြားသောဘာသာစကားပြောပြီးတော့ သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံမဲ့အချိန်ကိုရောက်လာတဲ့အခါ မှာ နာဇရိလူ၊ လွတ်လပ်သော မက်သဒစ်စသည်တို့က ဘာပြောသလဲဆိုတော့အဲဒါကဆိုရင် နတ်ဆိုး ဆီကလာ တာလို့ဘဲ ပြောပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်ကို သင်က ပြက်ရယ်ပြုပါက သင့်ကိုယ်သင် ထာဝရ ပိတ် ထားမှာ ဖြစ်သကဲ့သို့ ဖြစ်ပါတယ်။ လူသားကို ဆန့်ကျင်ပြောဆိုခြင်းကို ခွင့်လွှတ်မှာ ဖြစ်သော်လည်း သန့်ရှင်းသောဝိညာဉ်တော်ကို ဆန့်ကျင်ပြောဆို၍ ပြစ်မှားခြင်းတို့ကို ဘယ်သောအခါမှ ခွင့်လွှတ်မှာ မဟုတ်ပါဘူး။

21 ၂၁။ တပည့်တော်တွေအားလုံး အခြားသောဘာသာစကားတွေ ပြောပါတယ်။ သခင် ယေရှု ကားတိုင်ပေါ်မှာ အသေခံတယ်။

အခြားသောဘာသာစကားနဲ့ ပြောပါတယ်။ ဒီနေ ရာမှာ ဒီကိစ္စကို မဖြေရှင်းနိုင်ဘူးဆိုရင် သူတို့နဲ့မိတ်ဆွေဖြစ်ဘို့တော့ လိုပါတယ်။ အဲဒါတွေဟာ နတ်ဆိုးတွေဖြစ်မယ်ဆိုရင် ထိုစဉ်ကာလကလည်း နတ်ဆိုးနဲ့ပတ်သက်ခဲ့လို့ဘဲ ဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့ သူတို့ရဲ့အရောင်ကို သူ့ရဲ့အရောင်ကို ပြတယ်လို့ ဆိုပါတယ်။ သတို့သ မီးရောက်လာပါပြီ။ သန့်ရှင်းစင်ကြယ်ပါတယ်။ အသက်တာက လုံးဝအပြစ်ကင်းစင်ပါ တယ်။ အသင်းတော်၊ နာဇရီးအသင်းတော်များက ရှေးကျပါတယ်။ သန့်ရှင်းစင် ကြယ်ခြင်းကို သူတို့တစ်ကယ်ဘဲ ယုံကြည်ပါတယ်။ သူတို့ရဲ့အသက်တာကို လက်ညှိုးထိုးပြီးတော့ အပြစ်ပြောစရာ တစ်ကွက်မှ မရှိပါဘူး။ သူတို့ ဟာ တစ်ကယ်ကို သန့်ရှင်းစင်ကြယ်ပါတယ်။ ကျွန်တော်တို့အားလုံး ထိုကဲ့သို့ အသက်ရှင်နေထိုင်မယ်ဆိုရင် အင်မတန်ကောင်းပါတယ်။

22 ၂၂။ ပင်တေကုတ္တေနေ့မှာဆိုရင် ကျွန်တော်တို့ သင်ခန်းစာတွေ အများကြီးရပါတယ်။ ပင်တေကုတ္တေကို လိုက်တုခြင်းတွေဘဲ ဖြစ်ပါတယ်။ သင်တို့ဟာ ဒေါ်လာငွေကို တွေ့တဲ့အခါမှာ တစ်ကယ်ဘဲစစ်မှန်တဲ့ ဒေါ်လာ ငွေအစစ်ဖြစ်ပါတယ်။ တစ်ကယ်ဘဲ ကောင်းမွန်တဲ့အရာဘဲ ဖြစ်ပါတယ်။ တကယ်သန့်ရှင်းတဲ့ သန့်ရှင်းသော ဝိညာဉ်ဖြစ်ပါတယ်။ အခြားသောဘာ သာစကားတွေကိုပြောတယ်။ အံ့ဖွယ်နိမိတ်လက္ခဏာတွေကို ပြုလုပ်တယ်။ ပင်တေကုတ္တေ ခေတ်ကာလကတည်းက တောက်လျှောက်ဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကြောင့်မို့ လို့ကျွန်တော်တို့မှာ အတုယူတဲ့သူတွေ လိုက်တုတဲ့လူတွေ ရှိတယ်ဆိုတာကျွန်တော်တို့သိရပါတယ်။ မကောင်းတဲ့ အမျိုးသမီး ဆိုးယုတ်တဲ့အမျိုးသမီးရှိရမှာ ဖြစ်ပါတယ်။ တကယ်စစ်မှန်တဲ့ အမျိုးသမီးတွေ ရဲ့အသက်တာဟာ တောက်ပ စေပြီး ဖြစ်ပါတယ်။ ညဖက်မှောင်မဲနေတဲ့ မှောင်မိုက်နေတဲ့ ညရှိရမည်လို မနက်ခင်းအလင်းရောင်ရဲ့ တောက်ပ မှုကို ဖော်ပြနိုင်မှသာ ထိုအမှောင်နဲ့ ကွာခြားမှာ ဖြစ်ပါတယ်။ သင်တို့ဟာ ကျန်းမာရေးကောင်းမွန်ဖို့ရန်အတွက် ဖျားနာဖို့အတွက်တော့လိုပါတယ်။ အဲဒါကတော့ အကောင်းအဆိုးတွေရဲ့ နိယာမတရားတွေဘဲ ဖြစ်ပါတယ်။ အမြဲတမ်း ထိုနည်းအတိုင်းဘဲ ဖြစ်ပါတယ်။ အချိန်ကာလရှိနေသ၍ ထိုကဲ့သို့ဘဲ ဖြစ်နေမှာ ဖြစ်ပါတယ်။

23 ၂၃။ အသင်းတော်ကတော့ ဆက်လက်ပြီးတော့ ချီတက်သွားမှာဖြစ်ပါတယ်။ နောက်ဆုံး သောကာလမှာ သခင်ယေရှုမပြောပေဘူးလား။ မဿဲ ၂၄ မှာဘဲဖြစ်ပါတယ်။ ဝိညာဉ် တော်နှစ်ပါးဟာ တစ်ခုနှင့်တစ်ခုအရမ်းဘဲ နီးစပ်ပြီးတော့ ဘယ်လောက်ထိလှည့်ဖျားမလဲဆိုရင် ရွေးချယ်ထားတဲ့လူတွေကိုတောင် လှည့်ဖျားသွားနိုင်ပါ တယ်။ ကမ္ဘာလောကကြီး မစတင်မှီက ထာဝရအသက်အတွက် ရွေးချယ်ခြင်းခံရတဲ့လူတွေ ထိုထာဝရရတဲ့ လူ တွေကတော့ အဲဒီလိုလှည့်ဖျားခြင်းက နေလွတ်မှာ ဖြစ်ပါတယ်။ ဘုရားသခင်ကတော့ ထာဝရဖြစ်ပါတယ်။ ဘုရားသခင်ကနေပြီးတော့ထွက်ပြေးလွတ်မြောက်ဖို့ မလိုအပ်တော့ပါဘူး။ တည်ရှိဖို့ဘဲ လိုပါတယ်။ သင်ဟာ ဘုရားသခင်ရဲ့တစ်စိတ်တစ်ပိုင်းဘဲဖြစ်ပါတယ်။ သင်ဟာ ဘုရားသခင်ရဲ့သား ဒါမှမဟုတ် သမီးဖြစ်ပါတယ်။ သင့်ရဲ့အသက်တာပြောင်းလဲသွားပါတယ်။ သင်ဟာဘုရားသခင်ရဲ့ တစ်စိတ်တစ်ဒေသဖြစ်ပါတယ်။ သင့်မှာ ထာဝရအသက် ရှိပါတယ်။ အိုးက်ိုယ်တော်ကို ကျွန်ုပ်ချစ်လှပါတယ်။ သင်ကော မချစ်ပေဘူးလား။

24 ၂၄။ ယခုအခါမှာ တစ်စုံတစ်ယောက်သောသူက ကျွန်တော်ကို မေးခွန်းလေးတစ်ခု ထုတ်ပါတယ်။ အဲဒီမေးခွန်းလေးကို ဖြေဖို့အတွက် အချိန်အကြာကြီးမယူတော့ပါဘူး။အဲဒီမေးခွန်းလေးတွေ မေးလိုက်တဲ့အခါ တိုင်း အကောင်းဆုံးဘဲ ဖြေဆိုပါတယ်။ ဒီမေးခွန်းကတော့ အရေးကြီးတဲ့မေးခွန်းဖြစ်ပါတယ်။ အမျိုးသမီးများ သက်သေခံဖို့အတွက် မှားသလားလို့ သိချင်ပါတယ်။ သိချင်းဆိုတာတို့ ဒါမှမဟုတ် အခြားသောဘာသာစကားနဲ့ တရားဟောဒါတို့ သတင်းစကားတွေကို အနက်ဖွင့်တာတို့ ပရောဖက်ပြုတာတို့ အသင်းတော်ထဲမှာ အမျိုးသမီးတွေ လုပ်သင့်သလားဆိုတာဘဲ ဖြစ်ပါတယ်။ လုပ်သင့်ပါတယ်။ အဲဒီလိုလုပ်တာ မမှားပါဘူး။ ဒါပေမဲ့လည်း စည်းကမ်းတကျတော့ ဖြစ်ရပါမယ်။ အသင်းတော်ဆိုတာ စည်းကမ်းတကျဖြစ်ပါတယ်။ တကယ်စစ်မှန်တဲ့ မှန် ကန်တဲ့နည်းနဲ့ လုပ်ဖို့ကတော့ အခြားသောဘာသာစကားပြောတဲ့ သူတွေ သတင်းစကားတွေကို တရားဟော ပလ္လင်ပေါ်မှာ ဟောပြောတာတွေက အဲဒီအချိန်အတွင်းမဟုတ်ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ သန့်ရှင်းသော ဝိညာဉ်တော်က တစ်နေရာကနေပြီးတော့ တနေရာတစ်ချိန်ကနေတစ်ချိန် ပြောင်းလဲပြီးသွား နေပါတယ်။ ပေါလုပြောသလိုဘဲဖြစ်နေပါတယ်။ အမျိုးသမီးတွေကတော့ ပရောဖက်ပြုနိုင်တဲ့အ ခွင့်ရှိပါတယ်။ အခြားသော ဘာသာစကားနဲ့ ပြောဆိုခြင်း အနက်ဖွင့်ဆိုခြင်း ဒါပေမဲ့လည်း တရားဟောခွင့်ကိုတော့ ကန့်သတ်ထားပါတယ်။ သူတို့ကို တော့ တရားဟောဆရာ ဆရာမတွေမဖြစ်စေရပါဘူး။ အသင်းတော်တွေမှာ တရားဟောခွင့်ကိုတော့ တားမြစ်ထားပါတယ်။ ဆရာလုပ်တာတို့ နေရာယူတာတို့ အသင်းတော်မှာ ဘယ်နေရာမှာဘဲ ဖြစ်ဖြစ် ခွင့်မပြုပါဘူး။ ဒါပေမဲ့လည်း ဝိညာဉ်ဆုကျေးဇူးတွေနဲ့ ပတ်သက်လို့ရှိရင် တစ်ခုမဟုတ်ရင်တစ်ခု ပိုင်ဆိုင် န်ိုင်ပါ တယ်။ ဝိညာဉ်ဆုကျေးဇူး ၉ မျိုးထဲမှာ သူတို့ တစ်ခုမဟုတ်တစ်ခု ၁ကော ၁၂ မှာ ဖော်ပြထားပါတယ်။ သူမရဲ့ သတင်းစကားကိုလည်း ချုပ်ချယ်ကန့်သတ်ဖိနှိပ် ထားခြင်း မရှိပါဘူး။

25 ၂၅။ သင်မြင်လိမ့်မည်။ သတင်းစကားတိုင်းသည် အချိန်ကိုစောင့်နေသည်။ အကယ်၍ တစ်ယောက်သောသူ က အခြားသောဘာသာစကားကိုပြောလျှင် အနက်ဖွင့်ပြမည်သူမရှိပါက အနက်ဖွင့်ပြမည့်သူ၏ အချိန်ကို စောင့်နေပါ။ အသင်းတော်မှာ ဟောပြောခြင်းကို အတားအဆီးဖြစ်လိမ့်မည်။ (မှန်ပါသည်။) နေရာယူပါ။ သို့မဟုတ် သွန်သင်စရာ သို့မဟုတ် အသင်းတော်တွင် တခုခုပြဿနာဖြစ်ပေါ်လာလိမ့်မည်။ ဆုကျေးဇူးများ အမျိုးသမီးဆုကျေးဇူးတမျိုး၊ ဝိညာဉ်ဆုကျေးဇူး ၉ မျိုူးသည် ၁ကော ၁၂ တွင် ဖော်ပြထားသည့်အတိုင်း အတားအဆီးမရှိပါ။

26 ၂၆။ နောက်တစ်ခုကျွန်တော်ပြောချင်တဲ့ အကြောင်းအရာကတော့ ဒီမေးခွန်းလေးနဲ့ ပတ်သက်လို့လည်း အချိန်ဖြေကြားခြင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်ခေါင်းစဉ်ကို ဖတ်ပြလိုပါတယ်။ သမ္မာကျမ်းစာတစ်အုပ်ထဲ စ တင်ခြင်းအားဖြင့် ယုံကြည်ခြင်း (၃)ဖြစ်ပေါ်လာခြင်းဝါရှင်တန်မြို့တွင်ဒီဇင်ဘာလ ၂၅ရက်နေ့က ကက်သလစ်၊ ပရိုတက်စတင့်နှင့် ဂျူးကျမ်း စာပညာရှင်များအဖွဲ့လိုက် သမ္မာကျမ်းစာကို ပူးတွဲဘာသာပြန်ဆိုမှု ပြုလုပ်ပါ တယ်။ဒါမှသာ မျော်လင့်စောင့်စားလျက်ရှိတဲ့ ကန်နန်သမ္မာ ကျမ်းစာကို ရရှိမှာဘဲ ဖြစ်ပါတယ်။

27 ၂၇။ တစ်စုံတစ်ယောက်သောသူရှိခဲ့ပါက ညစဉ်ပြန်လာနိုင်ပါတယ်။ ကျွန်တော်တို့စော စောစဘို့ကြိုးစားပါ့ မယ်။ စောစောပြီးနိုင်အောင်လုပ်မှာဖြစ်ပါတယ်။ ကျွန်တော်ဟာ ဒီအကြောင်းအရာကို အဆုံးမသတ်နိုင်ဘူး ဆိုလို့ရှိရင်

နောက်တစ်နေ့မနက်ကျွန်တော်ဆက်ပြီးတော့ ကြေညာပါ့မယ်။ ကျွန်တော်တို့ ၁၉ ရက်အထိမပြီး သေးဘူးဆိုလို့ရှိရင် ၂၀ ရက်နေ့မှာ အခန်းငယ် ၉ ကို လေ့လာမှာ ဖြစ်ပါတယ်။ မနက်ပိုင်း ၁၀ နာရီမှာ ပြန်စပါ့ မယ်။ ဝတ်ပြုကိုးကွယ်ခြင်းပြီးတဲ့အ ချိန်မှာ ခင်ဗျားတို့သိအောင် အချိန်ကိုကြေညာပေးပါ့မယ်။ ကျွန်တော် တို့ဘယ်လိုဆက်လုပ်ရမလဲဆိုတာပြောပါ့မယ်။ မနက် ဖန်နေ့မှာတော့ ဖေဖော်မြို့မှာရှိတဲ့ အသင်းတော်အကြောင်း စတင်ပြောကြားပြီး (၇)ည လုံးလုံး ဇေဖက်အသင်းတော်ခေတ် ကာလ စမုရနမြို့၊ ပေရဂံ၊ သွာတိရ၊ သာဒိနှင့် ဖိလဒေဖိလ၊ လောဒိကိတို့အကြောင်းကို တနင်္ဂနွေနေ့အထိပြောကြားမှာ ဖြစ်ပါ တယ်။

28 ၂၈။ ဤကြီးမားသောကျောက်မြတ်ကျောက်ကောင်းများ လမ်းတစ်လျှောက်လုံးခင်း ထားသည်ကို သိသော အခါ အချိန်ရောက်တဲ့အထိကျွန်တော်တို့ ဆက်လက်ပြီးတော့ ထိမ်းသိမ်းထားဖို့ရန်အတွက် ဖြစ်ပါတယ်။ သူတို့ ထိုနေရာမှာ ရောက်နေတယ်ဆိုတာကို တွေ့မြင်ရတဲ့အခါမှာ ဝိညာဉ်တော်ကတော့ လူတွေကြားမှာ ဝိညာဉ် အစာကို ကျွေးနေပြီးဆိုတာတွေ့ရပါတယ်။ ကျွန်တော်တကယ်ဘဲထခုန်ချင်ပါတယ်။ တကယ်ဘဲလျင်မြန်စွာနဲ့ ခုန်ပေါက်လိုပါတယ်။ သူတို့နဲ့ပတ်သက်တဲ့အကြောင်းအရာကိုလည်း ပြောကြားလိုပါတယ်။ ဒါပေမဲ့လည်း နောက်တုန့်ပြီး သူတို့ရဲ့ခေတ်ကာလမှာ ထားခဲ့ချင်ပါတယ်။ ညဖက်မှာခင်ဗျားတို့မလာဘဲ ပျက်ကွက်သွားမယ် ဆိုလို့ရှိရင် တိတ်ခွေနဲ့အသံဖမ်းထားပါ။ တနည်း နည်းနဲ့လုပ်ထားပါ။ ဘာကြောင့်လဲဆိုတော့ နေရာတိုင်းကို ပျံ့နှံ့ချင်လို့ဘဲ ဖြစ်ပါတယ်။ ကျွန်တော်အဲဒီလိုလုပ်ရတဲ့အကြောင်းကတော့ ဝိညာဉ်တော်က ထိုကဲ့သို့ ခံစားရ လို့ဘဲ ဖြစ်ပါတယ်။ အဲဒီအကြောင်းရင်းနဲ့ဘဲ ကျွန်တော်ပြုလုပ်နေခြင်းဘဲဖြစ်ပါတယ်။ အသင်းတော်ကို ကူညီဖို့ အတွက် အထောက်အကူဖြစ်ဖို့ အတွက်ကျွန်တော်ပြုလုပ်နေခြင်းဘဲဖြစ်ပါတယ်။ ဒီနေ့ရက်ကာလမှာ အချိန်နာရီ ဟာ မကြာခင်ရောက်လာတော့မယ် ကျွန်တော်တို့ဒီလိုအစည်းဝေးပွဲတွေ မလုပ်နိုင်မဲ့အရာတွေ ရောက်လာတော့ မယ်ဆိုတာကျွန်တော်တို့ကြိုတင်သိထားရမှာ ဖြစ်ပါတယ်။ ယခုအချိန်မှာဘဲ ကျွန်တော်တို့ပြုလုပ်ရမှာ ဖြစ်ပါ တယ်။ အချိန်ရတဲ့အချိန်ဘဲ ဖြစ်ပါတယ်။ ဤအကြောင်းအရာနဲ့ပတ်သက်လို့ ဘယ်အချိန်မှာ ရပ်တဲ့ သွားမလဲ ဆိုတာကို ကျွန်တော်တို့မသိကြပါဘူး။

29 ၂၉။ မကြာမီအချိန်မှာဘဲ အသင်းတော်တွေအားလုံး ပေါင်းစည်းကြမှာ ဖြစ်ပါတယ်။ သူတို့ အားလုံး အတူတကွပေါင်းစည်းညီညွတ်ကြမှာဖြစ်ပါတယ်။ အသင်းတော်ဂိုဏ်းပေါင်း စုံအဖွဲ့အစည်းအဖြစ် ခေါင်းဆောင် တင်မြှောက်မှာဖြစ်ပါတယ်။ ယခုလက်ရှိအခြေအနေမှာလည်း ကမ္ဘာ့ကုလသမဂ္ဂအ ဆောက်အဦး ကို ရရှိထားပါတယ်။ အဲဒီထဲမှာ ဂိုဏ်းဂဏပေါင်း စုံပါဝင်နေပါတယ်။ ဒီဂိုဏ်းဂဏတခုခုမှာ သင်ပါဝင်ရမှာ ဖြစ်ပါတယ်။ ဒါမှမဟုတ်ရင် သင်အပြင်ကိုရောက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့အရောင် အသွေးတွေကို ကျွန်တော်တို့ပြရမဲ့ အချိန်ကာလရောက်ရမဲ့အချိန်ဖြစ်ပါတယ်။ သေချာပေါက်ကျွန်တော်တို့သိပြီး ကျွန်တော်တို့ ခန့်မှန်းခြေလုပ်ရမဲ့အရာမဟုတ်ပါဘူး။ ကိုယ်တော်ရှင်မိန့်တော်မူတယ်ဆိုတာ ကိုသိရမှာ ဖြစ်ပါတယ်။ သင်ဘယ်နေရာမှာ ရပ်တည်နေသလဲဆိုတာကို သိရမှာဖြစ်ပါ တယ်။ အသင်းတော်ငယ်တွေက အမြဲတမ်းဘဲ လူနည်းစုလေးဘဲဖြစ်ပါတယ်။ လူနည်းစု အုပ်စုလေးဘဲဖြစ်ပါတယ်။ အပ်ချည်ကြိုးလေး တစ်မျှင်ဖြစ်ပါတယ်။ သမ္မာကျမ်းစာကို ပတ် စည်းထားတဲ့ ကြိုးအနီလေး ဖြစ်ပါတယ်။ အဲဒါကတော့ အမြဲတမ်းဘဲ အသင်းတော်ဖြစ်ပါ တယ်။ ကျွန်တော်တို့အမြဲတမ်းသတိရဖို့ လိုပါတယ်။

30 ၃၀။ ကျွန်တော်တို့ဆက်ပြီးတော့မဖတ်ခင်မှာ အနည်းငယ်ပြောချင်ပါတယ်။ ဒီနေ့မနက် သခင်ယေရှုခရစ်ရဲ့ ဗျာဒိတ်ကျမ်းမှာ ပါတဲ့အဓိကဘုရားသခင်၊ သခင်ယေရှု ဘုရားသခင် ဘယ်လိုဖော်ပြထားသလဲ။ တ ကယ့်ကြီးမြတ်တဲ့ဘုရားသခင်အကြောင်းကို သိရပါတယ်။ 'ငါသည်ငါဖြစ်၏ ' ဟုဆိုထားခြင်းဘဲ ဖြစ်ပါတယ်။ 'ငါသည်ငါဖြစ်ခဲ့သည်။' ငါဖြစ်မည် လို့ဆိုလိုထားခြင်းမဟုတ်ပါဘူး။ အမြဲတမ်းဘဲငါပင်ငါဖြစ်၏ဖြစ်ပါတယ်။ ဒီပ ထမဆုံးဗျာဒိတ်ကျမ်းရဲ့အခန်းကြီးမှာ ဘာတွေ့ရသလဲဆိုတော့ သခင်ယေရှုရဲ့ဗျာဒိတ်ဖွင့်ဆိုချက်ဘဲ ဖြစ်ပါ တယ်။ ပထမဦးဆုံးအနေနဲ့ ကိုယ်တော်ရှင်ကိုယ်တိုင်မိမိကိုယ်ကိုဖွင့်ပြပါတယ်။ ကောင်းကင်ဘုံ၏ ဘုရားဖြစ် ပါတယ်။ (၃)ပါးပေါင်းတစ်ဆူရဲ့ဘုရားမဟုတ်ပါဘူး။တစ်ပါးတည်းသောဘုရားဖြစ်ပါတယ်။ ဘုရားတစ်ပါးတည်း ရှိပါတယ်။ သူကိုယ်သူထိုနည်းအတိုင်းဘဲ ဖော်ပြပါတယ်။ ပထမဦးဆုံးဖော်ပြထားတဲ့ ဗျာဒိတ်ဘဲဖြစ်ပါတယ်။ (၄)ခေါက်လောက်အဲဒီအကြောင်းကို ဖော်ပြထားပါတယ်။ ပထမဦးဆုံးအခန်းကြီးမှာ ဖော်ပြထား ခြင်းဘဲဖြစ် ပါတယ်။ အမှားတွေမရှိပါဘူး။ သင်သိရမဲ့ပထမဦးအချက်ကတော့ ကိုယ်တော် ရှင်က ပရောဖက်မဟုတ်ပါဘူး။ သူဟာဘုရားအငယ်လည်း မဟုတ်ပါဘူး။ သူဟာ ဒုတိယဘုရားလည်း မဟုတ်ပါဘူး။ သူဟာဘုရားဘဲဖြစ်ပါ တယ်။ ကိုယ်တော်ရှင်ဟာဘုရားဖြစ်ပါတယ်။ ထိုကြောင့်ဗျာဒိတ်ကျမ်းထွက်လာခြင်းဘဲဖြစ်ပါတယ်။ ကျွန်တော် တို့ဒီညဆက်ပြီးတော့ ဒီအကြောင်းအရာပတ်သက်ပြီးလေ့လာမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရှိခြင်းရဲ့ (၇)ချက် ကို ကျွန်တော်တို့လေ့လာကြမှာ ဖြစ်ပါတယ်။

31 ၃၁။ ဘုရားရှင် ကိုယ်တော်ကျွန်တော်ဒီညဘုရားသခင်ရဲ့နှုတ်ကပတ်တော်တွေကို သွန်သင်ပေးပါစေ။ ကျွန် တော်တို့ဟာသမိုင်းကြောင်းအရ လေ့လာထားပါတယ်။ ဒါပေမဲ့လည်းတရားဟောပလ္လင်မှာ ဝိညာဉ်ခွန်အား အပြည့်နဲ့ဟောတဲ့အထိ စောင့်မျှော်ကြပါ။ ကောင်းကင်ဆိုင်ရာနေရာတွေမှာ သခင်ယေရှုထိုင်နေတယ်ဆိုတာ ကျွန်တော်တို့သိရပါတယ်။ သင့် ရဲ့ဝိညာဉ်၊ သင်ရဲ့တစ်စိတ်တစ်ပိုင်း သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော မီးလျှာ အဲဒါတွေဟာ တစ်ခုပြီးတခုသင့်အပေါ်မှာ သက်ရောက်ပါတယ်။ ဘုရားသခင်၏ကိုယ်ခန္ဓာ တစ်ခုလုံး မီးလျှံမီးတောက်ကဲ့သို့ရှိနေခြင်းဘဲဖြစ်ပါတယ်။ ဒါကြောင့် ဗျာဒိတ်တော်များ တစ်ခုပြီးတစ်ခုရှိနေပါတယ်။

32 ၃၂။ ကျွန်တော်တို့ပြောနေတဲ့အကြောင်းအရာများနဲ့ပတ်သက်၍ မေးခွန်းတခုကျွန်တော်ကိုမေးကြပါတယ်။ 'အမျိုးသမီးတွေလည်း ထိုကဲ့သို့အကြောင်းအရာတွေမှာ ပါဝင်ပတ်သက်လို့ လုပ်ဆောင်နိုင်သလားဆိုတာဘဲ ဖြစ်ပါတယ်။' အသင်းတော်စတင်ကတည်းက ရှုပ်ထွေးမှုကို စပြခဲ့ပါတယ်။ တရားဟောပလ္လင်မှာ မည်သူရှိရ မယ်ဆိုတာကို ပရိသတ်အနေနဲ့ အစကတည်းက ရှင်းရှင်းလင်းလင်းနားလည်ဖို့ လိုပါတယ်။ သို့သော်လည်း ဘုရား ပရိသတ်ရဲ့ဘုရားဖြစ်ပါတယ်။ကိုယ်တော်ရှင်လုပ်ဆောင်သမျှဟာလည်း လူများနဲ့ဘဲဆိုင်ပါတယ်။ သူဝင်ရောက်ကိုးကွယ်နိုင်တဲ့ နှလုံးသားတိုင်းမှာလည်း သူဝင်ရောက်ကိုးကွယ်နေထိုင်ပါတယ်။ ဒီဆုကျေးဇူးတွေ ခံရတဲ့လူတွေကို

သူရှာဖွေတွေ့ရှိပြီးတော့ သူတို့အကြားမှာ ဆက်လက်လှုပ်ရှားသွားလာပါတယ်။ နတ်ဆိုးဟာ သူတို့အပေါ်မှာ တစ် စုံတစ်ခုသောအရာတခုကို
ဖမ်းမိမသွားဘူးဆိုလို့ရှိရင် သူကထွက်လာပြီးတော့ တိုက်ခိုက်မှု တခုကို ကြီးကြီးမားမားစတင်ပါတယ်။
နောက်ပြီးတော့လူတွေထွက်ပြေးတိမ်းရှောင်သွား ရပါတယ်။ ‘ပေါလုပြောသကဲ့သို့ဘဲ ကျွန်တော်တို့အားလုံး အတူတကွစုရုံးပြီးတော့ အခြား
သောဘာသာစကားပြောတယ်။ အဲဒီအခါမှာ မသိနားမလည်တဲ့အရာတွေ ဝင်ရောက်လာပြီးတော့ သူတို့ကဘာပြောမလဲဆိုတော့ မိုက်မဲတဲ့အရာ
ကြောင်နေတာဘဲဆိုပြီးတော့ မသိနားမလည်တဲ့သူတွေက ပြောမှာဖြစ်ပါတယ်။’ တစုံတစ်ယောက်သော သူကအခြားသောဘာ
သာစကားကိုပြောတယ်။ တစ်ယောက်အထဲကနေတစ်ယောက် တစ်ခုပြီးတစ်ခု ပြောတယ်။ အားလုံးကိုပြောတယ်။ ဒါပေမဲ့လည်း
ဘာမှအကြောင်းမထူးဘူး။ အဲဒါနဲ့ပတ်သက်လို့ သူက ဘာပြောသလဲဆိုတော့ ‘တစ်ယောက်သော သူကပရောဖက်ပြုပြီးတော့ နှလုံးသားထဲက
လျှို့ဝှက်ထားတဲ့ အရာတွေကို ဖော်ပြမယ်ဆိုလို့ရှိရင် သူတို့ဟာ ဘုရားသခင် သင်နဲ့အတူ တကယ်ရှိတယ်ဆိုတာလို့ပြောကြမှာ ဖြစ်ပါတယ်။’
တစုံတစ်ယောက်သော သူကအခြားသော ဘာသာစကားကိုပြောတယ်။ ဗျာဒိတ်တော်အားဖြင့် ဖွင့်ပြတယ်။ အနက်အဓိပ္ပါယ်တွေကိုလည်း
ပြောဆိုတယ်။ အသင်းတော်မှာ တည်ဆောက်စရာဖြစ်စေ တယ်ဆို လို့ရှိရင် အသင်းတော်တခုလုံး ထိုအရာအားဖြင့်
ကောင်းကြီးမင်္ဂလာခံရပါတယ်။ အသင်းတော်တခုလုံး ပညာပေးခြင်းခံရပါတယ်။ တစ်စုံတခုသောအရာအားဖြင့်တော့ စကားပြောတာဘဲ
ဖြစ်မှာပါ။ ဘုရားသခင်က အခြားသောဘာသာ စကားနဲ့ပြောဆိုတယ်လို့ဘဲ ကျွန်တော်တို့သိရပါတယ်။ တစုံတစ်ယောက်သောသူ ကိုသူ
ကပြန်ပေးမယ်။ အခြားသောသူတစ်ယောက်ကလည်း အနက်အဓိပ္ပါယ်ကိုဖွင့်ဆိုမှာ ဖြစ်ပါတယ်။ ဘာတွေဖြစ် ပျက်မလဲ ဆိုတာပြောဆိုမှာ
ဖြစ်ပါတယ်။ ကျမ်းစာထဲမှာ ဖော်ပြထားတဲ့ အတိုင်းဘဲ အတိအကျဘဲ ဖြစ်ပါတယ်။ သင်တို့အထဲမှာ ဝိညာဉ်တော်ကျိန်းဝပ်တယ်ဆိုတာကို
အဲဒီနည်းအားဖြင့်သိနိုင်ပါတယ်။ အဲဒီလိုရရှိဖို့အတွက် ကျွန်တော်တို့ကြိုးစားကြစို့ မိတ်ဆွေများ။ အဲဒီဝိညာဉ်မီးကို ဆက် လက်ပြီးတော့
တောက်လောင်ပါစေ။

33 ၃၃။ ယခုအခါမှာ ကျွန်တော်တို့သမ္မာကျမ်းစာတော်မြတ်ကို ဖွင့်မဖတ်မီ ကျွန်တော်တို့အချိန်အနည်းငယ် ယူပြီးဆုတောင်းကြပါစို့။
ကြီးမြတ်တော်မူသောဘုရားသခင်ဟာ သခင်ယေရှုကိုသေခြင်းမှပြန်ရှင်ထမြောက် စေပြီး မိမိကိုယ့်မိမိ နှစ်ပေါင်းနှစ်ထောင်ခန့်
မမှားယွင်းတဲ့ကောင်းကင်ဘုံရှင်အဖဘုရားကို ဖော်ပြထားပါတယ်။ အဲဒီအတွက် ကိုယ်တော်ရှင်ကို ကျေးဇူးတော်ကိုချီးမွမ်းပါတယ်။
ကိုယ်တော်ရှင်နေ့စဉ်နှင့်အမျှ ကျွန်တော်တို့နှင့် အတူ ကျိန်းဝပ်တော်မူတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။
ဤကဲ့သို့သောရှုပ်ထွေးသောကာလမှာ ဒီကမ္ဘာ လောကကြီးဟာ ကိုယ်တော်ရှင်ကို ဘာလုပ်ရလဲဆိုတာမသိတဲ့အခါမှာ ကျွန်တော်တို့အရမ်းဘဲ
ကိုယ်တော် ရှင်ကို သိကျွမ်းခွင့်ရတဲ့အတွက် ပျော်ရွှင်ကြပါတယ်။ မြေကြီးပေါ်မှာသူတို့ကအပေါက်တွေကို ဖောက်နေပါတယ်။ သူတို့ကိုသူတို့
ကွန်ကရစ်တွေနဲ့ အကာအရံတွေနဲ့ အကာအရံလုပ် နေပါတယ်။ သို့သော်လည်း ဘုရားသခင်ကို ပုန်းအောင်းနေလို့မရပါဘူး။
ကိုယ်တော်ရှင်အမျက်တော်တွေကို သူတို့ကာမထားနိုင်ပါဘူး။ ကယ်တင်ခြင်းတခု ဘဲ ရှိပါတယ်။ သခင်ယေရှုဘဲ ဖြစ်ပါတယ်။
နှုတ်ကပတ်တော်ကို လက်ခံတဲ့အခါမှာ ကျွန်တော်တို့အရမ်းဘဲ ဝမ်းမြောက်ပါတယ်။ အသွေးတော်ကို ကျွန်တော်တွေ့ရတဲ့အခါမှာ
သင့်ကိုကျွန်ုပ်ကျော် ဖြတ်သွားမယ်လို့ဆို ထားပါတယ်။ အသွေးတော်အားဖြင့်ကျွန်တော်ကိုကာကွယ်တဲ့အတွက်
အားလုံးအလုံအလောက်ရှိနေတဲ့ အတွက် ကျွန်တော်တို့ ဝမ်းမြောက်ဝမ်းသာဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ သိုးသူငယ်တော်ရဲ့ အသွေးတော်
ယဇ်ပရောဟိတ်အကြီးလည်းဖြစ်ပါတယ်။ ယနေ့ညဘုန်းတော်နဲ့ ရပ်တည်နေပြီး ကျွန်တော်တို့အတွက် ဆု တောင်းအယူခံဝင်ပေးပါတယ်။
ကိုယ်တော်ရှင်ယနေ့ညကျွန်တော်တို့နဲ့အတူရှိတဲ့အတွက် အရမ်းဝမ်းသာပါ တယ်။ ကိုယ်တော်ဟာ ကြီးမြတ်တော်မူတဲ့ဘုရားဖြစ်တယ်။
တကယ်ကြီးမြတ်တဲ့သန့်ရှင်းသော ဝိညာဉ်တော် ကတော့ ကျွန်ုပ်တို့အား အင်မတန်ကြီးမြတ်တဲ့ အရာတွေ ပေးအပ်တဲ့ ဘုရားဘဲဖြစ်ပါတယ်။
တကယ်ကြီးမားတဲ့ အသက်တာကိုပေးအပ်ပါတယ်။ အိုးအဖဘုရားသခင် ဒီလူတွေအားလုံးဒီအိမ်အမိုးအောက်မှာ ရှိနေပါတယ်။
ကျွန်တော်ဒီမှာ စုဝေးပြီးတော့ အသင်းတော်အနေနဲ့ ဒါမှမဟုတ်အသင်းတော်တစ်ပါးအနေနဲ့ ကျွန်တော်တို့အား လုံး ဒီတဲတော်ရဲ့အောက်မှာ
ယေရှုနာမဥ္ဇ စုဝေးကြပါတယ်။ ဘယ်သူရဲ့နာမ အားမကိုးပါဘူး။ သခင်ယေရှုနာမ ကိုဘဲ အားကိုးပါတယ်။ ကိုယ်တော်ရှင်ရဲ့ ကိုယ်ခန္ဓာတော်ကို
အုပ်စိုးနေတဲ့သန့်ရှင်းသောဝိညာဉ်တော် ကိုယ် တော်ကိုထိန်းချုပ်တော်မူပြီးတော့ ယနေ့ညကျွန်တော်တို့ထံရောက်လာပြီးတော့
နှုတ်ကပတ်တော်ကို အနက် ဖွင့်ပြဖို့ မစတော်မူပါ။ နှုတ်ကပတ်တော်ကိုလည်း ဟောပြောနိုင်ဖို့မစတော်မူပါ။ ဆာငတ်နေတဲ့ နှလုံးသား ကိုယ်
တော်ရှင်ကို စောင့်မျှော်နေတဲ့သူတွေဆီကိုလည်း နှုတ်ကပတ်တော်ကိုပေးပါ။ ကိုယ်တော်ရှင်ရဲ့နာမဥ္ဇ ကိုယ် တော်ဘုန်းတော်ထင်ရှားဖို့
ကျွန်တော်တို့ဆုတောင်းပါ တယ်။ အာမင်။ ထိုင်နိုင်ပါပြီ။

34 ၃၄။ သမ္မာကျမ်းစာရှိထားတဲ့သူတွေ အခန်းကြီး ၁ ကို ဖွင့်နိုင်ပါတယ်။ ဗျာဒိတ်ကျမ်း အခန်းကြီး ၁ ဖြစ်ပြီးတော့ အငယ်
၉ကနေစပြီးတော့ ဖတ်နိုင်ပါတယ်။ ခင်ဗျားတို့မှာ ခဲတံတွေစာအုပ်တွေ ရှိမယ်လို့ ယုံကြည်ပါတယ်။ မရှိဘူးဆိုလို့ရှိရင်လည်း
ကျွန်တော်ပေးပါ့မယ်။ ကျွန်တော်နေ့ရက်တွေကိုလည်း ဘယ်နေ့ဘယ်ရက်ဆိုတာ ကိုလည်း ကြိုတင်ပြောပါ့မယ်။ ဒီနေ့မနက်ကတော့
တရားဟောတဲ့ပုံစံမျိုးဘဲ ကျွန်တော်ပြောချင်ပါတယ်။ ဗျာဒိတ်တော်ရဲ့အခြေခံထားခြင်းဘဲ ဖြစ်ပါတယ်။ ခရစ်တော်အားဖြင့် ဘုရားသခင်ကိုဘဲ
ဖော်ပြခြင်းဘဲ ဖြစ်ပါ တယ်။ လူဘယ်ယောက်လောက်ယုံကြည်ပါသလဲ။ ခရစ်တော်ကို ကြည့်ခြင်းအားဖြင့် ဘုရားသခင်ကို တွေ့ရပါ တယ်။
ခရစ်တော်၌ဘုရားသခင် ယေဟောဝါဘုရားရဲ့ ပုံဏ္ဍာန်တော်ပေါ်လွင်ပါတယ်။ ဘုရားသခင်ကို ဘယ်နေ ရာမှာ ဖော်ပြရမှာလဲ။
သူရဲ့အသင်းတော်ထဲမှာ သူရဲ့အသင်းတော်မှာဘဲ ဖြစ်ပါတယ်။ ကျွန်ုပ်တို့အထဲမှာဘဲ ဖြစ်ပါတယ်။ ဝိညာဉ်တော်ကတော့ အလားတူအလုပ်တွေဘဲ
လုပ်နိုင်ပါတယ်။ ဖော်ပြခြင်းများလည်း ရှိပါတယ်။ အဲဒီမေတ္တာ၊ မပြောင်းလဲတဲ့မေတ္တာ၊ မပြောင်းလဲတဲ့ ခွင့်လွှတ်ခြင်းတွေနဲ့ သည်းခံခြင်း၊
ကောင်းမြတ်ခြင်း၊ စိတ် ရှည်ခြင်း၊ ငြိမ်သက်ခြင်း၊ ဂရုဏာအားလုံးဟာ အသင်းတော်ထဲမှာ ခရစ်တော်၌ တည်ရှိနေပါတယ်။ ဒါကို စိတ်ထဲမှာ
မှတ်သားထားပါ။ ဘုရားသခင်ကတော့ ခရစ်တော်ထဲကို သွန်း လောင်းခြင်းခံ ရတဲ့ဘုရားဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ ကိုယ်ခန္ဓာအားဖြင့်
ဘုရားသခင်ရဲ့ ပြည့်စုံခြင်းဘဲ ဖြစ်ပါတယ်။ အသင်းတော်ထဲကိုလည်း ခရစ်တော်ကို သွန်းလောင်းထားပါတယ်။ ဘုရားသခင်က
ကျွန်တော်တို့နှင့် အတူရှိပါတယ်။ ကျွန်တော်တို့အ ထဲမှာ ကျိန်းဝပ်ပါတယ်။ ကျွန်တော်အပေါ်မှာလည်း ရှိပါတယ်။
ဘုရားသခင်ရဲ့ကောင်းမြတ်ခြင်း (၃)မျိုးဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ခြားနားတဲ့အမူအကျင့်များကို ဖော်ပြထားပါတယ်။ ခမည်းတော်၊
သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ဘဲဖြစ်ပါတယ်။

35 ၃၅။ ဗျာဒိတ်ဖော်ပြချက်အရ ကိုယ်တော်ရှင်သည် ဘုရား (၃)ပါးမဟုတ်ပါ။ ဒါမှမဟုတ် အပိုင်း (၃)ပိုင်းအဖြစ် ဖြတ်တောက်ခြင်းခံရတာမဟုတ်ပါ။ ကိုယ်တော်ရှင်သည် ဘုရားတစ်ပါးတည်းသာဖြစ်ပါတယ်။ ဖခင်ပုံစံမျိုး နေ့ရက်များ ကာလကဘဲဖြစ်ပါတယ်။ သားရဲ့ခေတ်ကာလနေ့ရက်များမှာလည်း သူဟာဘုရားဖြစ်ခဲ့ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ ခေတ်ကာလမှာလည်း သူဟာဘုရားဖြစ်ပါတယ်။ အလားတူတူညီသော ဘုရား ဘဲဖြစ်ပါတယ်။ အမျိုးအစားသုံးမျိုး၊ ပုဂ္ဂိုလ် (၃)မျိုး (၃) စား ဒါမှမဟုတ်လို့ရှိရင်လည်း မတူညီသော သူများမဟုတ်ကြပါ။ ကိုယ်တော်ရှင်ဟာ တစ်ပါးတည်းသာဖြစ်ပါတယ်။ ပုဂ္ဂိုလ်တစ်ပါးတည်း သာဖြစ်ပါတယ်။ သူဟာတစ်ပါးတည်းမဟုတ်ဘဲနဲ့ ပုဂ္ဂိုလ်တစ်ဦးတည်းမဖြစ်နိုင်ဘူး။ အချို့ သောသူတို့ကတော့ သူဟာ ပုဂ္ဂိုလ် (၃)ပါးမဟုတ်ပါဘူး။ သို့သော်လည်း လူပုံစံ (၃)မျိုး (၃) စားဖြစ်တယ်လို့ဆိုပါတယ်။ ထိုအရာကိုခွဲထား လို့မရပါ ဘူး။ ကိုယ်တော်ရှင်ဟာ ပုဂ္ဂိုလ်ဖြစ်ခဲ့လို့ရှိရင် သူဟာလူတစ်ဦးဘဲဖြစ်ပါတယ်။ လူတစ်ဦးထဲက နေပြီးတော့ ပုဂ္ဂိုလ်တစ်ဦးသာဖြစ်မှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ ပုဂ္ဂိုလ်တစ်ပါးတည်းပါ။ လူတစ်ပါးတည်းပါ။ မနေ့နဲ့ ယနေ့ အတူတူဘဲဖြစ်ပါတယ်။ အာလဖနှင့် ဩမေဃ ဖြစ်ပါတယ်။ ယခင်ကဖြစ်ခဲ့ သော ကိုယ်တော်သည် ယခု အခါမှာလည်း ဖြစ်နေပါတယ်။ နောင်ကာလမှာလည်းဖြစ်လာအုန်းမှာဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ အား လုံးအတူတူဘဲဖြစ်ပါတယ်။ ကျွန်တော်ကိုယ် တော်ကို ချစ်ခင်မြတ်နိုးပါတယ်။

36 ၃၆။ ကိုယ်တော်ရှင်ရဲ့သဘောသဘာဝကို လေ့လာပါ။ သူရဲ့အသက်တာ၊ သူရဲ့အလုပ်များအားလုံးကို ကြည့်ပါ။ တဲတော်ထဲမှာ ဖော်ပြရမဲ့အရာများဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရဲ့နေ့ရက်ကာလများကကဲ့သို့ ဖြစ်ပါ တယ်။ ဘုရားသခင်သိပါတယ်။ ဒီနေရာသာမကပါဘူး။ ကမ္ဘာတဝှမ်းလုံးမှာလည်း ထိုကဲ့သို့ဖြစ်ပါတယ်။ ထိုကဲ့သို့ ဖြစ်ခြင်းဖြင့် ကျွန်တော် ဝမ်းမြောက်ပါတယ်။ သို့မှသာ ကျွန်တော်တို့ မည်ကဲ့သို့ ရပ်တည်မှာကို ကျွန်တော်တို့ သိ မှာဖြစ်ပါတယ်။ ထိုဝိညာဉ်ကျွန်ုပ်တို့အထဲမှာ ကျိန်းဝပ်ပါတယ်။ ကျွန်ုပ်နဲ့အတူ လှုပ်ရှားနေပါတယ်။ ကိုယ်တော် ရှင် ဒီနေရာမှာရှိတယ်ဆိုတာကိုလည်း ဖေါ်ပြနေပါတယ်။ ကျွန်ုပ်တို့ မဟုတ်ပါဘူး။ ကိုယ်တော်ရှင်ဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ ထိုအရာများကို မပြုလုပ်နိုင်ပါဘူး။ ဘုရားသခင်သာ တတ်နိုင်ပါတယ်။ သိပ္ပံနည်းကျ သိပ္ပံလောက ကမ္ဘာကြီးမှာ ကိုယ်တော်ရှင်ဟာ သူ့ရဲ့ရုပ်ပုံကို ရယူခွင့်ပြုထားပါတယ်။ ကိုယ်တော်ရှင်ဟာ ကျွန်ုပ်တို့နှင့်အတူ ရှိပါတယ်။ ကျွန်ုပ်တို့ထဲမှာ ရှိပါတယ်။ ကျွန်ုပ်တို့ဘေးပတ်လည်မှာ ရှိပါတယ်။ ကျွန်ုပ်တို့အပေါ်မှာ ရှိပါတယ်။ ကျွန်ုပ်တို့အားဖြင့် ကိုယ်တော်ရှင်အမှုပြုပါတယ်။ ကျွန်ုပ်တို့မှထွက်၍ ကျွန်ုပ်တို့ပြင်ပသို့လည်း အမှုပြုပါတယ်။ မည်မျှနှစ်သက်ဘွယ်ကောင်းပါသလဲ။ သူတို့ကတော့ အမြဲတမ်းသီချင်းကလေးတစ်ပုဒ် ဆိုပြကြပါတယ်။ ငါက တော့ မီးတောက်နေတဲ့ ခြုံပုတ်ထဲက မောရှေဖြစ်ပါတယ်။ မောရှေကို မီးတောက်နေတဲ့ ခြုံပုတ်ထဲက ဖေါ်ပြထား တဲ့ ကိုယ်တော်ဘဲဖြစ်ပါတယ်။ ငါဟာအာဗြဟံရဲ့ဘုရားဖြစ်ပါတယ်။ တောက်ပပြီးတော့ မိုးသောက်ကြယ်ဖြစ်ပါ တယ်။ ငါဟာ ရှာရွန်နှင်းဆီဖြစ်ပါတယ်။ ငါဘယ်တော့လာမလဲဆိုတာကို သင်ဘယ်လို ဖေါ်ပြမှာလဲ။ ငါ့ရဲ့ဖခင်ကို သင်သိနိုင်ပါသလား။ သူရဲ့နံမည်ကို ဖေါ်ပြနိုင်ပါသလား။ ငါမည်သူဖြစ်တယ်ဆိုတာကို သင်ပြောပြနိုင်ပါ သလား။ ငါဘယ်က လာသလဲဆိုတာကိုလည်း သင်ပြောပြနိုင်ပါသလား။ ငါ့ရဲ့ခမည်းတော်ကို သင်သိပါ သလား။ သူ့ရဲ့အမည်ကို ပြောပြနိုင်ပါသလား။ ငါ့သည် အာလဖ၊ ဩမေဃ၊ အစနှင့်အဆုံး ဖြစ်ပါတယ်။ ငါသည် ဖန်ဆင်းခြင်း တစ်ခုလုံးဖြစ်တယ်။ သခင်ယေရှုခရစ်သည် နာမတော် မြတ်ဖြစ်ပါတယ်။ အာမင်။

37 ၃၇။ ဗျာဒိတ်ဖေါ်ပြချက်မှာ မည်မျှထူးခြားအံ့ဩဘွယ်ကောင်းပါသလဲ။ ယခု သတိပြုရမည့်အချက်မှာ သီဩြော်လော်ဂျီပညာရှင်များအားဖြင့် ထိုအချက်ကိုရနိုင်မှာမဟုတ်ပါဘူး။ ထိုနည်းအားဖြင့် ရောက်လာခြင်း လည်း မဟုတ်ပါဘူး။ ဗျာဒိတ်ဖေါ်ပြချက်အရ ရောက်လာ ခြင်းဘဲဖြစ်ပါတယ်။ သခင်ယေရှုရဲ့နာမကို အမှီပြုပြီး တော့ ရေဗတ္တိဇံခံနိုင်ပါတယ်။ ဗျာဒိတ်အဖြစ် ဖေါ်ပြနိုင်ပါတယ်။ သခင်ယေရှုနဲ့ ဘုရားသခင်ဟာ တူညီ တဲ့ပုဂ္ဂိုလ်တစ်ပါးဘဲဖြစ်ပါတယ်။ ဗျာဒိတ်တော်အဖြစ်လာနိုင်ပါတယ်။ သမ္မာကျမ်းစာဖော်ပြချက်များကို ဗျာဒိတ် ဖော်ပြချက်အရ ဖော်ပြနိုင်ပါတယ်။ အသင်းတော်တခုလုံးကိုလည်း ဗျာဒိတ်ဖော်ပြချက်အား ဖြင့်တည်ဆောက် ထားပါတယ်။ မဿဲ ၁၇ က ဘာပြောသလဲဆိုတော့ ဤကျောက်ပေါ်မှာ ဝိညာဉ်ရေးရာ ဗျာဒိတ်တော်ဖြစ် ပါတယ်။ ငါအသင်းတော်ငါတည်ဆောက်မည်။ ငရဲတံခါးတွေအားလုံးဒီအသင်းတော်ကို ဆန့်ကျင်ပြီးတော့ ပိတ် ထားကြမည်ဖြစ်ပါတယ်။ မည်သူကိုမဆိုကျွန်တော်စိန်ခေါ်ရဲပါတယ်။ သမ္မာကျမ်းစာမှာဘဲဖြစ်ဖြစ် သမိုင်းကြောင်း မှာဘဲဖြစ်ဖြစ် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ နာမဉ်ဗိ တ္တိဇံခံတာကို တွေ့ရပါသလား။ ကက်သလစ်အသင်းတော်ပြင်ပကနေကြည့်ပြီးတော့ မာတင်လူသာကာလခေတ်ကို ရောက်တဲ့အထိဘဲ ဖြစ်ပါ တယ်။

38 ၃၈။ သေချာနားထောင်ပါ။ အသင်းတော်ခေတ်ကာလကို ရောက်သွားတဲ့အခါမှာ အပြစ်တင်ခွင့် ဆိုးဝါးတဲ့ အရာတခုခုဟာ ပထမဦးဆုံးခေတ်ကာလမှာကတည်းက ရှိနေပါတယ်။ နောက်တစ်ခေတ်ထိ ဆက်ပြီးတော့ ရှိနေပါတယ်။ နောက်ဆုံးခေတ်ကာလရောက်တဲ့အထိ ဆက်လက်ပြီးတော့ တည်ရှိသွားတာရှိပါတယ်။ နောက် ဆုံးသောခေတ်ကာလလုံးဝဘုရားသခင်ကိုဆန့်ကျင်တဲ့ ဘုရားသခင်ကိုသစ္စာ ဖောက်တဲ့ခေတ်ကာလ အဆုံးထိ ကို ဆက်လက်တည်ရှိနေပါတယ်။ အဲဒီမကောင်းတဲ့အရာတွေဟာ အမြဲတမ်းခေတ်ကာလတိုင်း အသင်းတော် ကာလတိုင်းမှာ ဆက်ပြီးတော့ ရှိနေပါတယ်။ ရှိနေတဲ့စနစ်လေးတခု အမြဲတမ်း လည်းအသင်းတော်ကာလ တိုင်းမှာ စတင်ပေါ်ပေါက်လာပါတယ်။ ကမ္ဘာဦးကျမ်းမှာ ဆို လို့ရှိရင် စပျစ်နွယ်ကပင် စတင်ပေါ်ဖွားလာပါတယ်။ အသင်းတော်ခေတ်ကာလရောက်တဲ့အထိ သူကဆက်ပြီးတော့ တွယ်ကပ်နေပါတယ်။ နောက်ဆုံးသောခေတ် ကာမှာ ရောက်တဲ့အထိကိုတွေ့ရပါတယ်။ သမ္မာကျမ်းစာဖော်ပြထားတဲ့အတိုင်းဘဲ အဲဒီကာလမှာ လွတ် မြောက်အောင် နေနိုင်တဲ့လူတွေဟာ ကောင်းကြီးမင်္ဂလာဖြစ်တယ်လို့ဆိုပါတယ်။ ဤကဲ့သို့ မကောင်းမှု အားလုံး ကို ရှောင်ထွက်လွတ်မြောက်သွားတဲ့အရာ ရှောင်ထွက် လွတ်မြောက်သွား သူများကို ဆိုလိုပါတယ်။

39 ၃၉။ ဗျာဒိတ်ကျမ်းကို ကျွန်တော်တို့ပြောဆိုတဲ့အခါမှာ ကိုယ်တော်ရှင်ကို ဗျာဒိတ်ဖော်ပြချက်ကိုပေးဖို့အ တွက် ဆုတောင်းပါ။ ဗျာဒိတ်တော်အားဖြင့်သာ ကျွန်တော်တို့သိရမှာ ဖြစ်ပါတယ်။ ကယ်တင်ခြင်းရတဲ့အခါ မှာလည်း ဗျာဒိတ်တော်အားဖြင့်သာ ရမှာဖြစ်ပါတယ်။ သင့်မှာ အသိပညာရှိပါတယ်။ အသိပညာအားဖြင့် ကယ် တင်ခြင်းမရနိုင်ပါဘူး။ သင့်ကို ဖော်ပြခြင်းသက်သက်သာဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်သာ လူတွေက ဘုရားသခင်သခင်ယေရှုခရစ်ကို ဘုရားလို့ခေါ်ဆိုနိုင်ခြင်းဖြစ်ပါတယ်။ ဝိညာဉ်တော်

မဖော်ပြရင် ဘယ်သူမှမခေါ်ဆိုနိုင်ပါဘူး။ သမ္မာကျမ်းစာထိုကဲ့သို့ဖော်ပြထားပြီးဖြစ်ပါတယ်။ သန့် ရှင်းသောဝိညာဉ်တော်ကို ရရှိမှသာ သခင်ခရစ်တော်ကို ဘုရားသခင်အဖြစ်လက်ခံနိုင်မှာ ဖြစ်ပါတယ်။ သမ္မာကျမ်းစာကဆိုတယ်။ သင်း အုပ်ဆရာကပြောတယ်လို့ဆိုကောင်းဆိုပါလိမ့်မယ်။ မှန်ပါတယ်။ အသင်းတော်ကဆိုထားပါတယ်။ အဲဒါအမှန် ဘဲဖြစ်ပါတယ်။ ဒါပေမဲ့လည်း မိမိကိုယ်ကိုမိမိမသိပါဘူး။ သန့်ရှင်းသောဝိညာဉ်တော်ဖော်ပြတဲ့အခါမှသာ သိ မှာဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်ဟာ သင့်အထဲမှာ ပေါ်ထွက်လာပါတယ်။ သန့်ရှင်းသောဝိညာဉ် မဖော်ပြရင် သခင်ယေရှုကို ဘုရားသခင်အနေနဲ့မည်သူကမှ ခေါ်နိုင်မှာ မဟုတ်ပါဘူး။ အသိပညာအားဖြင့် ဦးနှောက်အားဖြင့်မဟုတ်ပါဘူး။

40 ၄၀။ သမ္မာကျမ်းစာကိုသူတို့မည်ကဲ့သို့ပြုလုပ်မည်နည်း။ သမ္မာကျမ်းစာကို ဘယ်လိုညစ်ထုတ်မည်နည်း။ စ သည်တို့ကို ကျွန်တော်ကြည့်ကြပါစို့။ ယုဒတွေ၊ ကက်သလစ်တွေ၊ ပရိုတက်စတစ်တွေနဲ့ ဆီလျှော်အောင် သူတို့ ဘယ်လိုဆက်လုပ်ကြမှာလဲ။ နေ့နဲ့ညကွာခြားသကဲ့သို့ ကွာခြားမှုရှိနေပါတယ်။ တစ်ယောက်နဲ့တစ် ယောက်မ တူညီမှုတွေကို ဘယ်လိုကျမ်းစာအား ဖြင့်တူညီအောင်ညှိနှိုင်းကြမှာလဲ။ ယုဒတွေကတော့ သူတို့ထက်ပိုတတ် တယ်လို့ထင်ပါတယ်။ ယုဒတွေအတွက် နေ့ရက်ကာလရောက်လာခါနီးပါပြီ။ ဒီခေတ်ကာလကြီးကဲ့သို့ ဘုရား သခင်ကို သစ္စာဖောက်သောအချိန်ကာလ ဘယ်မှာရှာတွေ့နိုင်မှာလဲ။ သို့သော်လည်း ကျွန်တော်တို့ ထိုကဲ့သို့ လွတ်မဲ့အရာကို မတားဆီးနိုင်ပါဘူး။ ကျွန်တော်တို့ပြုလုပ်နိုင်တဲ့အရာကတော့ အလင်းတရားကို ဖော်ပြဖို့ဘဲဖြစ် ပါတယ်။ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ မာတုရအဖြစ် ပေးအပ်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့လက်မခံဘဲ လျှောက်ထွက်ရမှာဖြစ်ပါတယ်။ အဲဒီနည်းတစ်နည်းသာ ကျွန်တော်တို့ပြုလုပ်ရမှာဖြစ်ပါတယ်။ လူတော်တော်များ များက အဲဒါကိုပြုလုပ်ရမှာ ဖြစ်ပါတယ်။ အဲဒီနည်းလမ်းအားဖြင့် သမ္မာကျမ်းစာကို တင်ပြပြီးတော့ သိရှိတဲ့အရာ တွေကို ဖော်ပြရမှာ ဖြစ်ပါတယ်။ ကျွန်တော် သေချာမကြည့်ဘူးဆိုလို့ရှိရင် ကျွန်တော်ဟာမှားယွင်းတဲ့အထဲကို ရောက်သွားမှာဖြစ်ပါတယ်။

41 ၄၁။ ဗျာဒိတ်ကျမ်းစာစောင်တွင် ပထမဦးဆုံးပြောရမည့်အရာမှာ သခင်ယေရှု၏ဗျာဒိတ် တော်စတင်ခြင်း ပင်ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ ဘုရားသခင်ဖြစ်ပါတယ်။ ကြီးမြတ်တော်မူတဲ့ဘုရားသခင်ဖြစ်ပါတယ်။ ကျွန် တော်တို့အားလုံးထိုအကြောင်းအရာတွေကို သိပါတယ်။ ဘယ်နှယ်ယောက်များထိုအကြောင်းကို ယုံကြည်ကြပါ သလဲ။ အာမင်လို့ဆိုပါ။ ပရိသတ်ကလည်း အာမင်လို့ဆိုပါတယ်။ ကိုယ်တော်ရှင်ဟာ ကြီးမြတ်တော်မူတဲ့ ဘုရား သခင် ဖြစ်ပါတယ်။ ကိုယ်တော်ရှင်မှာ နာမည်တခုရှိပါတယ်။ ထိုနာမည်မှာ တခုတည်းသောနာ မည်ဖြစ်ပြီးတော့ ကောင်းကင်အောက်မြေကြီးပေါ်မှာ လူသားတွေကယ်တင်ခြင်းရနိုင်မဲ့ နာမည်ဘဲဖြစ်ပါတယ်။ သခင်ယေရှုခရစ် ဘဲဖြစ်ပါတယ်။ သူတို့ဟာ ကိုယ်တော်ရှင်ကို ရေ ကန်နားမှာ ဘာကြောင့် ကြောက်ကြပါသလဲ။ ကျွန်တော်အနေ နဲ့တော့ မအံ့သြမိပါဘူး။ အဲဒီတုန်းက ဝိညာဉ်ဆိုးတခုက စိမ့်ဝင်လာလို့ဘဲ ဖြစ်ပါတယ်။ စမုရနခေတ်ကာလ ကဖြစ်ပါတယ်။ အမှောင်ခေတ်ကာလရောက်တဲ့အထိ ဆက်လက်ပြီးတော့ စိမ်ဝင်တည်ရှိသွားပါတယ်။ နောက် ဆုံးမှာ ဩဝါဒတခုဖြစ်လာပြီး နောက်ဆုံးသောခေတ်ကာလအထိ ဆက်လက် ရပ်တည်ပေါ်ထွက်လာပါတယ်။ သမိုင်းကိုကြည့်ပါ။ နောက်ပြီးတော့သမ္မာကျမ်းစာကိုလည်း ဆက်လက်လေ့လာဖတ်ရှုပါ။ ဘယ်လိုဖြစ်လာသလဲ။ ဘယ်လိုပေါ်ထွက်လာတာလဲဆိုတာဘဲဖြစ်ပါတယ်။ ဒီတစ်ပတ်လုံး သမ္မာကျမ်းစာကို လေ့လာကြမှာ ဖြစ်ပါ တယ်။

42 ၄၂။ နောက်တခုကတော့ ယောဟန်ကို သခင်ခရစ်တော်က ပေးအပ်ခြင်းဖြစ်ပါတယ်။ ကောင်းကင်တ မန်အားဖြင့် ပေးအပ်ခြင်းဘဲဖြစ်ပါတယ်။ သူ့ရဲ့အသင်းတော်များကို ဖော်ပြဖို့ဘဲ ဖြစ်ပါတယ်။ သူ့ရဲ့လက်ထဲ မှာရှိတဲ့ ကြယ်ခုနစ်လုံးကတော့ အသင်းတော်ခေတ်ကာလအတွက် တမန်တော် ခုနစ်ပါးဘဲဖြစ်ပါတယ်။ အဲဒီသ တင်းစကားကို ရရှိတဲ့လူတိုင်းကတော့ သူတို့လက်ထဲမှာရှိနေမှာ ဖြစ်ပါတယ်။ တကယ်မှန်ကန်တဲ့သတင်း စကားဖြစ်ပြီးတော့ ဟိုးအစကနေစတင်ခဲ့ခြင်းဘဲဖြစ်ပါတယ်။ နက်နဲတဲ့နေရာများကို ကျွန်တော်တို့ရောက်တဲ့ အခါမှာ ဘုရားသခင်ဒီအရာများ ကိုဘယ်လိုလှုပ်ရှားစေသလဲဆိုတာကို အံ့သြဖွယ်တွေ့ရမှာ ဖြစ်ပါတယ်။ သင့်အတွက်အော် ဟစ်စရာဖြစ်ပါတယ်။ ကျွန်တော်ဖတ်ရှုပြီး ဖြစ်ပါတယ်။ နောက်ပြီးတော့အနည်းငယ် ဟို ဖက်ဒီဖက်လျှောက်လှမ်းပြီးတော့ ငိုကြွေးမိပါတယ်။ ရှေ့ကို လျှောက်လိုက် နောက်မှာပြန် ထိုင်လိုက်နဲ့ အဲဒီလို ဘဲ လှည့်ပတ်သွားလာမိပါတယ်။ ကျွန်တော်အရမ်းဝမ်းသာမိပါတယ်။ ဘုရားသခင်က အင်မတန်မှ ဂရုဏာကြီး မားလှပါတယ်။ ဒီခေတ်ကာလမှာ ကျွန်တော်တို့နေထိုင်တဲ့အခါမှာ ကျွန်တော်တို့ ထိုအရာများကို တွေ့မြင်ရပါ တယ်။ သခင်ယေရှုကဲ့သို့ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်မိန့်တော်မူသကဲ့သို့ဘဲ ‘တန်ဖိုးရှိတဲ့ စိန်ကိုရနိုင်ဖို့ အတွက် လူတစ်ဦးကသူ့မှာ ပိုင်ဆိုင်တဲ့အရာအားလုံးကိုရောင်းချခဲ့ပါတယ်။’ ကမ္ဘာလောကကြီးမှာရှိတဲ့ အရာ တွေအားလုံးကို ရောင်းချပြီးတော့ အဲဒီစိန်ကိုရအောင်ဝယ်ပါတယ်။ သင့်ရဲ့ ကျောက်ဆူးကိုချထားပါ။ ဝိ ညာဉ်နဲ့ပတ်သက်တဲ့ ကျောက်ဆူးဖြစ်ပြီးတော့ ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ်အားဖြင့် ဖော်ပြမဲ့အရာများ သာဖြစ်ပါတယ်။

43 ၄၃။ ဖတ်ရှုတဲ့သူတိုင်းမည်သူဘဲဖြစ်ဖြစ် ကောင်းကြီးခံစားရမှာဖြစ်ပါတယ်။ ဒီနေ့မ နက်ကျွန်တော်လိုဘဲ မဖတ်နိုင်ဘူးဆိုလို့ရှိရင် ကြားနာမယ်ဆိုရင်လည်း ကောင်းကြီးခံစားရမှာ ဖြစ်ပါတယ်။ ကောင်းကြီးနဲ့ စတင်ခဲ့ပြီးတော့ တမင်သက်သက်ဘဲ ဖတ်ထားဒါကို နားထောင်ရုံသက်သက်ဘဲ နေတဲ့သူတွေအတွက်ကတော့ ကောင်းကြီးမင်္ဂလာဖြစ်ရုံသာမက ဘဲနဲ့ အဲဒီထဲကိုပေါင်းထည့်ခြင်း၊ နုတ်ယူခြင်း ပြုတဲ့သူတွေအတွက်တော့ အမင်္ဂလာဖြစ်ပါတယ်။ သမ္မာကျမ်းစာကရှင်းရှင်းလင်းလင်းဖော်ပြထားတဲ့အတိုင်းဘဲ သခင်ယေရှုဟာ ကြီး မြတ်တဲ့ဘုရားသခင်ဖြစ်ပြီး အဲဒီအကြောင်းအရာကို ထွက်ပြီးတော့ လျော့နည်းအောင် လုပ်တဲ့လူတွေအ တွက်တော့ ကျိန်ခြင်းခံရမှာ ဖြစ်ပါတယ်။ အဲဒါဟာ ဗျာဒိတ်တော်ဘဲဖြစ်ပါတယ်။ ဗျာဒိတ်တော်ထဲကို ထပ်မံပေါင်းထည့်လို့လည်း မရပါဘူး။ ဘုရားသခင်ဗျာဒိတ် တော်ပြည့်စုံတဲ့ ကျမ်းပိုဒ် canon ကန်နန် (ဟာဇ်ပ ရောဟိတ်) ဘဲဖြစ်ပါတယ်။ဗျာဒိတ်ကျမ်းဟာ ဘုရားသခင်ရဲ့ဗျာဒိတ်ကျမ်းဖြစ်ပါတယ်။ သူ့ရဲ့နောက်ဆုံးစ ကားဖြစ်ပါတယ်။ ဒီနှုတ်ကပတ်တော် ဗျာဒိတ်တော် ဆန့်ကျင်ပြီးပေါ်ထွက်လာတဲ့ အရာတွေကတော့ မိစ္ဆာပ ရောဖက်ပြုခြင်းဘဲဖြစ်ပြီးတော့ ဘုရားသခင်နဲ့မဆိုင်ပါဘူး။ ဗျာဒိတ်ကျမ်းသာလျှင် သမ္မာကျမ်းစာ အစစ်အ မှန်ဖြစ်ပါတယ်။ သမ္မာကျမ်းစာထဲမှာ တခုတည်းတွေ့ရတဲ့စာစောင်ကတော့ ဗျာဒိတ်ကျမ်းစာ စောင်ဖြစ်ပြီးတော့ ခရစ်တော်မိမိကိုယ်ကိုမိမိဖော်ပြထားပါတယ်။ သေချာစဉ်းစားပါ။ ကိုယ်တော်ရှင်ကိုယ်တိုင်မိမိ ကိုယ်ကိုဖော်ပြ ထားတဲ့ တခုတည်းသောစာအုပ်ဖြစ်ပါတယ်။ သူ့ရဲ့ တံဆိပ်တွေကိုလည်းထပ်နှိပ်ထားပါတယ်။ ကောင်းကြီးတွေ လည်း ပေးထားပါတယ်။ ကျိန်ခြင်းကိုလည်း ပေးထားပါတယ်။

လက်ခံရရှိတဲ့သူတွေအတွက်က ကောင်း ကြီးဖြစ်ပြီးတော့ လက်မခံတဲ့လူတွေအတွက်ကတော့ ကျိန်ခြင်းဘဲဖြစ်ပါတယ်။

44 ၄၄။ ပတ်မုကျွန်းကို ကျွန်တော်တို့ရောက်သွားပါတယ်။ အဲဒါကနေကျွန်တော်စတင်ရမှာ ဖြစ်ပါတယ်။ အခန်းငယ် (၉)ဖြစ်ပါတယ်။ ပထမဦးဆုံး ကျွန်တော်ပြောလိုတဲ့အရာကတော့ ဒီပတ်မုကျွန်း ယူပါရုံနဲ့ပတ်သက် လို့ပါဘဲ။ အေဒီခေတ်ကာလကထဲကဖြစ်ပြီးတော့ အေဒီ (၉၅-၉၆)ကြားမှာ ဖြစ်ပါတယ်။ နေရာကတော့ ပတ်မု ကျွန်းကလေးဘဲ ဖြစ်ပါတယ်။ အာရှမိုင်းနားရဲ့ကမ်းခြေ မိုင်(၃၀)အကွာမှာရှိတဲ့ကျွန်းကလေးဘဲဖြစ်ပါတယ်။အနောက်ဖက်ကမ်းခြေမှာဖြစ်ပြီးတော့ ယနေ့ဇဖက်အသင်းတော်နဲ့ ဆန့်ကျင်တဲ့အသင်းတော်မှာလည်း ရှိပါ တယ်။ ဧဂျင်ပင်လယ်ထဲမှာရှိပြီး မယ်ဒီတေးနီးယမ်း မြေထဲပင်လယ်ကနေ တဆင့်သွားလို့ရပါတယ်။ နယ်ခြား ဒေသမယ်ဒီတေးနီးယမ်း ရှိနယ်ခြားဒေသလေးဘဲဖြစ်ပါတယ်။ အဲဒီနေရာကတော့ အဲဒီပတ်မုကျွန်းလေး တည်ရှိတဲ့နေရာလေးဘဲဖြစ်ပါတယ်။ သေချာစဉ်းစားပါ။ ယခုအခါမှာ အဲဒီကျွန်းကလေးဟာ အာရှမိုင်းနား ကမ်းခြေနဲ့ မိုင် (၃၀)ရှိနေတဲ့ဧဂျင်ပင်လယ်ထဲမှာရောက်နေတယ်။ ဇဖက်အသင်းတော်နဲ့ ဆန့်ကျင်ဖက်နေရာ မှာရှိတယ်။ အဲဒီဇဖက်အသင်းတော်ကို ပထမဦးဆုံးသတင်းစကားပို့ဆောင်ပေးပါတယ်။ အဲဒီအချိန်တုန်းက ဇဖက်အသင်းတော်ရဲ့ သင်းအုပ်ဆရာကတော့ ယောဟန်ဘဲ ဖြစ်ပါတယ်။ တနည်းအားဖြင့် အနောက်ဖက် ကိုပြန်လှည့်ကြည့်ပါ။ အနောက်ဖက်ကိုလှည့် ကြည့်တဲ့အခါမှာ အရှေ့ဖက်ဒေသကိုတွေ့ရပြီးတော့ သူဟာ သူရဲ့အသင်းတော်ကို တည့်တည့်ပြန်ကြည့်ရသလိုဖြစ်နေပါတယ်။ သူရောက်နေတဲ့နေရာကနေ တည့်တည့် ပြန်ကြည့်ခြင်းဘဲဖြစ်ပါ တယ်။ ပထမဦးဆုံးသူရဲ့အသင်းတော်ကိုသူက သတင်းစကားပေးပါတယ်။ အဲဒါကတော့ ခေတ်ကာလကို ကိုယ်စားပြုခြင်းဘဲဖြစ်ပါတယ်။ သူတော်စင်ရှင်ယောဟန်ကို ဒီယူပါရုံကို ပေးခြင်းဘဲဖြစ် ပါတယ်။ အဲဒီအချိန်တုန်းက ဇဖက်မြို့ရဲ့သင်းအုပ်ဆရာကတော့ သူတော်စင် တမန်တော်ရှင်ယောဟန် ဘဲဖြစ်ပါတယ်။

45 ၄၅။ ဒီခေတ်ဒီကာလရဲ့အခြေအနေကဘယ်လိုဖြစ်ပါသလဲ။ ဘယ်နေရာကိုရောက်ပြီးတော့ ဘာဖြစ်နေပါသ လဲ။ သမိုင်းကိုပြန်ပြီးတော့ကြည့်မယ်ဆိုလို့ရှိရင် ကျောက်တုံးကျောက်ခဲတွေနဲ့ ပြည့်ဝနေတဲ့ ကျွန်းကလေး ဘဲဖြစ်ပါတယ်။ ကင်းမြီးကောက်တွေ၊ မြွေတွေ၊ ပေါက်သင်ညိုတွေနဲ့ပြည့်ဝတဲ့နေရာဖြစ်ပါတယ်။ အဲဒီမိုင် ၃၀ ပတ်လည်မှာလည်း ကျောက်တွေနဲ့ဘဲ ပြည့်နေပါတယ်။ ယောဟန်တို့ခေတ်က အသုံးပြုခဲ့တဲ့ နေရာဘဲဖြစ် ပါတယ်။ ဘယ်လိုနေရာမျိုးလဲဆိုတော့ ရောမအင်ပါယာကြီးမှာရှိတဲ့ ရောမဧကရစ်မင်းကနေပြီးတော့ တစ် ကျွန်းပို့ထားတဲ့ အကျဉ်းသားတွေနေတဲ့နေရာဘဲဖြစ်ပါတယ်။ အဲဒီအကျဉ်းသားတွေက တကယ်ဆိုးသွမ်းတဲ့ အကျဉ်းသားတွေဖြစ်ပါတယ်။ သူတို့ကိုထောင်ထဲမှာထည့်ထားလို့မရပါဘူး။ အဲဒါကြောင့်မို့လို့ ကျွန်း ကိုပို့ပြီးတော့ အဲဒီကျွန်းပေါ်မှာဘဲ သေစေပါတယ်။ သူတို့ သေတဲ့အထိ အဲဒီကျွန်းပေါ်မှာ နေရတာဖြစ်ပါတယ်။ မေးခွန်းတခုထုတ်ထားပါတယ်။ ယောဟန်အဲဒီနေရာကို အဘယ်ကြောင့်ရောက်နေတာလဲ။ ဘုရားတ ရားကြည်ညိုတယ်။ ဖြောင့်မတ်တဲ့လူတစ်ယောက်ဖြစ်ပါတယ်။ အင်မတန်ကောင်းမွန်တဲ့လူကောင်း အကျင့်စာရ တ္တကောင်းတယ်။ ပြသနာရှာတဲ့လူမဟုတ်ပါဘူး။ ဒါပေမဲ့သူဘာကြောင့်အဲဒီကိုရောက်နေရတာလဲ။ သမ္မာ ကျမ်းစာဖော်ပြထားတဲ့အတိုင်းဘဲ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်နဲ့ သခင်ယေရှုခရစ်အတွက် သက်သေခံခြင်း အတွက်ဘဲ ဖြစ်ပါတယ်။

46 ၄၆။ ဒါကြောင့်မို့လို့ကျွန်တော်တို့အခြေအနေကို သိကြပြီဖြစ်ပါတယ်။ ဧဂျင်ပင်လယ်ထဲမှာရှိတဲ့ ပတ်မုနဲ့ ကျွန်းလေး မိုင် (၃၀) ပတ်လည်ကမ်းခြေရှိတယ်။ အဲဒီမှာ ကျောက်တုံး ကျောက်ခဲတွေနဲ့ ပြည့်နေတဲ့ မိုင် (၃၀) နေရာဖြစ်နေတယ်။ ပေါက်သင်ညိုတွေ ကင်းမြီးကောက်တွေ နောက်ပြီးတော့ တကယ်ဘဲအဲဒီမှာ ထောင်ရှိပါတယ်။ တစ်ကျွန်းပို့ထားတဲ့ ထောင်ဘဲဖြစ်ပါတယ်။ ရိုးရိုးထောင်ထဲမှာ ထားလို့မရတဲ့ အကျဉ်းသားတွေကို အဲဒီနေရာကိုပို့ပါတယ်။ အင်မတန်ကြောက်မက်ဖွယ်ကောင်းတဲ့ အကျဉ်းသားတွေဘဲဖြစ်ပါတယ်။ ပြစ်မှုကျူး လွန်တဲ့သူတွေဘဲဖြစ်ပါတယ်။ သူတို့ကို အဲဒီလိုတကျွန်းပို့ထားတဲ့နေရာဖြစ်ပါ တယ်။ ယခုအခါမှာ သူတော် စင်ဖြစ်တဲ့ ယောဟန်ကို အဲဒီနေရာကိုပို့ထားပါတယ်။ သူကတော့ တပည့်တော်တွေအားလုံးထဲမှာ နောက်ဆုံး တပည့်တော်လေးဘဲဖြစ်ပြီးတော့ သူကတခြားတပြည့်တော် တွေလိုမဟုတ်ဘဲနဲ့ ရိုးရိုးသာမန်သေခြင်းနဲ့ သေ သွားတဲ့ ပုဂ္ဂိုလ်ဘဲ ဖြစ်ပါတယ်။ ယောဟန်က အဲဒီကျွန်းပေါ်မရောက်ခင် သူကိုစုန်းဆိုပြီးတော့ စွတ်ဆွဲခြင်းခံရ ပါတယ်။ (၂၄)နာရီပတ်လုံးပူပြင်းတောက်လောင်လှတဲ့ဆီထဲမှာ ထည့်ပြီးသူကြော်ကြပါ တယ်။ အဲဒီလိုမျိုး ထည့်ပြုတ်တဲ့အခါမှာ ဘုရားသခင်ရဲ့ဝိညာဉ်တော်ကိုတော့ အဲဒီလိုကြော်လို့မရပါဘူး။ ဝိညာဉ်တော်က ကိုယ်တော်တိုင်မီး ဖြစ်ပါတယ်။ (၂၄) နာရီပတ်လုံးဆူပွက်နေတယ်။ ဒီအဆီထဲမှာ ဆူပွက်နေပေမဲ့လည်း ဘာအန္တာရယ်မှမဖြစ်ပါဘူး။ အဲဒီအကြောင်း ကြောင့် ရောမတွေကဘာပြောသလဲဆိုတော့ သူကစုန်းဖြစ်တယ်။ စုန်းဖြစ်တဲ့အတွက်ဒီ အဆီတွေကို ဘာမှမပြောင်းလဲစေဘူး။ အဆီတွေနဲ့ထည့်ပြုတ်လည်း ဘာမှမဖြစ်ဘူးလို့ ပြောပါတယ်။ ဇာတိသဘောနဲ့တွေးကြည့်မယ်ဆိုလို့ရှိရင် အဲဒီလိုဘဲတွေးကြမှာ ဖြစ်ပါတယ်။

47 ၄၇။ ယခုအခါမှာ ကျွန်တော်တို့ဟာ စာဖတ်သူပရိသတ်ကောင်းတွေဖြစ်ပါတယ်။ စိတ်လည်း ပုံမှန်ဖြစ် ပါတယ်။ ဒါပေမဲ့လည်း ဗေဒင်ဆရာတွေဖြစ်တယ်။ ဗေလဇေဗုလဖြစ်တယ်လို့ အပြောခံရပါတယ်။ အဲဒီဝိညာဉ် ဆိုးကြီးက ဘယ်ကလာတာလဲဆိုတာသင်တွေ့ပါသလား။ တကယ်သန့်ရှင်းသောဝိညာဉ် တော်ဘယ်ကလာ သလဲဆိုတာ သင်တွေ့ပါတယ်။ အသင်းတော်ခေတ်ကာလဘဲဖြစ်ပါတယ်။ ၂၄ နာရီ အင်မတန်မှ ဆူပွက်နေ သောအဆီထဲမှာ ထည့်ပြီးပြုတ်ပေမဲ့လည်း ဘာမှမဖြစ်ခဲ့ပါဘူး။ ဘုရားသခင်ဟာ သူကိုဘယ်လိုကာကွယ်ပေး ထားတာလဲ။ သူရဲ့သန့်ရှင်းသောဝိညာဉ်တော်ကို ဘယ်လိုကာကွယ်ပေးထားသလဲဆိုတာကို တွေ့ရပါတယ်။ သူအလုပ်မပြီးသေးတဲ့အတွက်ဘဲဖြစ်ပါတယ်။ သူကို အဲဒီလို ၂ နှစ်လုံးအဲဒီကျွန်းပေါ်မှာ ပို့ထားပါတယ်။ အဲဒီမှာ သူဘာသာ သူတစ်ယောက်ထဲနေရပါတယ်။ အဲဒီအချိန်မှာ ဗျာဒိတ်ကျမ်းကိုရေးသားထားခြင်းဘဲဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ကောင်းကင်တမန်ဖော်ပြတဲ့အတိုင်းဘဲ သူရေးသားပါတယ်။ အဲဒီ ရေးသားပြီးတဲ့အခါမှာ သူဟာ သူအိမ်ကိုပြန်လာခွင့်ရပါတယ်။ ဇဖက်အသင်းတော်ကိုပြန်ကြည့်တယ်။ နောက်ဆုံးမှာသူသေဆုံးသွားတဲ့ အ ထိဖြစ်တယ်။ ဇဖက်မြို့မှာသူကိုသင်္ဂြိုလ်ခဲ့ရပါတယ်။ သူကတော့ တမန်တော်ယောဟန်ဘဲဖြစ်ပါတယ်။

48 ၄၈။ ယခုအခါမှာ ကျွန်တော်တို့စတင်ထားခဲ့တဲ့အကြောင်းအရာတွေကို သိရှိရပြီးဖြစ်ပါတယ်။ ယောဟန်ရဲ့အ

သင်းတော်မှာရှိတဲ့အသင်းတော်ကလေးဖြစ်ပါတယ်။ အင်မတန်မှ နှိမ်စက်ညှင်းပန်းခြင်းခံရတဲ့အချိန်ဖြစ်တယ်။ ယောဟန်ကအခန်းငယ် ၉ ကိုရေးသားပါတယ်။ ငါယောဟန်ကတော့ သင့်ရဲ့ညီအစ်ကိုဘဲဖြစ်ပါတယ်။ ဒုက္ခ ဆင်:ရဲခြင်းခံရတဲ့အခါမှာ အဖော်တစ်ယောက်ဖြစ်ပြီးတော့ နိုင်ငံတော်မှာ သခင်ယေရှုရဲ့ သခင်ယေရှုကို သည်း ခံစောင့်စားခြင်းနဲ့ သည်းခံစောင့်ဆိုင်းနေရတဲ့အခါမှာလည်း ကိုယ်တော်ရှင်နှင့်အတူ ရှိနေပါတယ်။ ယခုအခါမှာ ပတ်မုန်လို့ခေါ်တဲ့ကျွန်းကလေးပေါ်မှာ ဘုရားသခင်နှုတ်ကပတ်တော်နဲ့ ခရစ်တော်အတွက် သက်သေခံခြင်းအတွက်ကြောင့် တကျွန်းသို့ပို့ဆောင်ထားခြင်းကိုခံရသောသူဖြစ်ပါတယ်။ တနည်းအားဖြင့်ဆိုသော သူကဘုရား သခင်ရဲ့နှုတ်ကပတ်တော်ကို ရေးပြီးတော့ သက်သေပြပါတယ်။ ဘုရားသခင်နှုတ်ကပတ်တော်ဖြစ်တယ်။ သခင်ခရစ်တော်ကိုယ်တော်တိုင်ပြန်လာပြီးတော့ သူအားဖြင့်သက်သေခံတယ်။ သူရှိနေတယ်ဆိုတာကို ဖော်ပြခြင်းဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော် သူအထဲမှာ ဖော်ပြခြင်းခံရပါတယ်။ သူဟာ ဘုရားသခင်ရဲ့အစေခံကျွန်ဖြစ်တဲ့အကြောင်းသက်သေပြပါတယ်။ သူတို့ကတော့ အဲဒီအကြောင်းအရာကို ငြင်းပယ်လို့မရပါဘူး။ အဲဒီအတွက်ကြောင့်မို့လို့သူကို စုန်းလို့စွတ်ဆွဲ ကြပါတယ်။ စုန်းဖြစ်တဲ့အတွက်ဘယ်လိုမှ အဆီထဲမှာ ပြုတ်လို့မရဘူး။ ဘယ်လိုမှ အန္တရာယ်မဖြစ်ဘူး။ သူဟာလူတွေကိုစုန်းပညာနဲ့ပြုစားတယ်။ သူတို့ အနာရောဂါမပျောက်ဘူး။ သူကဗေဒင်ဆရာဖြစ်တယ်။ လူဆိုးဖြစ်တယ်။ ဝိညာဉ်ဆိုးဖြစ်တယ်။ နတ်ဆိုးဖြစ်တယ် ဆိုပြီးစသည်ဖြင့် စွတ်ဆွဲပါတယ်။ အဲဒီအကြောင်းတွေကြောင့်သူကို အင်မတန်အန္တရာယ်များတဲ့ အဖွဲ့အစည်း ထဲမှာ ပါဝင်နေတဲ့သူတစ်ယောက်ဖြစ်တယ်။ တကယ့်တကယ်တော့သူတို့စွတ်ဆွဲသလိုမဟုတ်ဘဲနဲ့ သူဟာ ဘုရားသခင်ရဲ့အလိုကိုပြည်စုံအောင်လုပ်ပေးတဲ့သူဖြစ်တယ်။ ဘုရားသခင်ကလည်း ထိုကဲ့သို့သောအခြေအနေ အားလုံးရဲ့အောက်မှာ အကြံအစည်ရှိနေပါ တယ်။

49 ၄၉။ အဲဒီလိုနှိပ်စက်ညှင်းပန်းခြင်းတွေ ဖြစ်နေတဲ့အခါမှာ ကိုယ်တော်ရှင် သူကိုအသုံးမပြုနိုင်ပါဘူး။ ဘာကြောင့်လည်းဆိုတော့သူတော်စင်များရောက်ရှိလာလို့ဘဲဖြစ်ပါတယ်။ ‘အိုးညီအစ်ကိုယောဟန် ဒါနဲ့ပတ်သက်လို့ကျွန်တော်တို့ဘာလုပ်မလဲစသည်ဖြင့်မေးကြပါတယ်။’ ယောဟန်ပရောဖက်ဖြစ်ပါတယ်။ သူအကြောင်းကို ကျွန်တော်တို့သိကြပါတယ်။ ဒါကြောင့်မို့လို့သူတို့က ဒီမေးခွန်းတွေမေးကြခြင်းဘဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဘုရားသခင်က ရောမအင်ပါယာကို ထားခြင်းအားဖြင့် သူကိုရွေးကောက်ပြီးတော့ အဲဒီကျွန်းပေါ်ပို့ ထားခြင်း ဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်မိန့်တော်မူတဲ့အရာကတော့ ‘လာခဲ့ပါယောဟန်မင်းကိုပြစရာရှိတယ်။ ဘာ တွေဖြစ်ပေါ်လာမလဲ။ ဘာတွေဖြစ်ပျက်လာမလဲဆိုတာကို ဖော်ပြမှာဖြစ်ပါတယ်။’ တမန်တော်တွေထဲမှာ နောက်ဆုံးသောတမန်တော်တပါးဖြစ်ပြီးတော့ အဲဒီအကြောင်းအရာနဲ့ပတ်သက်လို့ ရေးသားဖို့ကတော့ တခြားသူတွေ မရေးသားရဘဲနဲ့ ယောဟန်သာရေးသားခွင့်ရပါတယ်။ သူကိုပတ်မုန်ကျွန်းလေးပေါ်မှာ ပို့ထားပါတယ်။ အေဒီ၉၅ ကနေ ၉၆အထိဘဲဖြစ်ပါတယ်။ အဲဒီအခါမှာသူကဒီအရာတွေကို ရေးသားပါတယ်။ ငါဟာ သင်တို့ရဲ့ညီအစ် ကိုဖြစ်တယ်။ နှိမ်စက်ညှင်းပန်းခြင်းခံရတဲ့အခါမှာလည်း အဖော်တစ်ယောက်ဖြစ်တယ်လို့ဆိုထားပါတယ်။ သူကအင်မတန်ကြီးမားတဲ့ဒုက္ခဆင်းရဲခြင်းအကြောင်းကို မပြောပါဘူး။ အဲဒါကတကယ်ကြီးမားတဲ့ ဒုက္ခဆင်း ရဲခြင်းလည်း မဟုတ်ပါဘူး။ အသင်းတော်ပေါ်မှာ ကျရောက်လာမဲ့အရာလည်း မဟုတ်ပါဘူး။ တကယ်ဒုက္ခဆင်း ရဲခြင်းတွေကတော့ ဂျူးတွေအပေါ်မှာ ကျရောက်မှာဖြစ်ပါတယ်။ အသင်းတော်ပေါ်မှာ ကျရောက်ခြင်း မဟုတ်ပါ ဘူး။ အဲဒါကြောင့်မို့ အဲဒါကတော့ ဘေးဒဏ်ကြီးမဟုတ်ပါဘူး။ ဘေးဒဏ်ကြီးကာလ လုံးဝမဟုတ်ပါဘူး။

50 ၅၀။ အခန်းငယ် ၁၀ ကိုကြည့်မယ်ဆိုလို့ရှိရင် သခင်ဘုရားနေ့၌ဝိညာဉ်တော်ကိုခံရ၍ တံပိုးခရာအသံကဲ့သို့ ငါနောက်၌မြည်သောအသံကြီးကို ကြား၏။ သင်သည်ဝိညာဉ်တော်ထဲမှာမရှိရင် ဘာမှမပြုလုပ်နိုင်ပါဘူး။ ဘုရား သင့်ကို အသုံးမပြုနိုင်ပါဘူး။ သင့်ကြိုးစားအားထုတ်မှုအားလုံးဟာလည်း အချည်းနှီးဘဲဖြစ်ပါတယ်။ ပထမဦးဆုံး ဝိညာဉ်တော်၌တည်ဖို့ လိုပါတယ်။ ငါသီချင်းဆိုပါက ဝိညာဉ်တော်၌ဆိုမှာ ဖြစ်ပါတယ်။ ငါဆုတောင်းပါကလည်း ဝိညာဉ်တော်၌ ဆုတောင်းတာဖြစ်တယ်လို့ ပေါလုကဆိုပါတယ်။ သင့်အထဲကို ဘယ်လိုကောင်းမြတ်ခြင်း မျိုး မျိုးဘဲလာလာ၊ သန့်ရှင်းသောဝိညာဉ်တော်ကဖော်ပြခြင်းဘဲဖြစ်ရပါမယ်။ နှုတ်ကပတ်တော်အားဖြင့်အတည်ပြု ပြီးရရှိလာတဲ့ရလဒ်တွေအားဖြင့်လည်း ဖော်ပြထားရမှာ ဖြစ်ပါတယ်။

51 ၅၁။ အခြားသောစကားများကဲ့သို့ဘဲဖြစ်ပါတယ်။ ကျွန်ုပ်ကားသခင်ယေရှုဂတိတော်ကား သူရဲ့နှုတ်ကပတ် တော်ထဲမှာရှိပါတယ်။ ကျွန်တော်တို့နောင်တရပြီးတော့ ဗတ္တိဇံခံဖို့ဘဲလိုပါတယ်။ အဲဒါဆိုလို့ရှိရင် ဝိညာဉ် တော်ရဲ့ဆုကျေးဇူးကိုရရှိမှာဖြစ်ပါတယ်။ ပထမဦးဖြစ်ရမဲ့အရာကတော့ နောင်တရဖို့ပါဘဲ။ အဲဒါမှန်ကန်တယ်ဆို တဲ့အကြောင်းကို ဖော်ပြထားပါတယ်။ သခင်ယေရှုရဲ့နာမ၌ဗတ္တိဇံကိုခံရမှာဖြစ်ပါတယ်။ ရလဒ်ကတော့ သန့်ရှင်း သောဝိညာဉ်တော်ကိုဖိတ်ခေါ်ခြင်းဘဲဖြစ်ပါတယ်။ ကျွန်တော်ကမာမကျန်းဖျားနာနေပါက ကိုယ်တော်ရှင်က ကျွန်တော်ကို ဘာဂတိပေးထားသလဲဆိုတော့ အသင်းတော်မှာရှိတဲ့လူတွေအားလုံးကျွန်တော်ကို ဆီလူးပြီး တော့ ဆုတောင်းပေးမယ်ဆိုလို့ရှိရင် အဲဒီယုံကြည်ခြင်းနဲ့ ဆုတောင်းခြင်းအားဖြင့် ဖျားနာတဲ့လူတွေ အနာ ရောဂါငြိမ်းမယ်လို့ ဆိုထားပါတယ်။ ကိုယ်တော်ရှင်ကျွန်တော်ယုံကြည်ပါတယ်။ ကိုယ်တော်ရှင်ရဲ့ ညွှန်ကြားချက်တွေကိုလည်း ကျွန်တော်လိုက်နာပါတယ်။ ညီအစ်ကိုနေဘေး(စ်)ကအမြဲတမ်းဘဲကျွန်တော်ကိုဆီနှင့်လူးပြီးဆုတောင်းပေးပါတယ်။ အဲဒါတွေအားလုံးကိုဖြေရှင်းပြီးဖြစ်ပါတယ်။ အားလုံးလည်း ပြီးစီးသွားပြီဖြစ် ပါတယ်။ ကျွန်တော်တို့ဆက် လက်ပြီးတော့ လေ့လာကြဖို့လိုပါတယ်။

52 ၅၂။ သင်ဘာမှပြောင်းလဲမှုမရှိဘူးလို့ခံစားရပါသလား။ သခင်ယေရှုကိုကမ္ဘာလောကကြီးမစတည်မှီကတည်း က ဘုရားသခင်ကသူကိုအသေသတ်ပြီးတော့ သူဟာဘုရားသခင်ရဲ့ သိုးသူငယ်တော်ဖြစ်နေပါပြီ။ ဒီကမ္ဘာလော ကကြီးမစတည်မှီကတည်းကိုက အသေသတ်ခြင်းကိုခံရမဲ့ ဘုရားသခင်ရဲ့သိုးသူငယ် တော်ဖြစ်ပါတယ်။ ဘုရား သခင်ရဲ့စိတ်နှလုံးထဲမှာ သူကအမြဲတမ်းလုပ်ဆောင်ခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်ဒီနေရာမှာ မရောက်ခဲ့ဘူးပါဘူး။ ခင်ဗျားတို့လည်း တစ်ယောက်မှမရောက်ခဲ့ဘူးပါဘူး။ ဒါပေမဲ့လည်းဘုရားသခင်ရဲ့စာစောင်စာအုပ်ထဲမှာ ဆိုလို့ရှိ ရင် ကျွန်တော်တို့ရဲ့နာမည်ရှိမယ်ဆိုလို့ရှိရင် အဲဒီနာမည်တွေကို ကမ္ဘာလောကကြီးကို မဖန်ဆင်းခင်ကဘဲ ထည့်သွင်းထားခြင်းဘဲဖြစ်ပါတယ်။ ဘုရားသခင်ကတခုခုကိုပြောမယ်ဆိုလို့ရှိရင် အဲဒီတခုခုဖြစ်လာရမှာဖြစ်ပါ တယ်။ ဘုရားသခင်ကနေ့သတ်ထားတဲ့အရည်အချင်းတွေ သင်မှာပြည်စုံပြီဆိုလို့ရှိရင် ဘုရားသခင်ကသူကို သူဖော်ပြမှာဖြစ်ပါတယ်။

ကျန်တဲ့အရာအားလုံးကိုလည်း တာဝန်ယူမှာဖြစ်ပါတယ်။ သင်ကတော့ လုပ်ပြီးဖြစ်ခဲ့ပြီး တဲ့အရာတွေအားလုံးအတွက် ဆက်လက်ပြီးတော့ လုပ်ဆောင်သွားနိုင်ပါတယ်။ နှစ်သက်ဖွယ်မကောင်း ပေဘူးလား။ ဘုရားသခင်ကို သင်ဆုတောင်းခြင်းနဲ့ပြောန်ိုင်ပါတယ်။ ဘုရားသခင်ကလည်း သင့်ကိုဘာပြောမ လဲဆိုရင် ဒါကိုပြုလုပ်ပါ။ သင်ဒါကိုလုပ်ရင်ငါလည်း ထိုအရာကိုလုပ်မယ်လို့ဆိုပါတယ်။ သင်ထိုအရာကို တကယ်လုပ်ပြီးဆိုရင် ကိုယ်တော်ရှင်ကလည်း ထိုအရာကိုလုပ်မှာဖြစ်ပါတယ်။

53 ၅၃။ သူကဘာပြောသလဲဆိုတော့ သူကနောက်ကျနေတယ်လို့ ပြောပါတယ်။ ဘာမှထွေထွေထူးထူး မပြောင်းလဲပါဘူး။ ဒံယေလကတခါဆုတောင်းပါတယ်။ နောက် ၂၁ ရက် နေ့ကြာတဲ့အခါမှာ ကောင်းကင်တမန် သူထံရောက်လာပါတယ်။ ဒါပေမဲ့လည်း သူစိတ်ဓါတ်မကျပါဘူး။ ဘယ်လိုနည်းနဲ့မဆိုသူရောက်လာမယ်ဆိုတာ ကိုသိနေပါတယ်။ ဒါကြောင့်မို့လို့သူကစောင့်နေပါတယ်။ အဲဒါကတော့ သင်ယုံကြည်ခြင်းရရှိတဲ့အချိန်ဘဲဖြစ် ပါတယ်။

ကျွန်တော်တို့အဲဒါအားလုံးနဲ့ ပတ်သက်ပြီးတော့ ဖယ်ထားရမှာဖြစ်ပါတယ်။ အဲဒါတွေကို ထားလိုက်ပါ။ ကျွန်တော်တို့ယခုအနာရောဂါငြိမ်းခြင်း၊ ဆုတောင်းခြင်းပြုလုပ်လိုပါတယ်။ အဲဒါတွေမကဘဲနဲ့ ဝိညာဉ်ကုသခြင်း များကိုပြုလုပ်လိုပါတယ်။ ဝိညာဉ်အတွင်းပိုင်းကိုလည်း ကုသလိုပါတယ်။ အဲဒါမှသာ ရေရှည်ကြာရှည်ခံ မှာဖြစ်ပါတယ်။ သင်ဟာထာဝရအသက်ရပါတယ်။ ထာဝရအသက်ကတော့ ပျောက်ကွယ်မသွားပါဘူး။ အိုမင်း ရင့်ရော်မသွားပါဘူး။ အမြဲတမ်းတည်မြဲနေပါတယ်။ အမြဲတမ်းမပြောင်းမလဲဘဲ တည်ရှိနေပါတယ်။

54 ၅၄။ ဘာမှမဖြစ်သူကဝိညာဉ်တော်ထဲရောက်သွားပါတယ်။ ပထမဦးဆုံးသူပြုလုပ်တဲ့ အရာဘဲဖြစ်ပါတယ်။ သူဟာပတ်မုန်ကျွန်းပေါ်ရောက်နေပါတယ်။ နောက်ပြီးတော့သူဟာ 'အသံတသံကိုကြားရပါတယ်။' နောက်ပြီး တော့တခြားအရာတွေဖြစ်ပျက်လာပါတယ်။ ဒါပေမဲ့လည်းဘာတခုမှမဖြစ်ပျက်မီ သူကဝိညာဉ်တော် ၌ရှိနေပါ တယ်။ သမ္မာကျမ်းစာထဲမှာ သင်ကြည့်မယ်ဆိုလို့ရှိရင် အင်မတန်ကြီးမားတဲ့စာလုံးတွေနဲ့ရေးထား တဲ့ဝိညာဉ် တော်၊ သန့်ရှင်းသောဝိညာဉ်းတော်ဘဲဖြစ်ပါတယ်။ အာမင်။ သူကဝိညာဉ်တော်ထဲမှာရှိတယ်။ အဲဒါ နှစ်သက်ဖွယ် ကောင်းပါတယ်။ သခင်ဘုရားရဲ့နေ့ရက်မှာ ကျွန်တော်ဟာ ဝိညာဉ်ထဲမှာ ရှိတယ်လို့သူက ဆိုထားပါတယ်။ ဘယ်နေ့မှာလဲ။ သခင်ဘုရားရဲ့နေ့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ကျွန်တော်တို့ကြီးကြီး ကျယ်ကျယ်ဆွေးနွေးရမဲ့ အရာရှိပါတယ်။ ခဏလေးတော့ကျွန်တော်တို့တိတ်တိတ်ဆိတ်ဆိတ် နေကြပါစို့။ ယနေ့မနက်ကျွန်တော် တို့ပြောခဲ့သလိုဘဲ ရှင်မဿဲအခန်းကြီး ၁၇ မှာရှိတဲ့ ဗျာဒိတ်တော်နဲ့ပတ်သက်လို့ ပြောကြားတဲ့အရာကတော့ ရှင်ပေတရုကိုပြောကြားခြင်းဖြစ်ပါတယ်။ ကက်သလိပ်အသင်းတော်က ပြောဆိုခြင်းဘဲ ဖြစ်ပါတယ်။ 'သူရဲ့ အသင်းတော်ကိုသူက ပေတရုအပေါ်မှာ တည်ဆောက်ပြီးတော့ ပေတရုဟာ ပထမဦးဆုံး ပုပ်ရဟန်းမင်းဖြစ် တယ်လို့ဆိုပါတယ်။' သူဘယ်လိုလုပ်ပြီး ပုပ်ရဟန်းမင်းဖြစ်နိုင်မှာလဲ။ သူဟာ ထိမ်းမြားထားတဲ့လူ တစ် ယောက်ဖြစ်ပါတယ်။ 'ပေတရုကရောမမြို့ကိုသွားပါတယ်။ အဲဒီမှာဘဲ သေဆုံးပြီး မြုပ်နှံခြင်းကို ခံရပါတယ်။' သမိုင်းအရဘဲဖြစ်ဖြစ် ဘယ်နေရာမှာ ပေတရုသွားခဲ့ပါသလဲ။ နေရာတနေရာကိုပြောပြပါ။ ပေါလု သွားခဲ့ပါတယ်။ ပေတရုမသွားခဲ့ပါဘူး။

55 ၅၅။ ဤကဲ့သို့စနစ်များရှာဖွေထားတဲ့အခါမှာ တဖြည်းဖြည်းနဲ့ စိပ်ဝင်လာခြင်းသာဖြစ်ပါတယ်။ ဘယ်နေရာမှာ သွားသွားအင်မတန်ကြီးမားတဲ့ အသင်းတော်ကြီးတွေက သူရဲ့လက်ပေါ်မှာ ဒဏ်ချက်ရာရှိတယ် ဆိုတာတွေ့ရ ပါတယ်။ သေသေချာချာသိကြပါတယ်။ သူတို့မှာ သံချက်ရာဘယ်နှယ်ချက်ရှိပါသလဲ။ အတိအကျမမှား မယွင်းဘဲနဲ့ ယနေ့ပြောပြနိုင်ပါသလား။ (၁၉)ချက်ဖြစ်ပါတယ်။ သူတို့မှာအရိုးများရှိပါတယ်။ ဝတ်ရုံအပိုင်းအစ များလည်း ရှိပါတယ်။ ကိုင်တွယ်နိုင်ပါတယ်။ ကျွန်တော်တို့မှာတော့ ဒီလိုအရာတွေမရှိပါဘူး။ ကျွန်တော် တို့အဲဒါတွေလည်း မလိုအပ်ပါဘူး။ ခရစ်တော်ကအသက်ရှင်နေပါတယ်။ ကျွန်ုပ်ထဲမှာ ကျိန်းဝပ်ပါတယ်။ သံချက် ရာလည်း မဟုတ်ပါဘူး။ အဝတ်စလေးတွေ ဂွမ်းစလေးတွေ မဟုတ်ပါဘူး။ သူဟာ အသက်တော်မူ တဲ့ဘုရားဖြစ်ပါတယ်။ ကျွန်တော်တို့အထဲမှာ ယခု အသက်ရှင်နေပါတယ်။ သူကိုယ်သူဖော်ပြပါတယ်။ ကျွန်တော်တို့မှာ အောက်မေ့ဘွယ်ရာဆိုလို့ အောက်မေ့စရာတခုဘဲရှိပါတယ်။ အဲဒါကတော့ ကိုယ်တော်ရှင်ရဲ့ ညစာစားပွဲဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်အသေခံတော်မူခြင်းကို သတိရစေရန်ဖြစ်ပါတယ်။ ခရစ်တော် ကိုယ်တိုင် ကျွန်တော်တို့နဲ့အတူရှိတယ်။ ကျွန်တော်တို့အထဲမှာ ကျိန်းဝပ်တော်မူတယ်ဆို တာကိုဘဲ ဖြစ်ပါတယ်။ အဲဒီအကြောင်းအရာနဲ့ပတ်သက်လို့ ကျွန်တော်တို့ကမ္ဘာလောကကြီးကို ပြောလိုပါတယ်။ သန့်ရှင်းသော ဝိညာဉ်တော်ရဲ့ဘုန်းတော် ဖြစ်ပါတယ်။ အဲဒီအကြောင်းကို ပြောဆိုပြီးတော့ နောက်ဆုံးမီးအလင်းရှိတဲ့အထိ ကျွန်တော်တို့ပြောလိုပါတယ်။

56 ၅၆။ ကျွန်တော်တို့ဟာ အခြားသောလမ်းတဖက်ကို ရွေးယူပါတယ်။ အမြဲတမ်းဘဲ ကြိုးစားခဲ့ပါတယ်။ ကျွန်တော်တို့ကိုယ်တော်ကလည်း အမြဲတမ်းဘဲ ကျွန်တော်ကိုထိုအရာ ကိုဖော်ပြခဲ့ပါတယ်။ တဖက်က တော့အစွန်းရောက်နေပြီးတော့ အခြားတဖက်လည်းအစွန်း ဖြစ်ပါတယ်။ လမ်းရဲ့အလယ်ခေါင်ထည့်ထည့်မှာ တော့ သမ္မာတရားတည်ရှိနေပါတယ်။ ဟေရှာယကို သတိထားမိပါသလား။ ဟေရှာယကလမ်းမကြီးရှိမယ် လို့ပြောထားပါတယ်။ ဟေရှာယအခန်းကြီး ၃၅ ဖြစ်ပါတယ်။ နာဇရင်းလူမျိုးတွေဟာ မည်မျှတန်ဖိုးရှိတယ်ဆို တာကို ခင်ဗျားတို့သတိရကြပါ။ သီချင်းဆိုကြမှာ ဖြစ်ပါတယ်။ 'သန့်ရှင်းခြင်းရဲ့လမ်းမကြီး ဖြစ်ပါတယ်။ သန့် ရှင်းခြင်းရဲ့လမ်းမကြီးဖြစ်ပါတယ်။' ယခုအခါမှာသင်သမ္မာကျမ်းစာကို ဖတ်တယ်ဆိုလို့ရှိရင် 'သန့်ရှင်းခြင်းရဲ့ လမ်းမလို့ဆိုမထားပါဘူး။' ဘာဆိုထားသလဲဆိုတော့ လမ်းမကြီးရှိမယ်။ လမ်းမကြီးလို့ခေါ်တဲ့လမ်းဘဲ ဖြစ်ပါ တယ်။ သန့်ရှင်းခြင်း၏လမ်းမလို့မ ခေါ်ပါဘူး။ သန့်ရှင်းခြင်းနည်းလမ်းဘဲဖြစ်ပါတယ်။ 'နှင့်' ဆိုတဲ့စကားလုံးပါတဲ့အတွက် စကားဆက်ဖြစ်ပါတယ်။ အဲဒီစကားဆက်ကသင့်စာကြောင်းကို အဆုံးသတ်စေပါတယ်။ 'အဲဒါဟာ လမ်းမကြီးဖြစ်မယ်။ လမ်းဖြစ်မယ်။ နောက်ပြီးတော့ သန့်ရှင်းခြင်းရဲ့လမ်းဘဲဖြစ်မှာပါ။' သန့်ရှင်းခြင်း ရဲ့လမ်းမတော့မဟုတ်ပါဘူး။ ကောင်းတဲ့လမ်းတလမ်းကို ဖောက်လုပ်တည်ဆောက်ခဲ့ပါတယ်။ အမြင့်ဆုံးအပိုင်း ကတော့ အလယ်ပိုင်းဘဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့အဲဒီမှာရှိနေတဲ့အမိုက်သရိုက် တွေကိုဘေးတဖက် တချက်စီကို ကျသွားစေဖို့ဘဲဖြစ်ပါတယ်။ လူတစ်ယောက်ဟာ ခရစ်တော်ထံကိုတကယ်ဘဲလာတဲ့အခါမှာ သူရဲ့မျက်လုံးတွေဟာခရစ်တော်ကိုဘဲ ဦးတည်ထားရမှာ ဖြစ်ပါတယ်။ သူဟာအနည်းငယ်စိတ်လှုပ်မယ်ဆို လို့ရှိရင် သူဟာစိတ်ခံစားရတဲ့သူဘဲဖြစ်မယ်။ သူဟာအရမ်းအေးစက်နေတယ်။

တဖက်စွန်းရောက်နေတယ်ဆို လို့ရှိရင် သူဟာအချည်းနှီးသက်သက်ဘဲဖြစ်ပါတယ်။ အခြားတဖက်ကိုရောက်နေပါတယ်။ သူရဲ့အတွေးအခေါ်တွေလည်း မှားယွင်းနေပါတယ်။ တကယ်အဓိကအရာတွေကတော့ လမ်းမရဲ့အလယ် ဗဟိုမှာ ရှိနေပါတယ်။ ဝိညာဉ်တော်ဟာ သင့်ကိုနွေးထွေးစေပါတယ်။ လှုပ်ရှားစေပါတယ်။ အာမင်။ ဝိညာဉ်တော်ကိုနာခံမှု သင်ရှိနေ ရမှာဖြစ်ပါတယ်။ ဝိညာဉ်တော်လှုပ်ရှားသကဲ့သို့ လှုပ်ရှားရမှာဖြစ်ပါတယ်။ နောက်ပိုင်းမှမဟုတ်ပါဘူး။ အချိန်တန် တဲ့အထိလည်း မဟုတ်ပါ ဘူး။ ဝိညာဉ်တော်လှုပ်ရှားတဲ့အတိုင်းဘဲ ဖြစ်ပါတယ်။

57 ၅၇။ ကက်သလိပ်အသင်းတော်ကဘာပြောသလဲဆိုတော့ ‘ပေတရုရဲ့ဗျာဒိတ်’ လို့ပြောပါတယ်။ ပိုစတက်အ သင်းတော်ကတော့ ‘ခရစ်တော်’ လို့ပြောပါတယ်။ ဒါပေမဲ့လည်းသမ္မာကျမ်းစာသွန်သင်မှုကတော့ဘုရားသခင် သူကိုဖော်ပြ ထားတဲ့အတိုင်းဘဲ ခရစ်တော်ရဲ့ဗျာဒိတ်တော်ဘဲ ဖြစ်ပါတယ်။ ‘သင်ဟာခရစ်တော်အသက်ရှင် တော်မူတဲ့ဘုရားသခင်ရဲ့သားတော်ဖြစ်ပါတယ်။’ ‘ရှိမုန်ပေတရု၊ ယောနရဲ့သား သင်ဟာကောင်းကြီးခံစားရ တယ်။ အသွေးအသားတို့ကသင့်ကိုဖော်ပြတာမဟုတ်ပါဘူး။ လူတွေကဖော်ပြတာမဟုတ်ဘူး။ ကျမ်းစာကျောင်း တွေ ဘုန်းကြီးကျောင်းတွေ ဘယ်သူကမှ သင့်ကိုသွန်သင်ပေးတာမဟုတ်ပါဘူး။ ကောင်းကင်ဘုံကငါ့ခမည်း တော်ကဖော်ပြခြင်းဘဲဖြစ်ပါတယ်။ သင်ဟာပေတရုဖြစ်တယ်။ ဒီကျောက်ပေါ်မှာငါ့ရဲ့အသင်းတော်ကိုငါတည် ဆောက်မယ်။ ငရဲတံခါးတွေက ငါကိုတားဆီးလို့မရပါဘူး။’

58 ၅၈။ ယခုအခါမှာ ကျွန်တော်တို့တခြားနေရာကိုရောက်လာပြီးတော့ မတူညီတဲ့အယူအဆနှစ်မျိုးကိုရရှိပါ တယ်။ ကျွန်တော်လည်း မှားနိုင်ပါတယ်။ ကျွန်တော်မှားလို့ရှိရင်ကျွန်တော် ကိုဘုရားသခင်ခွင့်လွှတ်ပါ။ ကျွန် တော်ဟာ S.D.A လို့ခေါ်တဲ့စနေအသင်းတွေနဲ့ ကျွန်တော်သဘောမတူပါဘူး။ သဘောထားကွဲလွဲပါတယ်။ သူကစနေနေ့ကို ခုနှစ်ရက်မြောက်နေ့လို့ သူကပြောထားပါတယ်။ ကိုယ်တော်ရှင်ရဲ့နေ့ရက်ဖြစ်ပါတယ်။ သတ္တမနေ့ဥပုဒ်ညီအစ်ကိုယ်တွေကတော့ သူတို့ဟာဥပုဒ်နေ့ကို ကိုယ်တော်ရှင်ရဲ့နေ့လို့ ခေါ်တယ်လို့ သူတို့ပြောကြပါတယ်။ ခရစ်ယာန်အသင်းတော်ကတော့ ကိုယ်တော်ရှင်ရဲ့နေ့ ‘တနင်္ဂနွေနေ့ ပထမဦးဆုံး နေ့လို့ပြောထားပါတယ်။’ ကျွန်တော်အဲဒါကိုအချိန်တော်တော်ကြာကြာသတိပြုမိပါတယ်။ ခရစ်ယာန် အသင်း တော်ယနေ့ထက်တိုင် ဖြစ်ပါတယ်။ ပရိုစတက်လူတွေလည်း အဲဒါကို ကိုယ်တော်ရှင်ရဲ့နေ့ရက်အနေနဲ့ သဘော ကျကြပါတယ်။ တနင်္ဂနွေနေ့ဖြစ်ပါတယ်။ အဲဒါကကျမ်းစာနဲ့မကိုက်ညီပါဘူး။ သမ္မာကျမ်းစာထဲမှာဆိုရင် တန ဂ်နွေနေ့ဟာ ပထမဦးဆုံးနေ့ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရဲ့နေ့ရက်မဟုတ်ပါဘူး။ သတ္တမနေ့လည်းမဟုတ်ပါဘူး။ ဥပုဒ်နေ့လည်း မဟုတ်ပါဘူး။ အဲဒီနေ့ရက်တွေထဲက တနေ့ရဲ့ရက်လည်းမဖြစ်နိုင်ပါဘူး။ ယောဟန်ကို ဒီဗျာဒိတ်ကိုရေးဖို့အတွက် နှစ်နှစ်အချိန်ယူရပါတယ်။ ဘယ်နေ့ဖြစ်သလဲ။ ဥပုဒ်နေ့၇ရက်မြောက်သော နေ့တွေ အများကြီးရှိပါတယ်။ ပထမနေ့များလည်းကုန်ဆုံးသွား ပါတယ်။

59 ၅၉။ ဗျာဒိတ်ကျမ်းစာစောင်ကို အေဒီ၉၅-မှ ၉၆ အထိ နှစ်နှစ်ကြာရေးသားခဲ့ရပါသည်။ ကိုယ်တော်ရှင် ၏နေ့ရက်ဖြစ်ပါသည်။ ကိုယ်တော်ရှင်၏နေ့ရက်အတိအကျမှာ ပြောခဲ့တဲ့အတိုင်းဘဲဖြစ်ပါသည်။ ဟောဟန်မှာ ဝိညာဉ်တော်အားဖြင့် ကိုယ်တော်ရှင်၏နေ့ရက်တိုင်အောင် ခေါ်ဆောင်သွားခြင်းခံရပါသည်။ လူသား၏နေ့ ရက်ဖြစ်ပါသည်။ အဲဒီနေ့ရက်မှာ ကိုယ်တော်ရှင် ကြွလာမှာ ဖြစ်ပါသည်။ ကျမ်းစာအားလုံးကို တောက် လျှောက် ဆက်ဖတ်မည်ဆိုရင် ကိုယ်တော်ရှင်၏နေ့ရက်မှာ သူ့ကိုဝိညာဉ်တော်အားဖြင့် သယ်ဆောင်သွားပြီး ကိုယ်တော်ရှင်၏ နေ့ရက်ရောက်သည့်အထိ ရောက်သွားပါသည်။ အာမင်။ ကိုယ်တော်ရှင်၏နေ့ရက်မှာ သူက ရောက်ရှိနေပါသည်။ သမ္မာကျမ်းစာဆိုထားသည်မှာ ကိုယ်တော်ရှင်၏ နေ့ရက်ဖြစ်ပါတယ်။ ကျွန်တော်တို့ ကျမ်းချက်တွေ အများကြီး လေ့လာမယ်ဆိုရင် အဲဒါကို အနည်းငယ်သိရှိမှာ ဖြစ်ပါတယ်။

60 ၆၀။ ပထမဆုံးအရာကတော့ ဥပုဒ်နေ့ဖြစ်ပြီးတော့ ကျွန်တော်တို့ ဥပုဒ်နေ့အကြောင်းကို ပြောတဲ့အခါမှာ ဥပုဒ်နေ့ကို စောင့်ထိန်းတဲ့အခါမှာလည်း ထိုနေ့ရက်မဟုတ်ဘဲ ဖြစ်နေပါတယ်။ စနေနေ့ကို ဥပုဒ်နေ့အဖြစ် သတ် မှတ်ဘို့ သမ္မာကျမ်းစာက ပြောဆိုမထားပါဘူး။ ဥပုဒ်နေ့အတွက် ပထမဆုံးနေ့ရက်ကို စောင့်ထိန်းဘို့အတွက် ဓမ္မသစ်ကျမ်းမှာ ပညတ်ထားတာကို မတွေ့ရပါဘူး။ (ဟေဗြဲအခန်းကြီး၄)ထဲမှာဘဲ ဖေါ်ပြထားတာကို တွေ့ ရပါတယ်။ သူတို့ကို ဘုရားသခင်က အနားပေးမယ်ဆိုရင် အခြားသောနေ့ရက်တစ်ရက်အကြောင်းကို ကိုယ် တော်ရှင် ပြောပြထားမှာမဟုတ်ပါဘူး။ ဒါပေမဲ့လည်း နားနေဘို့အချိန်ရှိပါတယ်။ ဥပုဒ်စောင့်ဘို့ ဖြစ်ပါတယ်။ ကျွန်တော်တို့လည်း ယုံကြည်ပါတယ်။ ကိုယ်တော်ရှင်နဲ့အတူ နားနေရမှာ ဖြစ်ပါတယ်။ ဘုရားသခင်က သူ့အ လုပ်မှသူ အနားယူသလို ကျွန်တော်တို့လည်း ကျွန်တော်တို့အလုပ်မှ အနားယူလို့ရပါတယ်။ ဘုရားဘုန်း တော်ထင်ရှားစေရန် ချီးမြှောက်ပါ။ ကျွန်တော် ခံစားရတာ အလွန် ကောင်းပါတယ်။ ကျွန်တော့်ကိုယ် ကျွန်တော် ရှေ့ရောက်နေတယ်လို့လည်း ခံစားရပါတယ်။

61 ၆၁။ ဘုရားသခင်ဟာ ကမ္ဘာလောကကြီးကို ဖန်ဆင်းတဲ့အခါမှာ (၆)ရက်ဖန်ဆင်းပါတယ်။ သတ္တမ မြောက်နေ့မှာ အနားယူပါတယ်။ နောက်ပြီးထပ်မံပြီးတော့ ကမ္ဘာကြီးကို တည်ဆောက်တာ မရှိတော့ပါဘူး။ လူတွေကိုတော့ သူက အမှတ်တရဖြစ်စေဘို့ သူကထားပေးခဲ့ပါတယ်။ အခုအချိန်မှာ မစောင့်ထိန်းနိုင်ပါဘူး။ အဲဒီအချိန်တုန်းက ဥပုဒ်စောင့်ခဲ့မယ်ဆိုရင် ကမ္ဘာလောကကြီးရဲ့ပြင်ပမှာ တစ်ဖန်တနင်္ဂနွေနေ့ ထပ်ရှိနေမှာ ဖြစ်ပါတယ်။ လူသားတွေအတွက် ဖေါ်ပြခြင်းဘဲ ဖြစ်ပါတယ်။ အချိန်နဲ့နေရာမှာ ဣသရေလလူတို့အတွက် ဖြစ်ပါတယ်။ သူတို့အတွက် ဥပုဒ်နေ့ရှိပါတယ်။ ဘုရားသခင်ရဲ့ လူမျိုးတော်က စောင့်ထိန်းရမဲ့ ဥပုဒ်ဖြစ်ပါတယ်။ ထို့ကြောင့် ဘုရားသခင်၏ချမ်းသာထဲသို့ ဝင်ရသော အခွင့်ကို ပေးသော ဂတိတော်သည် ငါတို့၌ရှိရစ်လျှက်နှင့် သင်တို့တွင် အချို့တို့သည် မမှီဘဲနေမည်ကို စိုးရိမ်ကြကုန်အံ့။ ငါတို့သည် ဝမ်းမြောက်စရာသိတင်းကို ဆိုသူ တို့ကဲ့သို့ ကြားရကြပြီ။ သို့ရာတွင် သူတို့ကြားရသော တရားစကားသည် ကြားရသောသူတို့အထဲ၌ ယုံကြည်ခြင်း နှင့်မရောနှောသောကြောင့် အကျိုးကိုမပေး၊ ငါတို့သည် ယုံကြည်သောသူဖြစ်သောကြောင့် ဘုရားသခင်၏ ချမ်းသာထဲသို့ ဝင်ရကြ၏။ ထိုသို့နှင့်အညီ ဗျာဒိတ်တော်ကား သူတို့သည် ငါ၏ချမ်းသာထဲသို့ မဝင်ရကြဟု အမျက်ထွက်၍ ငါကျိန်ဆိုသည်ဟု လာ၏။ ချမ်းသာဟုဆိုသော ကမ္ဘာဦးကပင် အမှုအရာတို့ကို ပြီးစီး၍ ငြိမ်ဝပ်တော်မူရာ ချမ်းသာဟုဆိုလိုသတည်း။ (၇)ရက်မြောက်သောနေ့ကို အကြောင်းပြု၍ ကျမ်းစာတစ်ချက်၌ လာသည်ကား ဘုရားသခင်သည် မိမိအမှုအရာအလုံးစုံတို့ကို ပြီးစီး၍

(၇)ရက်မြောက်သောနေ့၌ ငြိမ်ဝပ်စွာ နေတော်မူ၏ ဟုလာသတည်း။ ထိုကျမ်းစာ၌ တစ်ဖန်လာသည်ကား သူတို့သည် ငါ၏ချမ်းသာထဲသို့ မဝင်ရကြ ဟု လာသတည်း။ ထို့ကြောင့် အချို့တို့သည်ဝင်ရကြ၏။ ဝမ်းမြောက်စရာသိတင်းကို ရှေးဦးစွာကြားရ သောသူ သည် မယုံကြည်သောကြောင့် မဝင်ရကြပြီ။ တစ်ဖန်တုံ ယနေ့တွင် သင်တို့သည်ဗျာ ဒိတ်တော်အသံကိုကြား၍ အသင့်ရှိသည်ဖြစ်၍ ခိုင်မာသော စိတ်နှလုံးမရှိစေကြနှင့်ဆိုသည် ဖြစ်၍ ဤမျှလောက် ကာလကြာပြီးမှ ယနေ့ဟု ဒါဝိဒ်ကျမ်း၌ လာသောအခါ တစ်စုံတစ်ခု သောနေ့ရက်ကို သေချာစွာ မှတ်သားသတည်း။

62 ၆၂။ ငြိမ်ဝပ်စွာနေသည် ဆိုသည့်စကားလုံးမှာ ဥပုဒ်နေ့ကို ဆိုလိုခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့အတွက် ထူးခြားသော စကားလုံးဖြစ်ပါသည်။ အဓိပ္ပါယ်မှာ ‘နားနေခြင်း’ ဖြစ်ပါ သည်။ ဟေဗြဲစကားလုံးမှာ ‘နားနေသော နေ့ ဥပုဒ်နေ့’ ဖြစ်ပါသည်။ အလုပ်မလုပ်ဘဲနှင့်နားနေသောနေ့ဖြစ်ပါသည်။ ယောရှုသည် ထိုသူတို့ကို ချမ်းသာပေးသည်မှန်လျှင် ထို့နောက် အခြားသောနေ့ရက်ကို အဘယ်ဆိုဘွယ်ရှိသနည်း။ ထို့နောက် ဘုရား သခင်၏လူတို့အဘို့ အလို့ငှာ ငြိမ်ဝပ်ခြင်းချမ်းသာတစ်မျိုးသည် ကျန်ရစ်ပေသည်။ ဘုရားသခင်သည် မိမိအ မှုအရာတို့ကို ပြီးစီး၍ငြိမ်ဝပ်စွာနေတော်မူသည်နည်းတူ ထိုချမ်းသာထဲကို ဝင်ရသော သူသည်လည်း မိမိအမှုအ ရာတို့ကို ပြီးစီး၍ ငြိမ်ဝပ်စွာနေရ၏။ တစ်ပါတ်မှာ ကျွန်တော်တို့က နောက်တစ်နေ့ကို ပြန်မလှည့်ပါဘူး။ ပြန် လှည့်ပြီး ပြန်မစပါဘူး။ ကျွန်တော်တို့ အနားယူကြပါတယ်။ သခင်ယေရှုမိန့်တော်မူတဲ့ အကြောင်းအရာကတော့ မင်္ဂလာတရားတော်များနဲ့ဘဲ ပတ်သက်ပါတယ်။ ရှေးကာလအကြောင်းကို ပြောဆိုတာကို သင်တို့ကြားရတယ်။ လူ့အသက်ကို မသတ်နဲ့၊ သင်တို့ကို ငါဆိုတဲ့အရာကတော့ အကြောင်းမရှိဘဲနဲ့ ညီအစ်ကိုကို ဒေါသမထွက် ဘို့ဘဲဖြစ်တယ်။ အဲလိုအကြောင်းမရှိ ဘဲနဲ့ ညီအစ်ကိုကို ဒေါသထွက်ရင် သူ့ကို စိတ်ထဲမှာ သတ်သလိုဘဲ ဖြစ်တယ်။ ရှေးကာလကပြောတဲ့အကြောင်းအရာကို သင်တို့ ကြားကြပြီဖြစ်တယ်။ သူ့သားမယားကို မပြစ်မှားနဲ့ လို့ ဆိုပါတယ်။ အဲဒါကပညတ်တော်ဖြစ်ပါတယ်။ ငါဆိုလိုတဲ့အရာကတော့ အမျိုးသမီးတစ်ယောက်ကို တပ်မက် တဲ့စိတ်နဲ့ ကြည့်မယ်ဆိုရင် သူ့ရဲ့နှလုံးသားထဲက သူမကို ပြစ်မှားပြီဖြစ် ပါတယ်။

63 ၆၃။ ဒါတွေအားလုံးဟာ အမှတ်တရတွေဘဲ ဖြစ်ပါတယ်။ နိမိတ်လက္ခဏာအံ့ဘွယ်ရာဘဲဖြစ်ပါတယ်။ နားနေရမဲ့အချိန်ကို စောင့်ဆိုင်းနေခြင်းဘဲ ဖြစ်ပါတယ်။ သခင်ယေရှုထိုကဲ့ သို့ ပြုလုပ်ပြီးဆုံးပြီးတဲ့အခါမှာ (မဿဲ ၁၁)မှာမင်္ဂလာတရားတော်ကိုရေးသားထားတာ ကို တွေ့ရပါတယ်။ ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့ ငါ့ထံသို့လာကြလော့။ ငါသည် ချမ်းသာပေးမည်။ ငါ့ထမ်းပိုးကို တင်၍ထမ်းကြလော့။ ငါ့ထံ၌ နည်းခံကြလော့။ ငါသည် နူးညံ့သိမ်မွေ့ နှိမ့်ချသော စိတ်သဘောရှိ၏။ သင်တို့စိတ်နှလုံးသည် သက်သာခြင်းသို့ ရောက်လိမ့်မည်။ တစ်ရက် အလုပ်လုပ်ပြီးနောက် ဒါမှမဟုတ် (၁၀)ရက် (၅)နှစ်၊ နှစ်ပေါင်း (၃၀၊ ၅၀၊ ၉၀) အလုပ်လုပ်ပြီးနောက် သင်ဟာအင်မတန် မောပန်းပင်ပန်းနွမ်းနယ်ပါ တယ်။ ငါ့ထံသို့လာပါ။ ငါသည် ချမ်းသာပေးမည်လို့ ဆိုပါတယ်။ သင်တို့အပေါ်မှာ ထမ်းပိုး တွေလိုတင်နေတဲ့ အပြစ်တွေအားလုံးကို ငါယူဆောင်မယ်။ သင်နဲ့အတူဝင်သွားမယ်။ စိတ် ကြေနပ်လောက်အောင်ကို နားနေခွင့်ကို ငါပေးမယ်လို့ ဆိုပါတယ်။

64 ၆၄။ ငြိမ်ဝပ်စွာနေခြင်း၊ နားနေခြင်းမှာ အဘယ်သို့ဖြစ်သနည်း။ ဒါနဲ့ပတ်သက်လို့အနည်းငယ် ရှင်းပြချင်ပါ တယ်။ အဲဒါဘာလဲဆိုတာကိုကြည့်ပါ။ အချို့သောသူတို့က ဘာပြောလဲဆိုတော့ အသင်းတော်ကို သင်ဘာ ကြောင့် ပါဝင်ရသလဲ။ စာအုပ်ထဲမှာ သင့်ရဲ့နံမည်ကို သင်ထည့်ထားပါတယ်။ ရေဗတ္တိဇံ ဖြစ်ပါတယ်။ အဲဒါနဲ့ ပတ်သက်လို့ရှင်းလင်းချင်ပါတယ်။ ကျွန်တော်တို့ အခုစောင့်နေတဲ့အတွက် ခင်ဗျားတို့ အခုချက်ချင်းဘဲ လုပ်နိုင်ပါတယ်။ ယောဟန်ဘယ်သွားလဲဆိုတာကို ကျွန်တော်တို့ ကြည့်ရမှာ ဖြစ်ပါတယ်။ သူသွားတဲ့ နေ့ရက် ဆိုတာ ဘယ်လိုအမျိုးအစားလဲ ဆိုတာကို ကြည့်ရမှာ ဖြစ်ပါတယ်။ သခင်ယေရှု ကမ္ဘာလောကကြီးမှာ အသက် စွန့်တဲ့အခါမှာ သူ့ရဲ့လုပ်ငန်းပြီးစီးသွားပါပြီ။ သူဟာ တစ်နေရာရာကို ဝင်ရောက်ခွင့်ရပါ ပြီ။

65 ၆၅။ (ဟေရှာ ၂၈း၈)ကို ကျွန်တော်တို့ ပြန်ကြည့်ကြပါစို့။ ယခုအချိန်အခါဘဲ ဖြစ်တယ် ဆိုတာကို ကျွန်တော် ယုံကြည်ပါတယ်။ (ဟေရှာယ ၂၈)ကိုဖတ်ကြည့်ကြပါစို့။ပရောဖက်က အဲဒီအဖြစ်အပျက် မဖြစ်ပျက်ခင် နှစ် ပေါင်း(၇၁၂)ကကြိုပြီးဟောပြောခဲ့ပါတယ်။ ဘယ်နှစ်ယောက် သိချင်ပါသလဲ။ စစ်မှန်တဲ့ ဥပုဒ်နေ့၊ တစ်ကယ်စစ် မှန်တဲ့ ငြိမ်ဝပ်စွာနေရမဲ့နေ့ကို ဘယ်နှစ်ယောက် သိပါသလဲ။ ဒီနေရာမှာ ပရောဖက်က ပြောထားပါတယ်။ ဘယ်အချိန်မှာ ဖြစ်သလဲဆိုတာကို ကျွန်တော်ဖေါ်ပြလိုပါတယ်။ (ဟေရှာယ၂၈း၈) ဖြစ်ပါတယ်။ သူတို့စား ပွဲရှိသမျှတို့သည် လွတ်လပ်ရာ မရှိသည်တိုင်အောင် အန်ဖတ်နှင့်၎င်း၊ အညစ်အကြေးနှင့်၎င်း ပြည့်လျှက်ရှိ လိမ့်မည်။ သူတို့က အဘယ်သူကို သွန်သင်ချင်သနည်း။ အဘယ်သူကို တရားနားလည်စေချင်သနည်း။ သူတို့ကို ဘယ်သူသွန်သင်ပေးမှာလဲ။ ယနေ့ဘယ်သူပြောမလဲဆိုပြီးတော့ မေးခွန်းထုတ်ထားခြင်းဘဲဖြစ်ပါတယ်။

66 ၆၆။ ဘီလီဂရေဟမ် ဒီနေ့တရားဟောတာကို ဘယ်နှစ်ယောက်ကြားဘူးပါသလဲ။အ လွန်နှစ်သက်ဘွယ် ကောင်းတဲ့ တရားဟောချက်တွေ ဖြစ်ပြီးတော့ လူတွေဟာ ဘယ်လိုလုပ်ပြီးတော့ ညာဝါးဖြီးဖြန်းတာတွေကို ယုံနိုင်မှာလဲ။ လိမ်ညာပြောတဲ့ စာရင်းထဲမှာ ထည့်ထား မှာဖြစ်ပါတယ်။ မိမိတို့ကိုယ် မိမိတို့ ဖြောင့်မတ်သည်လို့ တွေးထင်ပြီးတော့ မှန်ကန်တဲ့အရာကို သူတို့ လုပ်ဆောင်နေပါတယ်။ အမေရိကန်လူထုက ဘာကို ယူဆောင် သလဲဆိုရင် ပညာရှိတဲ့ ဆေးလိပ်ဖြစ်တယ်။ ဆေးလိပ်သောက်တတ်တဲ့သူရဲ့ စီးကရက်ဖြစ်တယ်လို့ ဆိုပါ တယ်။ နတ်ဆိုးရဲ့ လှည့်ဖျားမှုကို ယုံကြည်ခြင်းဘဲဖြစ်ပါတယ်။ သူ့ကို လူမိုက်လုပ်မဲ့အစား လက်ခံခြင်းဘဲ ဖြစ်ပါတယ်။ ဘာဘဲဖြစ်ဖြစ် ဆေးလိပ်သောက်ခြင်း၊ သူ့ကိုပညာရှိတယ်ဆိုတဲ့ လူတစ်ယောက်အနေနဲ့လုပ်ခြင်းဘဲ ဖြစ်ပါ တယ်။ သူဟာ ဆေးလိပ်သောက်ဘို့ရန်အတွက်မှာ မိုက်မဲသောသူဖြစ်ပါတယ်။ အပြစ်နဲ့သေခြင်းတရားနဲ့ ပြည့်ဝ တယ်။ ကင်ဆာနဲ့ပြည့်ဝတယ်။ ဒါပေမဲ့လည်း သူဟာဆက်လက်ပြီးတော့ သူ့ရဲ့အဆုတ်ထဲမှာ သူ့ရဲ့အ ဆုတ်ရောဂါပိုးကို မွေးနေဆဲဘဲဖြစ်ပါတယ်။ သူဟာ မိုက်မဲသောသူဖြစ်ပါတယ်။ သူဟာ ပညာရှိသောသူရဲ့ရေစစ် ကဲ့သို့ ဖြစ်ပါတယ်။ အဲလိုဟာမျိုး ရှိတတ်ပါတယ်။ ပညာရှိတဲ့သူကတော့ အဲဒီလိုဟာမျိုးကို အသုံးမပြုပါဘူး။ ခရစ်တော်မှတစ်ပါး အသက်တာဆိုတာ မရှိပါဘူး။ တစ်ကယ်စစ်မှန်တဲ့ အသက်တာ မရှိပါဘူး။ ယောကျ်ား မိန်းမတွေအားလုံးဟာ ဘာကိုသောက်နေကြသလဲ။ သူတို့ရဲ့ ရေငတ်ခြင်းကို သူတို့ကြေနပ်စေရန်အတွက် သူတို့ဟာ ကိုယ်တော်ကို ဆာငတ်နေပါတယ်။ ဘုရားသခင်က ထိုဆာငတ်မှုကို သူတို့ကို ပေးထားပါတယ်။ သူတို့

ဒီလောကရဲ့အရာတွေနဲ့ သူတို့ကိုယ်သူတို့ ကြေနပ်နှစ်သက်အောင် သူတို့ကြိုးစားနေကြပါတယ်။ အဲဒီအကြောင်းရင်း ကြောင့်ဘဲ ဒီအရာတွေ ကျွန်တော့်မှာ ရှိခြင်းဘဲဖြစ်ပါတယ်။ အဲဒီအကြောင်းကြောင့်ဘဲ လူတွေအဲဒီလို ပြုမူနေခြင်းဘဲ ဖြစ်ပါတယ်။ သူတို့ဟာ အဲဒီဆာငတ်မှုကို ပြေပျောက်ရန်အ တွက်ဘုရားသခင်ကို ရှာဖွေကြပါတယ်။ နတ်ဆိုးကတော့ အသက်အစား သေခြင်းကိုဘဲသူ တို့ကိုပေးပါတယ်။

67 ၆၇။ သူတို့စားပွဲရှိသမျှတို့ဟာ အန်ဖတ်နဲ့အညစ်အကြေးနဲ့ ပြည့်လျှက်ရှိပါတယ်။ အမှုတော်ဆောင် တစ်ယောက်က ဘာအကြောင်းပြောလဲဆိုတော့ သန့်ရှင်းတဲ့ဟာသလေးတစ်ခု ပြောချင်တယ်လို့ ဆိုပါ တယ်။ အဲဒါမျိုးလည်း မရှိပါဘူး။ အဘယ်သူကို ပညာသွန်သင်ချင်သနည်း။ အဘယ်သူကို တရားနားလည်စေချင်သနည်း။ ငါတို့သည် နို့နှင့်ကွာစရှိသောသူ၊ အမိ သားများနှင့် အမှန်ကွာကြသောသူ ဖြစ်ကြသလော။ ပညတ်တစ် ခုပေါ်မှာတစ်ခု တစ်နည်းပေါ်မှာ တစ်နည်း၊ တစ်နည်းပေါ်မှာတစ်နည်း ဒီဘက်မှာအနည်း ငယ် ဟိုဘက်မှာအနည်းငယ် ရှိကြသည်ဟုဆိုကြသည်။ အကယ်စင်စစ်၊ စကားမပီသော နှုတ်၊ ရိုင်းသောလျှာနှင့်ဤလူမျိုးကို မိန့်တော်မူလိမ့်မည်။ ဤသို့ပြုလျှင် ငြိမ်ဝပ်လိမ့်မည်။ ပင်ပန်းသောသူတို့သည် ငြိမ်ဝပ်ကြလိမ့်မည်။ ဤသို့ပြုလျှင် သက်သာကြလိမ့်မည်ဟု မိန့် တော်မူသော်လည်း သူတို့သည် နားမထောင်ကြ။ ထိုအဖြစ်အပျက် ဘယ်အချိန်က ဖြစ်ပျက်ခဲ့သလဲ¿ နှစ်ပေါင်း(၇၁၂)ခန့်က ဖြစ် ပျက်ခဲ့ခြင်းဘဲဖြစ်ပါတယ်။ အဲဒီအချိန်နေ့ရက်ကတော့ ပင်တေကုတ္တေနေ့ရက် ဖြစ်ပြီးတော့ သူတို့ရဲ့ နှုတ်ခမ်းတွေပေါ်မှာ သန့်ရှင်းသောဝိညာဉ်တော်နဲ့ ပြည့်ဝစေပြီး အခြားသောဘာ သာစကားတွေ ပြောဆိုခွင့်ရပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်က သူတို့ရဲ့အသက်တာတွေ ကို အုပ်စိုးပါတယ်။ သူတို့ရဲ့ လောကတပ်မက်တဲ့အရာတွေ လျော့နည်းသွားပါတယ်။ ခရစ် တော်နဲ့အတူ သူတို့ဟာ ငြိမ်ဝပ်စွာ နားနေကြပါတယ်။ ပေါလုက (ဟေဗြဲ ၄)မှာ ဖေါ်ပြထား တဲ့အတိုင်းဘဲ ကိုယ်တော်ရှင် ငြိမ်ဝပ်ရာနားနေခြင်းဘဲ ရှိပါတယ်။ လောကအရာတွေအား လုံး သူဖန်ဆင်းတဲ့အချိန်ကစပြီးတော့ အဲဒီပြုမူခဲ့တဲ့ လောကအရာတွေအားလုံးကနေ သူက နားနေပါတယ်။ ကျွန်တော်တို့ရဲ့ လောကအလုပ်တွေအားလုံး ကိုယ်တော်၌နားနေပါ တယ်။ အဲဒါဟာ တစ်ကယ်စစ်မှန်တဲ့ ဥပုဒ်ဘဲဖြစ်ပါတယ်။

68 ၆၈။ ပေါလုကတစ်ဖန် ဝိညာဉ်တော်၌ ဥပုဒ်စောင့်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော် အားဖြင့် ပြောင်းလဲပြီးတော့ သူလမ်းခရီးမှာ ပြောင်းလဲပြီးတော့ ကိုယ်တော်ရှင်ရဲ့နေ့ရက်မှာ ပြောင်းလဲခြင်းဘဲ ဖြစ်ပါတယ်။

ကျွန်တော်တို့မှာ ဘာဖြစ်လို့ စစ်မက်ဖြစ်ပွားခြင်းတွေရှိလဲ။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ရန်ဘက်ပြုရသလဲ၊ သခင်ယေရှု ကြွလာတော်မူပါတယ်။ အသက်တာရဲ့ ဘုရင်ဖြစ်တဲ့သူ့ကို လည်း သူတို့က သတ်ဖြတ်လိုက်ကြပါတယ်။

ရက်သတ္တပတ်အနည်းငယ်အလွန်က ယခုအချိန်အခါမျိုးဘဲဖြစ်ပါတယ်။ ရိန်းဂျဲ များ၊ သမင်ကလေးများ၊ စင်တာကလော့စ်များ၊ ခေါင်းလောင်းများ၊ ဂျင်းဂဲလ်ဘဲလ်များ အများကြီး ရှိပါတယ်။ အိမ်ထဲမှာ ဟိုနေရာ၊ ဒီနေရာမှာ ချိန်ဆွဲထားပါတယ်။ အဲဒါက တစ်ပါးအမျိုးသားတို့ရဲ့ ပွဲတော်ဘဲဖြစ်ပါတယ်။ ကက်သလစ်အသင်းတော်ရဲ့ ကဏ္ဍတစ်ခုဘဲ ဖြစ်ပါတယ်။ လူတွေက အဖိုးအခတွေ အများကြီးပေးပြီးတော့ လက်ဆောင်ပစ္စည်းတွေကို လည်း ထုပ်ပိုးကြပါတယ်။ တစ်ပါးအမျိုးသားများကဲ့သို့ ဖြစ်ပါတယ်။ ခရစ်စမတ်နေ့က ဝတ်ပြုကိုးကွယ်တဲ့နေ့ ဖြစ်လာပါတယ်။

69 ၆၉။ ခရစ်တော်ဟာ ဒီဇင်ဘာလ(၂၅)ရက်နေ့မှာမွေးဖွားလာခဲ့တာမဟုတ်ပါဘူး။ မွေးဖွားနိုင်မှာလည်း မဟုတ်ပါဘူး။ ယုဒနိုင်ငံကို သင်ရောက်ဖူးပါသလား¿ တောင်ကုန်းများ မှာနှင်းများနှင့် ဖြူဖွေးနေပါတယ်။ ဒီမှာထက် ပိုဆိုးပါတယ်။ သူဟာဧပြီလမှာ မွေးဖွား ပါတယ်။ အဲဒီအချိန်ကတော့ သဘာဝအလျှောက် အပင်ကလေးတွေ၊ အရွက်ကလေးတွေ ရှက်သစ်ဝေတဲ့အချိန် ဖြစ်ပါတယ်။

ဒါပေမဲ့လည်း အစဉ်အလာအရ ဖြစ်နေပါတယ်။ ဘာကြောင့် ဒီအရာတွေကို ကျွန်တော်တို့ လုပ်ရသလဲ¿လူသားတွေရဲ့ အစဉ်အလာကို လိုက်ပြီးတော့ ဘုရားသခင်ရဲ့ ပညတ်တော်တွေကို အစားထိုးနေခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါနဲ့ ပတ်သက်တဲ့ဟာတွေက တော့ အဓိက မဟုတ်ပါဘူး။ သူတို့ဟာ စီးပွားရေးအရ ထိုကဲ့သို့ ပြုလုပ်ပါတယ်။ အဲဒီနေ့ ရက်မှာ ပြုလုပ်ခြင်း ဖြစ်ပါတယ်။ အဲဒါဟာ အမင်္ဂလာဖြစ်ပါတယ်။ သူတို့ အဲဒီလိုလုပ်ခြင်း ဟာ ရှက်ဖွယ်ဖြစ်ပါတယ်။ တစ်ပါးအမျိုးသားပွဲတော်ဘဲ ဖြစ်ပါတယ်။ စန်တာကလော့စ် သခင်ယေရှုနဲ့ပတ်သက်လို့ ဘာလုပ်ခဲ့ပါသလဲ¿ အီစတာယုန်ကလေး ဒါမှမဟုတ်ကြက်က လေး ဒါမှမဟုတ် မှင်တွေနဲ့အမျိုးစုံ အရောင်ကို ဆိုးထားခြင်း နောက်ယုန်ဖြူကလေးစသည် တို့ဟာ သခင်ယေရှုရှင်ပြန်ထမြောက်ခြင်းနဲ့ ဘာဆိုင်ပါသလဲ¿ စီးပွားရေးဆန်တဲ့ လောကကို မတွေ့မမြင်ပေဘူးလား¿

ထိုအကြောင်းကြောင့် Rock &Roll စာအုပ်များအရောင်းအဝယ်ပြုလုပ်ကြပါ တယ်။ အင်မတန်ညစ်ညူးတဲ့ပုံစံကိုလည်း ရောင်းဝယ်ကြပါတယ်။ လူတွေရဲ့သဘာဝကတော့ အဓိပ္ပါယ်မရှိတဲ့နောက်ကိုလိုက်နေခြင်းဘဲဖြစ်ပါတယ်။ သူတို့ရဲ့နှလုံးသားထဲမှာ တစ်စုံတစ်ခု မှားယွင်းနေလို့ဘဲဖြစ်တယ်။ ဘုရားနဲ့ ငြိမ်ဝပ်ပြီးနားနေတဲ့နေရာမှာ မဝင် ရောက်ပါဘူး။ သူတို့အဲဒီနေရာကို ရောက်တဲ့အခါမှာ သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံ ရရှိပြီး လောကအရာတွေနဲ့ လောကနဲ့ဆိုင်တဲ့ အရာအားလုံးကို သူတို့အဆုံးသတ်လိုက်မှာ ဖြစ်တယ်။

70 ၇၀။ ဘုရားသခင်ကသူကိုပြောင်းလဲစေပါတယ်။ ပေါလုကဲ့သို့သူပြုလုပ်သည်ကိုလည်း မယုံကြည်ပါနှင့်။ တတိယကောင်း ကင်ကိုချီဆောင်ခြင်းခံရပြီး အရာခပ်သိမ်းကိုတွေ့မြင် ရတယ်ဆိုတာကိုလည်း မယုံပါနှင့်။ သန့်ရှင်းသောဝိညာဉ်တော်က လွှန်ခဲ့တဲ့ရက်သတ္တပတ် အနည်းငယ်က အမှုပြုခဲ့ပါပြီ။ တနည်းအားဖြင့်ဆိုသော် သေခြင်းတရားကို ကျွန်တော် ကြောက်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်က ကျွန်တော်ကို ချီဆောင်ပြီးတော့ ဘာလဲ ဆိုတာကို ဖော်ပြခဲ့ပါတယ်။ သက်သေခံချက်ကိုသင်ကြားခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်ပြန် လာတဲ့အခါမှာ သေခြင်းတရား သင်ဟာဘယ်လိုမှ ကျွန်ုပ်ကို မထိုးနှက်နိုင်တော့ဘူးလို့ ပြောရမှာဖြစ်ပါတယ်။ လိုက်ကာရဲ့နောက်ကွယ်မှာ ဘာတွေတွေ့ရမြင်ရသလဲဆိုတာကို ပြောင်းလဲ တဲ့အသက်တာမှာ တွေ့မြင်ခဲ့ရပါတယ်။ ထိုလိုက်ကာရဲ့နောက်ကွယ်မှာ ကျွန်တော်တို့ဟာ ဝိညာဉ်သက်သက်မဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ လူယောက်ျား၊ လူမိန်းမဖြစ်ပါ တယ်။ ငယ်ရွယ်ပါတယ်။ ဘယ်တော့မှမသေပါဘူး။ ဘယ်တော့မှ မဖျားနာပါဘူး။ ဒီလိုက် ကာရဲ့

နောက်ကွယ်အသက်တာဘဲဖြစ်ပါတယ်။ သေခြင်းတရားက သင့်ကိုမအောင်မြင် နိုင်တော့ပါဘူး။ ထိုနေရာထဲကိုဆွဲပြီးမထည့်နိုင်တော့ပါဘူး။

71 ၇၁။ ယောဟန်ကတော့ ပတ်မုန့်ကျွန်းကနေပြောင်းရွှေ့ပြီးတော့ ကိုယ်တော်ရှင်ရဲ့နေ့ ရက်အထိရောက်သွားပါတယ်။ အဲဒီနေ့ရက်ကတော့ လူသားရဲ့နေ့ရက်ဖြစ်ပါတယ်။ လူသားများဟာ ခိုက်ရန်ဖြစ်ပွားနေတယ်။ သို့သော်လည်း ကိုယ်တော်ရှင် ရဲ့နေ့ရက်ကာလရောက်ပြီးတော့ နိုင်ငံတော်တော်တော်များများမှာ ဘုရားသခင်ရဲ့နိုင်ငံများဖြစ်မှာဖြစ်ပါတယ်။ ခရစ် တော်နဲ့သက်ဆိုင်မှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ အင်မတန်ကြီးမားတဲ့ မိလေနကြီး ဖြစ် လာမှာဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကြွလာမဲ့နေ့ရက် သူတရာစီရင်ခြင်း အားလုံးဟာကိုယ် တော်ရဲ့နေ့ရက်ဘဲဖြစ်ပါတယ်။

ဒီနေ့ရက်ဟာလူသားရဲ့နေ့ရက်ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ သူတို့အားလုံးဟာ သူတို့လုပ်ချင်တာတွေကို လျှောက်လုပ် နေကြခြင်းဘဲဖြစ်ပါတယ်။ သို့သော်လည်း အချိန်တချိန်ရောက်လာတဲ့အခါမှာ သင်တို့ကို သူတို့ကလှောင်ပြောင်ပြီးတော့ ဟာသလုပ် မယ်။ သန့်ရှင်းစွာကခုန်သူများလို့ပြောမှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အချိန်တချိန်ရောက် လာမှာဖြစ်ပါတယ်။
အဲဒီအချိန်ရောက်ရင်သူတို့လုပ်နိုင်တော့မှာ မဟုတ်ပါဘူး။ သူတို့အော် ဟစ်ပြီးတော့ ညီထွားပြီးတော့ သင်တို့ရဲ့ရှေ့မှာ ဒူးထောက်ရမှာ ဖြစ်ပါတယ်။ သမ္မာကျမ်း စာဆိုထားတဲ့အတိုင်းဘဲ မာလခိအခန်းကြီး ၄မှာ အဲဒီနေ့ရက်ကာလ အားလုံးမီးလောင်ပြာ ကျသွားတဲ့အခါမှာ အဲဒီပြာပုံတွေတောထဲကနေပြီးတော့ သင်ဟာလျှောက်ထွက်လာရမှာ ဖြစ်ပါတယ်။ သူတို့ကို အမြစ်တွေ အကိုင်းတွေတောင်မှ မကျန်စေရတော့ပါဘူး။ အဲဒါကတော့ သမ္မာကျမ်းစာဆို ထားတဲ့အတိုင်းအတိအကျဘဲဖြစ်ပါတယ်။ မိုက်မဲသောသူတွေရဲ့ ပြာပုံပေါ်မှာ ဖြောင့်မတ်သောသူတို့လျှောက်သွားရမယ်လို့ဆိုထားပါတယ်။ သူတို့မှာ အမြစ် ရောအကိုင်းရော ဘာမှမကျန်တော့ပါဘူး။ ဘာတခုမှလဲ ပြန်လာတော့မှာမဟုတ်ပါဘူး။ သူတို့အားလုံး ပြီးဆုံးသွားမှာ ဖြစ်ပါတယ်။ ယခုအခါမှာ လူသားရဲ့နေ့ရက်ဖြစ်တယ်။
လူသားတွေရဲ့လုပ်ကိုင်ဆောင်ရွက်တယ်။ လူသားတွေရဲ့အလုပ်ဖြစ်တယ်။ လူသားတွေရဲ့အ သင်းတော်ဖြစ်တယ်။
လူသားတွေရဲ့အတွေးအခေါ်ဖြစ်တယ်။ ဒါပေမဲ့လည်း ကိုယ်တော်ရှင် ရဲ့နေ့ရက်ရောက်လာမှာဖြစ်ပါတယ်။

72 ၇၂။ ယခုအခါမှာ သူဟာ ဝိညာဉ်တော်အထဲမှာ ရှိပြီး ကိုယ်တော်ရှင်နေ့ရက်မှာ ရောက်နေပါတယ်။ ပထမဦးဆုံး အရာ ကျွန်တော်တို့ကြားသိရတဲ့အရာကတော့ သူဟာကိုယ်တော်ရှင်ရဲ့နေ့ရက်ကာလမှာ ဝိညာဉ်တော်ရဲ့ကာလမှာ ရှိနေပါတယ်။... ယခုအခါမှာ ကျွန်တော်တို့အခန်းငယ် ၁၀ကိုကြည့်ရမှာ ဖြစ်ပါတယ်။

...သခင်ဘုရားနေ့၌ ဝိညာဉ်တော်ကိုခံ၍.... တံပိုးခရာကဲ့သို့ ငါ့နောက်၌ နေမြည်သောအသံကြီးကိုကြား၏။

စကားပုံဥပမာတစ်ခုကိုတောင်မှ ကျော်မသွားပါနှင့်။ မနက်ဖြန်နေ့မှာ ကြည့်ရမယ် ဆိုလို့ရှိရင် ကျွန်တော်တို့ကြည့်နိုင်ပါတယ်။ နာရီကိုကြည့်ထားပါ။ ကျွန်တော်ကိုနောက်မကျ စေပါနှင့်။

ကိုယ်တော်ရှင်ရဲ့နေ့မှာ ဝိညာဉ်တော်ကိုခံယူ၍ တံပိုးခရာ အသံကဲ့သို့ ငါနောက်၌ မြည်သော အသံကြီးကိုကြား ၏ဟုဆိုထားတဲ့အတိုင်းဘဲ ကိုယ်တော်ရှင်ရဲ့နေ့ရက်မှာလို့ဆို ထားပါတယ်။ ပထမဦးဆုံးသင်လုပ်ရမဲ့အရာက ဝိညာဉ်တော် ၌ရှိဖို့ဘဲဖြစ်ပါတယ်။ ဒီဗျာဒိတ် တွေသင်ထံကိုဘယ်လိုလာမှာလဲ။ ဝိညာဉ်တော်အထဲမှာ ရောက်နေတဲ့အခါမှာ လာမှာဖြစ် ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်ကို သင်မည်ကဲ့သို့သင်ခံယူရရှိမှာလဲ။ ဝိညာဉ်တော် အထဲ၌ဖြစ်ပါတယ်။ ဝိညာဉ်တော်အ ထဲ၌ရှိရမှာဖြစ်ပါတယ်။

သင်ဟာအပြစ်သားဖြစ်မယ်ဆိုလို့ရှိရင် သင်ကခုန်ချင်တယ်။ ဝိညာဉ်တော်ထဲမှာ ရှိချင်တယ်။ လက်ခုပ်တီးချင်တယ်။ ခြေ ထောက်တွေနဲ့လည်း အသံမြည်အောင်လုပ်ချင် တယ်။ သင့်ရဲ့ဦးထုပ်တွေကိုမြှောက်ပြီးတော့ ကြမ်းပြင်ပေါ်မှာ ပစ်ချင်တယ်။ သင့်အပြုအ မူတွေဟာ အူကြောင်ကြောင်နိုင်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်းသင်ဟာဝိညာဉ်တခုထဲမှာ ဘဲရောက်နေပါတယ်။ သင်စဉ်းစားမိပါသလား။ ကခုန်တတ်တဲ့လူတစ်ယောက်အကြောင်း ဘဲဖြစ်ပါတယ်။ သူဟာကပွဲကိုသွားပါတယ်။ သင်တို့အချိန် ကောင်းကောင်းရပြီးတော့ ပျော် ရွှင်ရမှာဖြစ်ပါတယ်လို့ကျွန်တော်ထင်ပါတယ်။

73 ၇၃။ သူတို့ဘာပြောမလဲဆိုတော့ ဒီကနေထွက်သွားပါ လို့ပြောမှာဖြစ်ပါတယ်။ မောင်းထုတ်မှာဖြစ်ပါတယ်။

တခါတည်းကစားပွဲတွေကိုသွားမယ်တခုပြီးတခုကြည့်မယ်အိမ်ကနေထွက်ပြေးမယ်။ အဲဒါတွေကိုသင်ကောင်းတယ်လို့သင်ထင်ပါတယ်။ သင်ဟာ Base ball ကစားတဲ့လူ မဟုတ်ပါဘူး။ တကယ်စင်စစ်မဟုတ်ပါ ဘူး။ Base ball သဘောတရားတွေထဲမှာ ရောက်နေ တာဘဲဖြစ်ပါတယ်။ တစ်ယောက်ယောက်ကသင့်ကိုအိမ်မှာသင့်ကိုခေါ်တယ်။ ချီးမြှောက်ပြီး တော့ အနိုင်ယူမယ်လို့ ဆိုပါတယ်။ တစုံတစ်ယောက်သောသူရဲ့ဦးထုပ်ကို အဲဒီလိုမျိုးလွှင့် ပစ်လိုက်ပါ။ ဘယ်သူကမှဘာမှပြောမှာမဟုတ်ပါဘူး။

အသင်းတော်ထဲမှာဆိုလို့ရှိရင်ဝိညာဉ်တော်အထဲရောက်နေတဲ့အခါမှာ ချီးမြှောက် ပြီးတော့ ဘုရားဘုန်းတော်ထင်ရှားစေဖို့ ဟာလေလုယာ။ Praise The Lord စသည်ဖြင့် ပြော မှာဖြစ်ပါတယ်။

လူတစ်ယောက်ယောက်ကဘာပြောမလဲဆိုတော့ သူကတော့ သန့်ရှင်းတဲ့ကခုန်တဲ့ လူတစ်ယောက်ဘဲလို့ ပြောသွားမှာဖြစ်ပါတယ်။

သင့်ကိုကျွန်တော်မေးခွန်းတခုမေးလိုပါတယ်။ ကျွန်ုပ်တို့ဟာသန့်ရှင်းသူများဖြစ် ပြီးတော့ ထိုသို့ပြုလုပ်မယ်ဆိုလို့ရှိရင် မသန့်ရှင်းတဲ့သူတွေလည်း ပေါ်ထွက်လာမှာဖြစ်တယ်။သူတို့လည်း အဲဒီလိုဘဲကခုန်ကြမှာ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ သန့်ရှင်းတဲ့ကခုန်သူ ဘဲဖြစ်ချင်ပါတယ်။ မသန့်ရှင်းတဲ့ကခုန်သူဖြစ်မဲ့အစား သန့်ရှင်းတဲ့ကခုန်သူဘဲဖြစ်လိုပါ တယ်။ သင်ရောမဖြစ်နိုင်ဘူးလား။ မသန့်ရှင်းတဲ့ကခုန်သူများဆိုလို့ရှိရင် ကျွန်တော်တို့အ တွက်လည်းအဆင်ပြေမှာမဟုတ်ပါဘူး။

74 ၇၄။ သူဟာဝိညာဉ်တော်အထဲမှာ ရှိနေပါတယ်။ သူဟာဝိညာဉ်တော်အထဲမှာ

ရှိနေတဲ့အတွက်ကြောင့်ဒီအရာတွေအားလုံးဖြစ်ပေါ်လာပါတယ်။သူအဲဒီအထဲကိုဝင်လာတဲ့အခါမှာသူဟာတံပိုးမှုတ်သံကိုကြားရပါတယ်။ တံပိုးသံက အမြဲတမ်းဘဲ တစုံတခု လာတော့ မယ်ဆိုတာကိုကြေညာခြင်းဘဲဖြစ်ပါတယ်။ ရှင်ဘုရင်ဟာလာတော့မယ်ဆိုလို့ရှိရင် တံပိုးမှုတ်ကြပါတယ်။ သခင်ယေရှုကြွလာတော့မယ်ဆိုလို့ရှိရင် တံပိုးမှုတ်မှာဖြစ်ပါတယ်။ ယောသပ်ထွက်သွားပြီးတော့ ယောသပ် အပြင်ကိုရောက်သွားတဲ့အခါမှာ တံပိုးမှုတ်သံကို ကြားရပါတယ်။ တခုခုလာတော့မယ်ဆိုလို့ရင် အမြဲတမ်းဘဲ ထိုကဲ့သို့ဖြစ် လေ့ရှိပါတယ်။ ယောဟန်ဝိညာဉ်တော်ထဲမှာရှိပါတယ်။ သူဟာ တံပိုးမှုတ်သံကိုကြားရပါတယ်။ သူတံပိုးမှုတ် သံကိုကြားရပြီး လှည့်ကြည့်လိုက်တဲ့အခါမှာ သူနောက်မှာ တံပိုးသံကိုကြားရပါတယ်။ သူ ဟာဝိညာဉ်တော်ထဲကို ရောက်သွားပါတယ်။

75 ၇၅။ သူဟာကခုန်နေမယ်။ ပြေးလွှားနေမယ်။ အဲဒီပတ်မုကျွန်းပေါ်မှာ ပတ်ပြေးနေ ကောင်းနေပါလိမ့်မယ်။ သူဟာအရမ်း ပျော်နေမှာပါ။ သူဟာဝိညာဉ်တော်ထဲမှာ ရှိပါတယ်။ အဲလိုမျိုးဖြစ်နေတာဟာ ဘာသာရေးအစွန်းရောက်သကဲ့သို့ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်အဲဒီလိုမျိုးဆိုလိုခြင်းမျိုးမဟုတ်ပါဘူး။ သူအဲလိုလုပ်ကောင်းလုပ်နေမှာဖြစ်ပါ တယ်။ ဝိညာဉ်တော်ထဲမှာ သူဟာပျော်ရွှင်နေမှာ ဖြစ်ပါတယ်။ ဘုရားရှင်ကျေးဇူးတွေနဲ့ ချီးမွမ်းကခုန်နေမယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီလိုဘဲဖြစ်ပျက်ခဲ့လို့ဖြစ်ပါတယ်။ ပထမဦး ဆုံးနေရာကိုရောက်ပြီးတော့ သူကလဲကျသွားမှာဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော် သူအပေါ် ကို လဲကျသွားတဲ့အခါမှာ သူတို့ဟာ အရက်မူးသမားကဲ့သို့ဖြစ်ပြီးတော့ သူတို့ဟာ အရက်သောက်ပြီးတော့မူးနေတဲ့လူတွေလိုဖြစ်နေပါတယ်။နောက်ဆုံးမှာ အဲဒီလိုမျိုးပြော ဆိုတဲ့အခါမှာ လူတွေကလည်း ဝေဖန်ကြပါတယ်။ ဒီလူတွေဟာ စပျစ်ရည်နဲ့ယဇ်မူးနေကြ တယ်လို့ဆိုကြပါတယ်။ သူတို့အဲဒီနည်းအတိုင်းဘဲ ပြုမူခဲ့ပါတယ်။ ဝိညာဉ်တော်ကတဖန် ရောက်လာပါ တယ်။ သူအလားတူထိုကဲ့သို့ပြုမူပါတယ်။ အဲဒါနဲ့ပတ်သက်လို့ဘာမှပြောစရာ မရှိပါဘူး။ ရှေးဟောင်းဘာသာရေး စနစ်ဘဲဖြစ်ပါတယ်။

76 ၇၆။ ကိုယ်တော်ရှင်ရဲ့နေ့ရက်မှာ ဝိညာဉ်တော်၌ရှိပါတယ်။... ယခုကျွန်တော်တို့ ကြားရပါတယ်။ ဘာဖြစ်ပါသလဲ။ သူဘာလုပ်ပါသလဲ။ သူဟာပတ်မုန့်ကျွန်းပေါ်မှနေ၍ ဝိညာဉ်တော်ထဲကိုဆောင်ယူခြင်းခံရပါတယ်။ ကိုယ်တော်ရှင်ရဲ့နေ့ရက်ကိုရောက်သွားပါတယ်။ ကိုယ်တော်ရှင်နေ့ရက်ကိုရောက်သွားတဲ့အခါမှာ သူကတံပိုးမှုတ်သံကိုကြားရပါတယ်။ အဲဒါဘာဖြစ်ပါ သလဲ။ တစုံတစ်ဦးကြွရောက်လာခြင်းဘဲဖြစ်ပါတယ်။ အင်မတန်ကြီးမြတ် တဲ့ဘုရင်ကြီးတစ်ပါးကြွရောက်လာပါတယ်။ တံပိုးမှုတ်သံများကြားရပါတယ်။ တစ်စုံတစ် ယောက်သောသူကြွလာပါတယ်။ သူကြည့်လိုက်ပါတယ်။ ဟာလေလုယာ။

...တံပိုးမှုတ်သံကိုကြားရပါတယ်။

ငါသည်အာလဖနှင့် ဩမေဃ လည်း ဖြစ်၏။ အစနှင့်အဆုံးဖြစ်သည်ဟု ပြောသံကိုလည်း ကြားရပါ၏။

ကြေညာခြင်းဘဲဖြစ်ပါတယ်။ ဒုတိယပါတီ၊ တတိယပါတီ ဒါမှမဟုတ် တစ်ပါတီရဲ့ကြေညာ ခြင်းဘဲဖြစ်ပါတယ်။ ငါဟာ အာလဖ နှင့်ဩမေဃလည်းဖြစ်တယ်။ သင်တို့ကို တစ်စုံတခု သောအရာကိုမပြခင် ငါဘယ်သူဖြစ်သလဲဆိုတာကိုသင်တို့ကို ငါသိစေချင်တယ်။အာမင်။

အကြီးမားဆုံးသောဗျာဒိတ်တော်ကဘာလဲဆိုတော့ သခင်ယေရှုခရစ်တော်ရဲ့ဘု ရားဖြစ်ခြင်းဘဲဖြစ်ပါတယ်။ သင်ဟာပထမဦး ဆုံးအခြေပြုတဲ့နေရာကိုမသွားနိုင်ပါဘူး။ သင် မယုံကြည်ရင်ဘယ်လိုမှမရောက်နိုင်ပါဘူး။ ပေတရုပြောတဲ့အတိုင်းဘဲ နောင်တ ရပါ။ ပြီး တော့ဘုရားသခင်ကိုကြည့်ပါ။ ယေရှုခရစ်ရဲ့နာမ၌ဗိတ္တိဇံကိုခံပါ။ သင့်ရဲ့အပြစ်တွေကိုဖြေ လွှတ်မှာဖြစ်ပါတယ်။ နောက်ပြီးတော့သင်ဟာဝိညာဉ်တော်ထဲကိုသွားရမှာဖြစ်ပါတယ်။ပထမဦးဆုံးသင်သိရမဲ့အချက်ကတော့ သခင်ခရစ်တော်ဘုရား ဖြစ်ခြင်းဘဲဖြစ်ပါတယ်။ ငါသည် အာလဖနှင့်ဩမေဃဖြစ်တယ်။ ငါသည် က မှ အ ဖြစ်တယ်။ ဒါနဲ့ပတ်သက်လို့ ငါမှာ ဘာမှမရှိ တော့ပါဘူး။ ငါအစဖြစ်တယ်။ ငါအဆုံးလည်းဖြစ်မယ်။ ကြွလာတော်မူ တဲ့ကြီးမြတ်တဲ့သူကငါဘဲဖြစ်မယ်လို့ ဆိုထားပါတယ်။ သေချာစဉ်းစားပါ။ အဲဒါကတော့ တံပိုးမှုတ်သံဘဲ ဖြစ်ပါတယ်။

77 ၇၇။ သေချာစွာစဉ်းစားပါ။ယောဟန်။ သင်ဟာ ဝိညာဉ်တော်ထဲကိုရောက်သွားပါတယ်။ တစုံတခုသော အရာကိုသင်ကိုဖော်ပြမှာဖြစ်ပါတယ်။အဲဒါကဘာဖြစ်သလဲ။တံပိုးမှုတ်သံ ဖြစ်ပါတယ်။ ပထမဦးဆုံးအရာဘဲဖြစ်ပါတယ်။ ငါဟာအာလဖနှင့် ဩမေဃ ဖြစ်တယ်။ ဗျာဒိတ်တော်အားလုံးရဲ့ပထမဦးဆုံးဘဲဖြစ်ပါတယ်။ အိုးအပြစ်သား ယခုအခါမှာ ဝေါင်းငုံ့ပြီး နောင်တရပြီးတော့ ဆုတောင်းပါ။ အချိန်သိပ်မနောက်ကျခင် နောင်တရပါ။ ငါသည်အာလဖနှင့်ဩမေဃဖြစ်တယ်။ အဲဒါကပထမဦးဆုံးအရာ ဖြစ်ပြီးတော့ ကိုယ်တော်ရှင်ဘယ်သူဖြစ်တယ်ဆိုတာကိုသိစေခြင်းဘဲဖြစ်ပါတယ်။ ဘယ်သူ ကပေါ်ထွက်လာပါသလဲ။ အဲဒီသခင်ယေရှုဖြစ်ပါသလား။ ဘုရားသခင်တည်းဟူသော ဘုရင်ဖြစ်ပါသလား။ သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသောဘုရင်ဖြစ်ပါသလား။ သူဘာပြောသလဲဆိုတော့ အားလုံး ဟာငါဘဲဖြစ်တယ်။ ငါသည် က မှ အ အထိဖြစ်တယ်။ ငါအစဖြစ်တယ်။ အဆုံးဖြစ်တယ်။ ငါဟာတစ်ပါးတည်းတည်ရှိတဲ့ဘုရားဖြစ်တယ်။ ငါဟာပျက်စီးခြင်း၊ သေဆုံးခြင်းမရှိလို့ဆို ထားပါတယ်။

သိပ်မကြာခင် အချိန်မှာ ကျွန်တော်တို့ ကိုယ်တော်ရှင်ကိုကြည့်နေပါတယ်။ သူရဲ့ ခုနစ်ဖြာသောပုံစံကို ကျွန်တော်တို့ကြည့် နေပါတယ်။ သူဟာဘယ်လိုဖြစ်သလဲဆိုတာကျွန် တော်တို့ကြည့်ကြပါစို့။ ငါသည်အစဖြစ်တယ်။ အဆုံးလည်းဖြစ်တယ်။ ငါသည် အာလဖလည်းဖြစ်တယ်။ ဩမေဃလည်းဖြစ်တယ်။ ပထမဆုံးနဲ့နောက်ဆုံးလည်းဖြစ်တယ်။ ပထမ ဦးဆုံးမရှိမှီကတည်းကငါရှိပြီးတော့ နောက်ဆုံးထက်ပိုပြီးတော့နောက်ဆုံးမရှိတော့ပါဘူး။ ငါအမြဲတမ်းတည်မြဲနေပါတယ်။ တနည်းအားဖြင့်ဆိုသော် ပထမဦးဆုံးနဲ့ နောက်ဆုံးဖြစ် တယ်လို့ဆိုထားပါတယ်။

...မြည်သောအချက်ဟူမူကား သင်သည်မြင်သောအရာကို စပြီးစာစောင်၌ရေး ကျွန်ုပ်သခင်၏ အရာတို့ကအဘယ်အ ရာဖြစ်သည်ကို ငါတို့ မေးသော ငါနှင့်ပြောဆို သောကောင်းကင်တမန်က အဘယ်အရာဖြစ်သည်ကို နားမလည် သလောဟုမေး လျှင် ကျွန်ုပ်နားမလည်ပါသခင်ဟု လျှောက်၏။ ကောင်းကင်တမန်ကလည်း ဇေရုဘဗေလ ရောက်လာသောထာဝရဘုရား၏ နှုတ်ကပတ်တော်မူကား ဤအမှုသည် ဗိုလ်ခြေအား

ဖြင့်မဟုတ်၊ အာဏာအားဖြင့်မဟုတ်၊ ငါ၏ဝိညာဉ်အားဖြင့် ဖြစ်လိမ့်မည်ဟု ကောင်းကင်ဗိုလ် ခြေအရှင်ထာဝရဘုရား မိန့်တော်မူ၏။ အိုးတောင်ကြီးအဘယ်သို့ ဇေရုဗဗေလ ရှေ့မှာမြေညီသောအ ရပ်ဖြစ်ရလိမ့်မည်။ လူများတို့ကကျေးဇူးတော်ဖြစ်ပါစေသော်။ ကျေးဇူးတော်ဖြစ်ပါစေသော်ဟု ကြွေးကြော်လျက်ထိပ်ငင်းသည် တိုက်တောက် အထွဋ်ကျောက်ကို တင်ထားရလိမ့်မည်။

78 ၇၈။ မှန်ပါသည်။ ပထမဦးဆုံးဖွင့်ပြပေးသူကတော့ တုနှိုင်းမရသော သခင်ယေရှုဖြစ် ပါသည်။ သင်သိပါလိမ့်မည်။ ဘယအချိန်မှာ ဘယ်သူ၏အသံကို ကြားရလိမ့်မည်။ မှန်ပါ သည်။ တစ်သံတည်းကို သိနတောင်ပေါ်မှ ကြားရသလို ထုံအသံပင် ခရစ်တော်ရောင်ခြည်တောက်ပြီး အဝတ်တော် ပြောင်းလဲသော တောင်ပေါ်တွင် ထပ်မံကြားရပါသည်။ ထိုအသံ အားလုံးတို့သည် လူသား၏အသံပင်ဖြစ်ပါသည်။

ယခု အခြားကျမ်းချက်ကို စောင့်မျှော်ကြည့်ကြပါစို့။ ဟုတ်ပါပြီ။ ထို့နောက် စာရွက် လှန်လိုက်ပါသည်။ (အခန်းကြီး ၁၂)

အကျွန်ုပ်တို့အားလုံး ဤအသင်းတော်မှနေ၍ မိနစ်အနည်းငယ်ကြာ ထွက် သွားကြပါစို့။ အဘယ်ကြောင့်ဆိုသော် တစ်ပါတ်လုံး ဤနေရာသို့ ပြန်လာဘို့ ဖြစ်သည်။ ထို့ကြောင့် ယခု ကျွန်ုပ်တို့ ဟိုဘက်ကိုသွားကြပါစို့။

သို့သော် ဤသို့ မိန့်တော်မူသည်။ ဤအရာများ ငါသည် တိုက်ရိုက်ဤသတင်းစ ကားကိုပြမည်။ ဘယ်သူလဲ¿ငါသည် အစနှင့်အဆုံးသောသူ ဖြစ်သည်။ ငါသည် တုနှိုင်းမရ သောသူဖြစ်သည်။ ငါသည် မြင့်မြတ်သောဘုရား ဖြစ်သည်။ ငါသည် သင့်ကို ဤသတင်းစကားများကိုပြောပြီး အသင်းတော်(၇)ပါး အကြောင်းကိုလည်း ပြောမည်။ သင်ရေးထားဘို့ ရန် အလိုရှိသည်။ အသင့်ရှိနေပါ။ အာရှတိုက်တွင်ရှိသော အသင်းတော်(၇)ပါးအကြောင်း ပေတည်း။ ယခု သူတို့သည် အသင်းတော်များဖြစ်ပြီး သူတို့၏ သဘာဝအားဖြင့် ပုံဆောင် ချက်များကို ယခုရောက်လာပြီ။

79 ၇၉။ ယခု ကျွန်ုပ်သူ့ကိုကြည့်ဘို့ လှည့်လိုက်သောအခါ ထိုအသံသည် ကျွန်ုပ်ကို စကားပြောလေသည်။ ပြန်လှည့်သည့် အချိန်မှာ ကျွန်ုပ်သည် ဖယောင်းတိုင်(၇)ချောင်းကို တွေ့ ရပါသည်။

ရွှေဖယောင်းတိုင်(၇)ချောင်း၊ ယခု ကျွန်တော်တို့ ကင်းဂျိမ်းဗားရှင်းသင်အလိုရှိသည့်အတိုင်း ဖြစ်လာပါမည်။သို့မဟုတ် အခြားအခြားသော ကျမ်းစာအုပ်အားဖြင့် စကော့ဖီး (သို့)ထွယ်ဆောင်ချိန်း (သို့)ငင်းရွှေဖယောင်းတိုင်(၇) ချောင်းအကြောင်းကို ရေးသားထားပါသည်။ မှန်တယ်မဟုတ်လား¿ ပရိတ်သတ်များ...ဟုတ်ပါသည်။ (ဗျာဒိတ် ၁း၂၀) ရွှေဖယောင်းတိုင်(၇)တိုင်သည် အသင်းတော်(၇)ပါးကို ပုံဆောင်ပါသည်။ အကယ်၍ သင်သည် ဖယောင်းတိုင်လို့မြင်လျှင် မီးနည်းနည်းသာ တောက်လောင်နေမည်။ သို့သော် ဖယောင်းတိုင် မဟုတ်ပါ။ မီးခွက်တိုင် ဖြစ်တယ်။ မီးခွက် တိုင်ကို ပေးပြီးဖြစ်သည်။ ထို့နောက် ကိုယ်လှည့်လိုက်သောအခါ လူသားသည် ထိုမီးတိုင် အလယ်မှာ လျှောက်သွားလျှက်ရှိသည်။

80 ၈၀။ ယခုကြည့်ပါ။ ဖယောင်းတိုင် မကြာခင် မီးစွဲသွားပါမယ်။ အားလုံးလောင်သွားပါ လိမ့်မယ်။ ထိုနေရာ၌ လောင်ဘို့ရန် မရှိတော့ပါ။ နာရီအနည်းငယ်တွင် မီးငြိမ်းသွားပါလိမ့် မည်။ သို့သော် မီးတိုင်ကဲ့သို့ ဖြစ်သွားသည်။ မီးတိုင် ...

ဤနေရာ၌ သမ္မာကျမ်းစာချက်ကို ကြည့်ကြပါစို့။ (ဇာခရိ ၄း၁)ဖတ်ကြည့်သည့်အ ခါကျမ်းချက်ထဲမှ ဘာတွေသွန်သင်ပြီး ဘာအလိုရှိပါသလဲ¿ ထို့ပြင်ကျွန်ုပ်ယုံကြည်ပါသည်။ကျွန်ုပ်တို့သည်ဖြစ်နိုင်ပါက အတူတကွ အလိုရှိကြပါသည်။ ဇာခရိကို ဖေဖနိ၌ ကျွန်ုပ်တို့တွေ့နိုင်ပါ့မလား¿ ဟုတ်ပါတယ်။ကျွန်ုပ်၏ ကျမ်းစာအုပ်အဟောင်းထဲမှာတော့ ဤကဲ့သို့ ရေးထားပါသည်။ (ဇာခရိ ၄း၁) ယခုသေချာစွာ နားထောင်ပါ။ သင်သည် ကောင်းမွန်လှပ သော ရုပ်ပုံကားချပ်ကို ယခု ရလိမ့်မည်။

ထို့နောက် ကောင်းကင်တမန်က ..

ပရောဖက်အားဖြင့် ယခု ခရစ်တော်မပေါ်မီ (BC ၅၁၉) ဖော်ပြခဲ့သည်။

ကောင်းကင်တမန်က သင်နှင့်ငါ စကားပြောမည်။ ထပ်လာပါအုံးဟု ဆိုပါသည်။ ကျွန်ုပ်ကို နှိုးပါသည်။ (လူကဲ့သို့ နှိုးလေသည်။)

(ယခု ပရောဖက်၏ရူပါရုံ)

သူက ကျွန်ုပ်ကို ဤသို့မိန့်တော်မူ၏။ အဘယ်အရာကို မြင်ပါသလဲ¿ ငါကြည့်နေမည့်အချိန်မှာ ဖယောင်းတိုင်ကို ကိုင်ထားတာမြင်ပါတယ်။ (ဖယောင်းတိုင်ခုံဟု ဘာသာပြန် ထားပါသည်။) ရွှေအတိနှင့်ပြည့်သော ခွက်ဖလားထိပ်ကို (ထိုနေရာ၌ မီးခွက်) မီးအိမ်(၇) လုံး၊ ပိုက်(၇)ခုနှင့် မီးအလင်းကို အရာအားလုံးတို့သည် တိပ်၌ရှိသည်။ (ကြည့်ပါ။ အသင်း တော် (၇)ပါးလုံး ရောက်လာလိမ့်မည်။ သံလွင်ပင်(၂)ပင်၊ ယခု ဘာအမျိုးအစားလဲ¿ ဘယ်လိုမီးလောင်မလဲ၊ သမ္မာကျမ်း အချိန်ကာလ၌ မီးဘယ်လိုစွဲမလဲ၊ တစ်ယောက်ယောက် များ သိသလား၊ ဘာဆီအမျိုးအစားလဲ၊ သံလွင်ပင် (၂)ပင်သည် ဓမ္မဟောင်းနှင့်ဓမ္မသစ်ကို ပုံဆောင်ပါသည်။

ကိုယ်တော်သည် ကျွန်ုပ်ကို စကားပြောပါသည်။ ဤအရာသည် ဘုရား၏နှုတ်က ပတ်တော် ဖြစ်ပါသည်ဟု ဇေရုဗဗေလကို ပြောပါသည်။ ဤအရာများသည် ဘုရားသခင်၏ တန်ခိုးနှင့် ကောင်းမြတ်ခြင်းကြောင့် ဖြစ်သည်။

81 ၈၁။ ရွှေမီးခွက်ဆိုသည့်အရာမှာ ဘယ်အရာနည်း။ မီးခွက်ဘဲဖြစ်ပါသည်။ ရိုးရိုးသာမန် ရွှေမီးခွက်တစ်လုံးသာဖြစ်ပါတယ်။ မည်မျှလှပပါသလဲ။ သူလှည့်ကြည့်လိုက်တဲ့အခါမှာ ဘုရားသားတော်၊ လူသားတစ်ဦး ရပ်နေသည်ကိုတွေ့ရပါတယ်။ ထိုရွှေမီးခွက်ရဲ့ ၇ လုံးရဲ့ အလယ်မှာ ဖြစ်ပါတယ်။ အဓိပ္ပါယ်ကတော့ အသင်းတော်ခေတ်ကာလခုနစ်ပါးဘဲ ဖြစ်ပါ တယ်။ မီးခွက်တစ်လုံးစီမှာ တစ်ခုနှင့် ပိုက်လုံးများနဲ့ ဆက်နေပြီး ဆီခွက်ကြီးနှင့် ချိတ်ဆက် နေပါတယ်။ ထိုဆီခွက်ထဲမှ ဆီနည်းနည်းလေး မီးခွက်ထဲကိုလာပြီး မီးတောက်ကလေးဖြစ် စေပါတယ်။

ကြိုးကလေးမှတဆင့် ဆီများစိပ်ကျပြီးတော့ မီးတောက်မီးလျှံဖြစ်ခြင်းဘဲဖြစ် ပါတယ်။ သူတို့ကဆီကို ထိပ်မှနေပြီးတော့ လောင်းထည့်ပါတယ်။ အဓိကကျသော ကြီးမား ပိုက်လိုင်းမှတဆင့် စိပ်ဝင်ဆင်းလာပါတယ်။ အဓိကကျသောအပိုင်းမှ ဖျာပြီးတော့ ဆင်း လာခြင်းဘဲဖြစ်ပါတယ်။ မီးခွက်မှာလဲ ဆီမီးစဖြင့် တောက်နေပြီးတော့ ပိုက်များနဲ့ ဆက် သွယ်နေပါတယ်။ နေ့ရောညပါမီးထွန်းထားလို့ ရပါတယ်။ ထပ်မံ၍ထပ်ခါထပ်ခါမီးထွန်း စရာမလိုပါ။ ဘယ်တော့မှမီးမငြိမ်းပါ။ အဓိကပိုက်ထဲမှသာ ဆီလောင်းထည့်ဖို့လိုပါတယ်။ ဒီမီးခွက်များက ဤကဲ့သို့ဖြစ်လာပါတယ်။ အဲဒီမီးခွက်များ ထိပ်မှာ မီးတောက်များကိုတွေ့ရပါတယ်။ မီးခွက်မှမီးတောက်များ ဤကဲ့သို့ကျဆင်းလာပါတယ်။ ထိုကဲ့ သို့ဖြစ်ခြင်းအားဖြင့် မီးခွက်ရဲ့ထွန်းလင်းမှုကို တွေ့ရပါတယ်။ ဖယောင်းတိုင်နှင့် မည်မျှကွာခြားဘာသနည်း။ မီးခွက်ဖြစ်ပါတယ်။ ဆီထည့်ပြီးတော့မီးထွန်းရတဲ့ခွက်ဘဲဖြစ်ပါတယ်။ ဖယောင်းတိုင်နဲ့လုံး ဝမတူပါ။

82 ၈၂။ ဓမ္မဟောင်းတွင် တွေ့ရသော မီးခွက်များပေါ်တွင် မီးထွန်းညှိထားပါသည်။.... မီးခွက်တစ်လုံးကို မီးထွန်းသောအခါ လက်ထဲတွင်ကိုင်ထားသောမီးဖြင့်အခြားမီးခွက်တလုံး ကိုထွန်းညှိ၍ မရပါ။ မီးခွက်တစ်လုံး ကိုင်၍ မီးညှိပြီးနောက် အခြားတလုံးကိုယူ၍ ထပ်မံ မီးညှိရပါသည်။ ပြန်ချပြီးနောက် ဤမီးခွက်ကို မီးညှိရမည်။ နောက်မီးခွက်တခုယူပြီး ထိုမီးနှင့်ပင် အစပြုသကဲ့သို့ ဆက်၍မီးညှိပါသည်။ သခင်ယေရှုခရစ်သည် မနေ့၊ယနေ့ နှင့် ထာဝရကာလ အတူတူပင်ဖြစ်သည်။ အလားတူ မီးတည်းဟူသော သန့်ရှင်းသောဝိညာဉ် တော်fဖြစ်ပါသည်။ အသင်းတော်တိုင်းကို ခေတ်ကာလတလျှောက် မီးထိန်းညှိပေးသွားခြင်း ဖြစ်ပါသည်။

83 ၈၃။ ရှင်ယောဟန် အခန်းကြီး ၁၅ တွင် သခင်ယေရှုက ငါသည်စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အကိုင်းအခက်များ ဖြစ်ကြ၏။ ဟုဆိုထားခြင်းမဟုတ်ပါလား။ သူသည်အမိ ကစပျစ်နွယ်ပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် အကိုင်းများဖြစ်ကြသည်။ ယခု စပျစ်နွယ်ပင်က အသီးမသီးပါ။

(တိပ်သားပေါ်တွင်ကွက်လပ်ဖြစ်နေသည်။ - အယ်ဒီတာ) လိမ္မော်ပင်ကဲ့သို့ချဉ်သီး ရှောက်သီး ယူ၍ စပျစ်ပင်နှင့်ကိုင်းဆက်နိုင် ပါသည်။ အပင်ဆက်လက်အသက်ရှင်ပါမည်။ သဖန်းပင်၊ချဉ်သီးပင်မျိုးများဖြစ်သည်။ ရှောက်ချဉ်သီး သို့မဟုတ် လိမ္မော်သီး မည်သည့်ချဉ်သီး မဆို ကိုင်းဆက်ပါက လိမ္မော်ပင်ကဲ့သို့ ဆက်လက်၍ အသက်ရှင်ပါမည်။ သို့သော်လည်း လိမ္မော်သီးမသီးပါ။ စပျစ်သီး၊ သံပုရာသီးများသာသီးပါမည်။ တကယ်စစ်မှန်သော အပင်မှ ကိုင်းယုက်ထားခြင်းပင် ဖြစ်ပါသည်။ ထိုအပင်မှ အခြားကိုင်းတစ်ကိုင်းပေါ်ထွက် လာပါက အသက်ပါလာပါမည်။ လိမ္မော်သီး သီးပါမည်။ အစကတည်းက အမြစ်မှစ၍လိ မ္မော်ပင်အသက်တာဖြစ်သဖြင့် လိမ္မော်သီး သီးရခြင်းဖြစ်ပါသည်။ အခြားကိုင်းများကမူသူ တို့၏သဘာဝအတိုင်း ချဉ်သီးပင်ဖြစ်နေပါသည်။ မူရင်းအသီးကို မသီးနိုင်ပါ။ မူရင်းမဟုတ်သောကြောင့်ဖြစ်ပါသည်။

84 ၈၄။ အသင်းတော်လည်း ထိုသို့ပင်ဖြစ်ပါသည်။ ကိုင်းယုက်၍ ပရက်(စ)ပတီးယန်း၊မက် သဒစ်၊ နှစ်ခြင်း စသည်တို့ဖြင့် ကိုင်းကူးထားပါသည်။ နှစ်ခြင်းအသီး၊ ပရက်စ်ပတီးယန်းအသီး၊ မက်သဒစ်အသီးများသာ သီးပါသည်။ ပင်တေကုတ္တေနေ့မှာကဲ့သို့ အမျိုးအစားတူညီ သောကိုင်းကို မူရင်းကိုင်းအတိုင်းဖြစ်ပါက အခြားသောဘာသာစကား ပြောဆိုခြင်း၊တန်ခိုး ရှိ၍ ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်၏နမိတ်လက္ခဏာများကို တွေ့ရမည်ဖြစ်ပါ သည်။ အလားတူ အပင်နှင့်အမျိုးအစားတူညီ၍ မွေးဖွားလာပါက မူရင်း အတိုင်း အသက် ရှင်၍ ပေါ်ထွက်လာရပါမည်။ကြည့်ပါ။ အခြားသူများ အလွဲသုံးစား ပြုလုပ်ကြပါသည်။ အပင်ကိုကြည့်ခြင်းအား ဖြင့် သိနိုင်သည်။ အပင်၏အမျိုးအစားတိုင်း အသီးကို သီးရပါမည်။ သူတို့မသုံးဆောင်ပါ။ သူတို့ မယုံကြည်ပါ။ အဘယ်ကြောင့်ဆိုသော် သူတို့ကို မသိသောကြောင့် ဖြစ်သည်။ သို့သော် ထိုအသက်ပင်၌ပင် မွေးဖွားခဲ့သော် ထိုအပင်၏အသီးကိုသာ သီးမည်။ ဤအရာသည် မူ လအစဝါဒဖြစ်ခဲ့သည်။

85 ၈၅။ ဤမီးခွက်လက်တံများသည် ဆီခွက်ကြီးနှင့် ဆက်လျက်နေပါသည်။ ခွက်ကြီးတခုမှ မီးခွက်လက်တံ ကိုးခု - သို့မဟုတ် ခုနစ်ခုမှာ ထွက်လာပါသည်။ အဓိကအရင်းအမြစ် မှအလင်းတန်းများ တစ်ခုစီပေါ်ထွက်လာပါသည်။ ဆီအိုးထဲတွင် အလင်းတိုင်ကိုနှစ်ထား သောကြောင့်အလင်းရရှိခြင်း ဖြစ်ပါသည်။ ကြယ်ခုနစ်လုံးကို ကိုယ်စားပြု၍ဖော်ထုတ် ထားခြင်းဖြစ်ပြီး သူ၏အသက်တာမှာလည်း သန့်ရှင်းသောဝိညာဉ်တော်မီးဖြင့် ထွန်းလင်း ထားပါသည်။ ယုံကြည်ခြင်းဖြင့် သန့်ရှင်းသောဝိညာဉ်တော် ထွန်းလင်းလျက်ရှိသည်။ သူ၏ အသက်တာမှာ ဖယောင်းတိုင်ကဲ့သို့ဖြစ်သည်။-သို့မဟုတ်ပါက ဖယောင်းတိုင် မဟုတ်ပါ။ ဝိညာဉ်တော်ထဲမှာ နှစ်ထားသော မီးစဖြစ်သည်။ (ခရစ်တော်ထဲသို့) မီးစအားဖြင့် ဘုရား သခင်၏ အသက်ကိုရရှိပြီး သူ၏အသင်းတော်ကို အလင်းပေးပါသည်။ စစ်မှန်သောယုံကြည် သူ၏ သရုပ်ပုံပင်ဖြစ်သည်။ သူပေးသောအလင်းမှာ မည်သို့သော အလင်းအမျိုးအစား ဖြစ်သနည်း¿ ပထမဆုံးဖယောင်းတိုင်ကို စတင်ထွန်းညှိစဉ်က အလင်းမျိုးပင်ဖြစ်သည်။

ပထမဆုံးအသင်းတော်ခေတ်ကာလ စတင်စဉ်က ဖေက်ဖြစ်ခဲ့ပါသည်။ပေါလုက အသင်းတော်၏ တမန်ဖြစ်သည်။ ကြယ်များထဲမှတလုံးဖြစ်သည်။.....ကြယ်ခုနစ်လုံးရှိ၍ အဓိပ္ပါယ်မှာ တမန်ခုနစ်ပါးဖြစ်သည်။ သတင်းပို့ဆောင်သူ ခုနစ်ဦးဖြစ်သည်။ ဤအပတ်ကျွန်းတော်ကျမ်းချက်ကိုယူ၍ သမိုင်းနှင့်သက်သေပြပြီး တဦးစီမှာ အမှန်တကယ် ဖြစ် ကြောင်းပြောနိုင်ပါသည်။ ကောင်းကင်တမန်တိုင်းမှာ တူညီသော အလင်းရှိသည်။ ဤခေတ် ကာလများအလယ်မှာ ကြီးမြတ်တော်မူသောသူ ကြွလာပါမည်။

86 ၈၆။ အဓိကဆီအိုးကြီးတည်းဟူသော အလင်းမှ သူတို့က အလင်းရရှိပါသည်။ အသက် တာမှာ ခရစ်တော်အတွင်းသို့ နှစ်ထားပါသည်။ သင်သည်သေဆုံး၍ သင်၏အသက်တာမှာ ခရစ်တော်၌ ဖုံးကွယ်နေပါသည်။" သို့မဟုတ်ပါက ခရစ်တော်အားဖြင့် ဘုရားသခင်၌ ဖုံးကွယ်နေပါသည်။ ဝိညာဉ်တော်တံဆိပ်ခတ်ထားပါသည်။ ထိုနေရာမှ သင့်ကို ဆွဲထုတ်၍ မရပါ။ သင့်ဘဝ၏အသက်တာ အဆုံးပိုင်းတွင် ဝိညဉ်တော်နှင့်တောက်လောင်လျက် ရှိပါ သည်။ တောက်လောင်၍ အသက်ပေးပါသည်။ သင့်အသက်တာ၏ အခြားတစ်ဖက်မှာမည် သည့်အထဲတွင် နှစ်ထားသနည်း¿ ခရစ်တော်ထဲ၌ဖြစ်သည်။ သင့်အောင်နိုင်ခြင်းဘယ်မှာ ရှိသနည်း¿သခင်ယေရှုခရစ်တော်အားဖြင့်အောင်မြင်ခြင်းကိုပေးသောဘုရားသခင်အား ကျေးဇူးတင်ပါသည်။

87 ၈၇။ ဤကျမ်းပိုဒ်၏ အဆုံးပိုင်းကို ဖတ်ရှုကြည့်ကြပါစို့။...ငါသည်လှည့်ကြည့်လျှင် ရွှေမီးခွက် ခုနစ်လုံးကိုငင်း၊ ထိုမီးခွက်ခုနစ်လုံးအလယ်၌ လူ သားတော်နှင့်တူသောသူတစ် ဦးကိုငင်း မြင်၏။...

သင်သတိပြုမိပါသလား¿ ကြယ်များ၊ဖယောင်းတိုင်များ၊မီးခွက်များ၏အဓိပ္ပါယ်မှာ မည်သို့ဖြစ်ပါသနည်း¿ ကျွန်တော်တို့ ယခုနေထိုင်အသက်ရှင်သော ခေတ်ကာလမှာ ညအချိန်ဖြစ်သည်။ ဖယောင်းတိုင်များ၊ အလင်းများနှင့် ကြယ်များမှာ ညအချိန်ဟုအဓိပ္ပါယ် ရပါသည်။ ကြယ်ကဘာလုပ်ပါသလဲ? နေပြန်မထွက်လာမှီတိုင်အောင် နေ၏အလင်းကို ရောင်ပြန်ဟပ်စေပါသည်။ ကိုယ်တော်၏နာမတော်ကောင်းချီးဖြစ်ပါစေ။စစ်မှန်သော ဘုရားသခင်၏ အမှုတော်ဆောင်မှာ လက်နိုပ်ဓါတ်မီး အလင်းရောင်ကို ရောင်ပြန် ဟပ်စေခြင်းမဟုတ်ပါ။ မီးခြစ်ဆံမီး၊ မီးစကိုရောင်ပြန်ဟပ်စေခြင်းမဟုတ်ပါ။ ခရစ်တော်၏ ရွှေရောင်ခြည်များကို အသင်းတော်အား ရောင်ပြန်ဟပ်စေခြင်းဖြစ်သည်။ကိုယ်တော်သည် မပြောင်းလဲပါ။ ကိုယ်တော်သည်အသက်ရှင်သည်။ ကျွန်ုပ်အပေါ်မှာ ကိုယ်တော်တောက်ပသည်။ အာမင် ထိုအလင်းကိုရောင်ပြန်ဟပ်စေခြင်းဖြစ်သည်။ ကြယ်ကနေ၏အလင်းကို ရောင်ပြန်ဟပ်စေပါသည်။ ဘုရားသားတော်၏အလင်းကို ကျွန်ုပ်တို့က ရောင်ပြန်ဟပ်စေ ခြင်းဖြစ်သည်။ ကိုယ်တော်ပြုသောအမှုကိုပြု၍ အလင်းပေးသည်။ ဘာအလင်းဖြစ်ပါသလဲ? ဧဝံဂေလိ အလင်းဖြစ်၍.....

88 ၈၈။ ကိုယ်တော်ကို ဆက်လက်၍ အနည်းငယ်လေ့လာကြည့်ကြပါဦး။ ကျန်အခန်းငယ် (၁၃)ကိုလည်းလေ့လာပါမည်။ ထိုမီးခွက်ခုနစ်လုံးအလယ်၌ လူသားတော်နှင့်တူသောသူ တစ်ဦးကိုငင်းမြင်၏။ ထိုသူသည် မြေသို့တိုင်အောင်ဝတ်ခြုံလျက်၊ ရင်တော်၌ ရွှေခါးပန်းကို စည်းလျက်ဖြစ်၏။

ဤနေရာမှာ ဤသြဝါဒမှန်ကန်ကြောင်း ကိုယ်တော်၏ နေ့ရက်တော်အကြောင်း ဖေါ်ပြထားပါသည်။ ကိုယ်တော်ကိုသတိပြုမိပါသလား? ဤအချိန်၏ယဇ်ပရောဟိတ် မဟုတ်ပါ။ တရားသူကြီးဖြစ်သည်။

ယဇ်ပရောဟိတ်ကိုသတိပြုပါ။ ယဇ်ပရာဟိတ်အကြီးဖြစ်သည်။ သူသည် ဗိမာန် တော်ထဲဝင်သွားသောအခါ သို့မဟုတ် အမှုတော်ဆောင်ရန် သွားသောအခါ ခါးကိုကြိုးချည် ထားပါသည်။ အဓိပ္ပါယ်မှာ အစေခံခြင်းဖြစ်ပါသည်။ ပုခုံးပေါ်မှာ စည်းထားခြင်းမဟုတ်ပါ။ ယခု သူထွက်လာသောအခါ ပုခုံးပေါ်မှာစည်းထားပါသည်။ ရွှေခါးပန်းဖြင့် ရင်အုပ်ကို အပေါ်သို့တင်၍ စည်းထားပါသည်။ ဘာဖြစ်ပါသလဲ? တရားသူကြီးဖြစ်ပါသည်။ သူ၏ပုခုံးပေါ်မှာ စည်းထားသော တရားသူကြီးဖြစ်သည်။ ယဇ်ပရောဟိတ်ကဲ့သို့ အောက်မှာ စည်းထားခြင်းမဟုတ်ပါ။ ယခုအခါမှာ ယဇ်ပရောဟိတ် မဟုတ်တော့ပါ။ ယောဟန်က ကိုယ်တော်ရှင်၏နေ့ရက်တိုင်အောင်ကိုယ်တော်ကို တရားသူကြီးအဖြစ်မြင်တွေ့နေရပါ သည်။

89 ၈၉။ ကိုယ်တော်ရှင်သည် တရားသူကြီးဖြစ်ကြောင်း သင်ယုံကြည်ပါသလား။ ရှင်ယော ဟန်ခရစ်ဝင်ကျမ်း ၅း၂၂ကိုဖတ်ကြပါစို့။ ကိုယ်တော်သည်တရားသူကြီးဟုတ်မဟုတ်သိရပါမည်။ ရှင်ယောဟန်၅း၂၂ ခမည်းတော်သည် ဘယ်သူတို့မှ တရားစီရင်တော်မမူ။ တရား စီရင်ခြင်းရှိသမျှကို သားတော်အားဖြင့်အပ်ပေးတော်မူ၏။

မှန်ပါသလား။ သူသည်တရားသူကြီးဖြစ်သည်။ တရားသူကြီးချုပ်ဖြစ်ပါသည်။ ယောဟန်က သူပရော ဖက်ပြုသောနေ့ရက်မှ မဟုတ်ကြောင်းဖော်ပြပါသည်။ ပရောဖက်တစ်ပါးအနေနှင့် သူသည်ဘုရင်ဖြစ်သော နေ့ရက်များထဲသို့ ရောက်နေခြင်းလည်း မဟုတ်ပါ။ ကိုယ်တော်ရှင်၏နေ့ရက်မှာ တရားသူကြီးဖြစ်နေပါသည်။ ယဇ်ပရောဟိတ်များခါးတွင် ကြိုးချည်ထား၍ အမှုတော်ဆောင်ကြောင်း ဘယ်နှယ်ယောက်သိပါသလဲ။ ဓမ္မဟောင်းကျမ်း ကိုဖတ်သူတိုင်း ဤအကြောင်းကိုသိပါသည်။ ယဇ်ပရောဟိတ်မှာ ခါးပန်းကိုစည်းထားပါက အမှုတော်ဆောင်ခြင်းဖြစ်ပါသည်။ သူသည်အစေခံကျွန်ဖြစ်သည်။ ယခုသူသည်ပုခုံးကို ချည်နှောင်ထားပါသဖြင့် တရားသူကြီးဖြစ်ပါသည်။

90 ၉၀။ အနည်းငယ်ဆက်ဖတ်ကြပါစို့။....

ရင်တော်၌ရွှေခါးပန်းကို စည်းလျက်ဖြစ်၏။

သင်သည်ဤနေရာပေါ်မှာ ဖြစ်သဖြင့် ကိုယ်တော်သည် တရားသူကြီးဖြစ်ပါ သည်။။

ကိုယ်တော်ရှင်တည်းဟူသော ပုဂ္ဂိုလ်၏ဘုန်းတော်ခုနစ်ဖျာကို ကျွန်ုပ်တို့ဖတ်ပါ မည်။ မဖတ်မှီကျွန်တော်ဝမ်းမြောက်စွာ အော်ဟစ်လိုပါသည်။ အလွန်နှစ်သက်ဖွယ်သော အရာဖြစ်ပါသည်။ နားထောင်ပါ။

ဦးခေါင်းတော် ....

သူနှင့်ပတ်သက်၍ ဖော်ပြထားသောအရာ ခုနစ်ခုရှိပါသည်။ ဦးခေါင်းဆံပင်၊ မျက်လုံးများ ခြေထောက် အသံတော်ပင်ဖြစ်သည်။ ခုနစ်ခုဖော်ပြထားပါသည်။ သခင်ယေ ရှုခရစ်တော်၏ ခုနစ်ဖျာသောဘုန်းတော်ဖြစ်သည်။ ဖတ်ပြပါရစေ။

ဦးခေါင်းတော်နှင့် ဆံပင်တော်သည် ဖြူသောသိုးမွေးကဲ့သို့ လည်းကောင်း၊ မိုးပွင့် ကဲ့သို့လည်းကောင်း ဖြူ၏။ မျက်စိတော်သည်လည်း မီးလျှံကဲ့သို့ဖြစ်၏။

ခြေတော်သည်လည်း မီး၌ချွတ်ပြီး သောကြေးဝါစစ်နှင့် တူ၏။ အသံတော်သည် လည်း သမုဒ္ဒရာကဲ့သို့ဖြစ်၏။

လက်ျာလက်တော်သည်လည်း ကြယ်ခုနစ်လုံးကိုကိုင်၏။ ခံတွင်းတော်ထဲကလည်း ထက်သောသန်လျက်ထွက်၏။ မျက်နှာတော်သည် အရှိန်တန်ခိုးနှင့် ထွန်းတောက်သော နေကဲ့သို့ဖြစ်၏။ သားတော်၏ ဘုန်းတန်ခိုးနှင့်ပြည့်စုံသော အသက်တာဖြစ်သည်။ ယခုအ သင့်ရှိ်ကြပါစို့။

91 ၉၁။ ဘယ်ကဲ့သို့ ရူပါရုံ ဖြစ်ပါသလဲ? ဘုန်းကြီးသောသားတော်၏ အထိမ်းအမှတ်၊ ယခု- ကျွန်ုပ်တို့အသင့်ရှိကြပါစို့။

ကိုးနာရီဟု ကျွန်တော်ထင်သည်။ နှစ်နာရီဘဲ ရှိပါသည်။ ကျွန်တော်မစရသေးပါ။ ကောင်းပါသည်။ မတ်တပ်ရပ်နေတဲ့ ညီအစ်တွေအတွက် စိတ်မကောင်းပါဘူး။ ခြေထောက် ညောင်းနေတာဘဲ။ ကျွန်တော်လုပ်ပေးနိုင်တာရှိရင်လုပ်ပေးစေချင်ပါတယ်။ ခင်ဗျားတို့ခဏမတ်တပ်ရပ်နေကြရတဲ့အတွက် ကောင်းချီးများစွာ ခံစားရဖို့ ဆုတောင်းပေးပါတယ်။

92 ၉၂။ သူ၏ဦးခေါင်းတော်နှင့် ဆံပင်တော်မှာ သိုးမွေးကဲ့သို့ဖြူနေကြောင်း သတိပြုမိ ပါသည်။ ဦးခေါင်းနှင့် ဆံပင်များမှာ သိုးမွေးကဲ့သို့ဖြူနေပါသည်။ အသက်ကြီးဟု ဆိုလို သည့်အဘောမဟုတ်ပါ။ ထိုသို့ပြုလုပ်ရန် အသက်ကြီးနေခြင်းမဟုတ်ပါ။ သူနှင့်အတွေ့အကြုံအရည်အချင်း၊ သူ၏ညဏ်ပညာတို့ကြောင့်ဖြစ်ပါသည်။ အကြောင်းမှာသူသည် သူသည် ထာဝရဖြစ်၍ ထာဝရမှာ အသက်အကန့်အသတ်မရှိပါ။ သင်နားလည်ပါသလား။

ဒံယေလ ၇း၉ ဖတ်၍ ကိုယ်တော်ဘယ်ကနေလာကြောင်းကြည့်နိုင်ပါသည်။ ရှေး ဟောင်းအချိန်ကာလ အထိတွေ့ရပါသည်။ လူတိုင်း၊ ကျမ်းတတ်ပုဂ္ဂိုလ်တိုင်း ယခုအခါမှာ ကျွန်တော်ကဲ့သို့မည်သို့ဦးတည်နေကြောင်း သိရပါသည်။ ဒံယေလ ၇း၉ ဖြစ်ပါသည်။ ဂမုစ၍ဖတ်ပါ့မည်။

ထိုချိုတို့ကို ငါကြည့်ရှုစဉ် ချိုများအလယ်၌ ချိုငယ်တစ်ချောင်းသည် ပေါက်ပြန်၏။ ထိုချိုငယ်ရှေ့မှာ အရင်ချိုငယ် သုံးချောင်းကို အမြစ်နှင့်တကွ နုတ်လေ၏။ ထိုချိုငယ်သည် ရွှေမျက် စိကဲ့သို့သော မျက်စိနှင့်လည်းကောင်း၊ ကြီးစွာသော စကားကိုပြောတတ်သော နှုတ်နှင့်လည်းကောင်း ပြည့်စုံ ၏။ ထိုအခါငါကြည့်ရှုစဉ် ရာဇ ပလ္လင်များကို တည်ထားလျက် ရှိ၍ ....

သေချာစွာနားထောင်ပါ။ အနောက်ဖက်မှာ ထိုင်နေသူများကြားကြပါလား။ အာ မင်ဟုပြောပါ။ အနောက်မှာရှိတဲ့ဇနီးသည်ကို မေးပါသည်။ ဤအရာကပို၍အသက်ဝင်ပါ သည်။ ဟုတ်ပါသလား။ ကျွန်တော်တအားအော်ပြောနေမိပါသည်။

93 ၉၃။ (ဒံယေလ ၇ : ၉)

ထိုအခါငါကြည့်ရှုစဉ် ရာဇပလ္လင်များကို တည်ထားလျက်ရှိ၍ အသက်ကြီးသောသူ တစ်ဦးသည် ထိုင်တော်မူ၏။ အဝတ်တော်သည်မိုးပွင့်ကဲ့သို့ဖြူ၏။ ဆံပင်တော်သည်ဖြူသော သိုးမွေးနှင့်တူ၏။ ပလ္လင်တော်သည်မီးလျှံဖြစ်ပါ၏။ ပလ္လင်တော်အောက်မှာ မီးစက်လှည်း ဘီးရှိ၏။ မျက်နှာတော်မှာ မီးရောင်ခြည် ထွက်လေ၏။ အတိုင်းမသိများ စွာသောသူတို့သည် အမှုတော်ကိုဆောင်ရွက်၍ ကုဋေသချေမက ရှေ့တော်၌ ခံစား၍နေကြ၏။ တရားစီရင်ခြင်းငှာပြင်ဆင်၍ စာစောင်များကိုဖွင့်ထား၏။

ဆံပင်ဖြူ.. ထူတိုင်းသိသည့်အတိုင်းရှေးအခါက အင်္ဂလိပ်တရားသူကြီးများ သိုးမွေးကဲ့သို့သောဖြူသောဆံပင်အတုကိုတပ် ဆင်ကြပါသည်။ ဘယ်နှယ်သတိရကြပါသလဲ။ ရှေးခေတ်တရားသူကြီးများဆံပင်အတု အဖြူကိုတပ်ဆင်ကြပါသည်။ အကြောင်းမှာ .... ယခုကိုယ်တော်ကိုတွေ့ရပါသည်။ ကိုယ်တော်ရှင်၏နေ့ရက်အကြောင်း ယောဟန်ကိုပြသ ထားပါသည်။ သူ့အားတရားသူကြီးအဖြစ်တွေ့ရပါသည်။ (အာမင်) ယဇ်ပရောဟိတ်မဟုတ်ပါ။ ဘုရင်ကဲ့သို့မဟုတ်။ ပရောဖက်ကဲ့သို့ မဟုတ်ပါ။ တရားသူကြီးကဲ့သို့ဖြစ်ပါသည်။ (ရှင်ယောဟန်၅ : ၂၃)တွင်ခမည်းတော်က တရားစီရင်ခွင့်ကို ကိုယ်တော်အား ချပေးခဲ့ပါ သည်။ ယခုအခါမှာ တရားသူကြီးဖြစ်၍ နိုင်ငံများကို တရားစီရင်ရပါမည်။ ထိုနေ့ရက်အ တွက် ကိုယ်တော်ကို ထိုသို့တွေ့မြင်ရသောအခါ သူ၏ဆံပင်သည် နှင်းပွင့်ကဲ့သို့ဖြူဖွေးလျက်ရှိ ပါသည်။ ဒံယေလက ကိုယ်တော်အား ရှေးကာလ၏ နေ့ရက်များသို့လာရောက်ကြောင်းတွေ့ ခဲ့ပါသည်။ ဤနှစ်ခုကို ရောယှက်ထားသည်ကိုကြည့်ပါ။

94 ၉၄။ တရားစီရင်ခြင်းငှာ ပြင်ဆင်၍ စာစောင်များကို ဖွင့်ထား၏။

(ဒံယေလ၇ : ၉)

မီးစက်လှည်းဘီးရှိ၏။

မျက်နှာတော်မှာ မီးရောင်ခြည်ထွက်လေ၏။ အတိုင်းမသိ များစွာသောသူတို့သည် အမှုတော်ကိုဆောင်ရွက်၍ ကုဋေသချေမက ရှေ့တော်၌ ခံစား၍နေကြ၏။ တရားစီရင်ခြင်း ငှာ ပြင်ဆင်၍ စာစောင်များကိုဖွင့်ထား၏။

ထိုအခါ ချိုငယ်ပြောသောစကားကြီးအသံကြောင့် ငါကြည့်ရှုနေစဉ်၊ ထိုသားရဲ အသက်ကို သတ်ပြီးလျှင် သူ၏ကိုယ် ကိုမီးရှို့၍ ဖျက်ဆီးကြ၏။

အခြားသောသားရဲမူကား၊ အစိုးရသောအခွင့်တန်ခိုးရှုံးသော်လည်း၊ ချိန်းချက်သော ကာလပတ်လုံး အသက်ရှင်ရကြ ၏။ ထိုညဉ့်အဘို့ ငါသည်အာရုံပြု၍ လူသားနှင့်တူသော သူတစ်ဦးသည် မိုးတိမ်ကိုစီးလျက်၊ အသက်ကြီးသောသူ၏ အထံတော်သို့ရောက်လာ၏။ ထိုသူကို အထံတော်ပါးသွင်းကြ၏။

အရပ်ရပ်တို့၌နေ၍ အသီးသီးအခြားခြားသော ဘာသာစကားကိုပြောသော လူမျိုး တကာတို့ကို အုပ်စိုးစေခြင်းငှာ၊ ထိုသူသည် နိုင်ငံနှင့်တကွ အာဏာစက်တန်ခိုးကိုရ၏။အာဏာစက်သည် ကမ္ဘာအဆက်ဆက် တည်၏။ နိုင်ငံတော်သည် ပျက်စီးခြင်းသို့မရောက် နိုင်ရာ။

95 ၉၅။ နေ့ရက်များ၏ ရှေးဟောင်းဖြစ်သော သိုးမွေးကဲ့သို့ ဖြူသောဆံပင်ရှိသူထံသို့လာပါ။ ယောဟန်လှည့်၍ကြည့်လိုက် သောအခါလူသားကဲ့သို့သောသူကိုတွေ့လိုက်ရသည်။ရွှေမီးခွက်ခုနစ်လုံး အလယ်မှာ ရပ်လျက်နေ၍ ဆံပင်တော်မှာသိုးမွေးကဲ့သို့ဖြူလျက်နေ သည်။ တရားသူကြီးမှာ ခါးပန်းစည်းထားခြင်းမဟုတ်ဘဲ ရင်တော်ကိုစည်းလျက် တရား သူကြီးကဲ့သို့ ဖြစ်နေပါသည်။ ပုခုံးတော်ပေါ်မှာ

အဝတ်တော်ကိုတင်လျက် သူ၏ ဖြောင့်မတ် ခြင်းကို ဖေါ်ပြလျက်ရှိသော သန့်ရှင်းဖြူစင်သော ရွှေရောင်ဝတ်ရုံကို ဝတ်၍ ခြေထောက်အ ထိ ဖုံးအုပ်လျက်ရှိပါသည်။ ကိုယ်တော်တည်းဟူသော ပုဂ္ဂိုလ်နှင့် ဘုန်းတော်ကို ဖေါ်ပြသော အချက်ခုနစ်ချက်ကို ကြည့်ပါ။

96 ၉၆။ အခန်းငယ်(၁၄) ကိုကျွန်တော်ယုံကြည်ပါသည်။

ဆံပင်တော်သည် ဖြူသောသိုးမွေးကဲ့သို့၎င်း၊ မိုးပွင့်ကဲ့သို့၎င်း ဖြူ၏။ မျက်စိတော် သည်လည်း မီးလျှံကဲ့သို့ ဖြစ်၏။

ခေါင်း၊ ဆံပင်နှင့်မျက်စိတော်သည်လည်း မီးလျှံကဲ့သို့ဖြစ်၏။ စဉ်းစားကြည့်ပါ။ ထိုမျက်လုံးမှာ တစ်ချိန်က လူသားမျက်ရည်များဖြင့် ရီဝေနေသည်။ ယခုအခါမှာ မီးလျှံကဲ့သို့ ဖြစ်၏။ ဒေါသထွက်လျက် ကိုယ်တော်သည် ဒေါသကြီးနေသော တရားသူကြီးကဲ့သို့ဖြစ် သည်။ သင်ဘာ့ကြောင့် ကိုယ်တော်ကို ငြင်းပယ်ပါသနည်း။ အပြစ်သား စဉ်းစားကြည့်ပါ။ မပူမအေး နွေးနေသောအသင်းအား၊ စဉ်းစားကြည့်ပါ။ ကက်သလစ်၊ နှစ်ခြင်း၊ ပရက်စ် ဘီတေးရီးယန်း၊ ပင်တေကုတ္တေ စဉ်းစားကြည့်ပါ။ ကက်သလစ်၊ စဉ်းစားပါ။ သင်တို့၏ အပျိုကညာမာရိသည် ပင်တေကုတ္တေနေ့မှာ တက်သွား၍ ဝိညာဉ်တော်ကို လက်ခံပြီး အရက်မူးသောမိန်းမကဲ့သို့ ဖြစ်နေပေမည်။ ခရစ်တော်၏မိခင်က ကောင်းကင်နိုင်ငံ ဝင်ခွင့် မရမှီ ထိုအရာကို ရဖို့လိုပါသည်။ မိန်းမများ ဘယ်သို့သွားပါမည်နည်း ¿ စဉ်းစားပါ။အမျိုးသားတစ်ဦးစီစဉ်းစားပါ။

97 ၉၇။ သူ၏ဆံပင်၊ သူ၏မျက်လုံးများမှာ တစ်ချိန်က လူသားမျက်ရည်များနှင့် ရီဝေနေ ပါသည်။ သို့တိုင် ထိုမျက်လုံးများနှင့်ပက်သက်၍ တစုံတခုကို သတိပြုစေလိုပါသည်။သူသည် လောကမှာ အသက်ရှင်စဉ်အခါ လူသားကဲ့သို့ မျက်ရည်ဝဲလျက်ရှိသည်။ လာဇရု၏ သင်္ချိုင်းဂူမှာငိုခဲ့သည်။ ကရုဏာတော်အပြည့်ဖြင့် သူ၏နှိမ့်ချခြင်းဖြင့်သူကဝတ်ဆင်ထားပါသည်။ ဘုရားဖြစ်သော်လည်း လူသားကဲ့သို့ဖြစ်သည်။ အပြစ်များကို ယူတင်ဝတ်ဆောင်သွားရန် ဖြစ်ပါသည်။ ထိုလူသားကဲ့သို့ဖြစ်ခြင်းမှာ လူသား၏နှလုံးသားထဲ နက်ရှိုင်းစွာ ကြည့်မြင်နိုင် ပြီး လူသား အကြောင်းအားလုံး သိရပါသည်။ အဘယ့်ကြောင့်နည်း။ သူ့နောက်ကွယ်မှာ တစုံတခုရှိနေပါသည်။ သို့သော်လူသားဇာတိ ခံယူထားပါသည်။

သို့သော်လည်း ကိုယ်တော်ရှင်ဘယ်သူဖြစ်တယ်ဆိုတာကို သူတို့မသိကြပါဘူး။ သင်မယုံကြည်ပါက ငါဘယ်သူဘယ် ဝါဖြစ်တယ်။ သင့်ရဲ့ ယုံကြည်ခြင်းမရှိပါက သင့်ရဲ့ အပြုအမူမှာ သင်သေဆုံးရမှာဖြစ်ပါတယ်လို့ ကိုယ်တော်ရှင်ဆိုခဲ့ပါတယ်။ ငါ့ခမည်းတော်ရဲ့ အမှုတို့ကိုငါမပြုဘူးဆိုလို့ရှိရင် ငါ့ကိုမယုံကြည်နဲ့။ ငါ့ခမည်းတော်ရဲ့အမှုတွေကို ငါပြုတယ် ဆိုလို့ရှိရင် ငါပြုတဲ့အမှုတွေကိုပြုပြီးတော့ သင်တို့ငါ့ကို ယုံကြည်နိုင်ပါတယ်လို့ ဆိုပါတယ်။ သူတို့ထံကိုသတင်းရောက်အောင်မည်မျှကြိုး စားခဲ့ပါသလဲ။ဗျာဒိတ်ဖော်ပြချက်ဘဲဖြစ်ပါတယ်။ လူသားတွေရဲ့နှလုံးသားထဲကို တိုက်ရိုက်ကြည့်မြင်နိုင်တဲ့ကိုယ်တော် ဖြစ်ပါတယ်။သူတို့နှလုံးသားတွေကိုလည်းသိမြင်နိုင်ပါတယ်။ ထိုအရာနှင့်ပတ် သက်၍စဉ်းစားကြည့်ပါ။ ဤမျက်လုံးများဟာ တချိန်ကတောင်ပေါ်မှာ ထိုးဖောက်ခြင်းခံရတဲ့မျက်လုံးများဖြစ်ပါတယ်။ ဒုက္ခဆင်းရဲတွေခံနေရတဲ့ မျက်နှာကိုကြည့်ပါ။ လူသားကဲ့သို့ငိုကြွေးခဲ့ပါတယ်။ ဘုရားသခင် ရဲ့ဝိညာဉ်ကိုဆောင်ယူပြီးတော့ လူသားတွေရဲ့ ယူပါရုံနောက်ကွယ်မှာ ဒီအရာတွေအားလုံး ကိုမြင်တွေ့ခဲ့ပါတယ်။ ထိုအရာတွေနဲ့ပတ်သက်၍ ဖြစ်ပျက်ခဲ့သမျှအရာတွေ အားလုံးဟာ နောင်လာမဲ့အရာ တွေဘဲဖြစ်ပါတယ်။ အစကထဲက အဆုံးကိုကြိုတင်ဖော်ပြထားပြီးဖြစ်ပါ တယ်။ ဘုရားသခင်ဟာ လူသားနှလုံးသား ရဲ့နောက်ကွယ်မှာရှိနေပါတယ်။ သင့်ရဲ့အသက် တာကို ဘုရားသခင်ကို ဝင်ရောက်လာပါစေ။ သင့်ကိုထိန်းချုပ်ပါစေ။ နောင်လာမဲ့အရာ တွေကိုသူကဖော်ပြမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သင်မဟုတ်တော့ဘဲနဲ့ သန့်ရှင်း သောဝိညာဉ်တော်ကသင့်ရဲ့အသက်တာကို ထိန်းချုပ်ထားလို့ဘဲဖြစ်ပါတယ်။ အရာရာကို ကောက်ယူနိုင်ဖို့ရန်အတွက် လူသားမျက်စိများနှင့်ထိန်းချုပ်ထားခြင်းဖြစ်ပါတယ်။

98 ၉၈။ ဘုရားဘုန်းတော်ထင်ရှားပါစေ။ ငါ၀ိညာဉ်ကိုလူသားတွေအားလုံးအပေါ်မှာ သွန်း လောင်းမှာဖြစ်ပါတယ်။ သင်ရဲ့သားတွေ သမီးတွေက ပရောဖက်ပြုမှာဖြစ်ပါတယ်။ လူငယ် လူရွယ်တွေ အားလုံးယူပါရုံကိုမြင်ကြရမှာဖြစ်ပြီးတော့ လူကြီးတွေလည်း အိမ်မက်တွေမက် ကြမှာဖြစ်ပါတယ်။ ဟာလေလုယာ။ တခါတရံမှာ သင့်ကိုအိပ်ပျော်စေပြီးတော့ ကိုယ်တော် ရှင်ကသင့်အားဖြင့် ကြည့်မြင်ပါတယ်။ ကိုယ်တော်ရှင်ကသင့်ကိုအချိန်ပေါင်းများစွာ ပြသ မှာဖြစ်ပါတယ်။ လူငယ်တွေလည်း ယူပါရုံကိုမြင်ကြရမယ်။ လူကြီးတွေလည်း အိပ်မက်ကို မက်ကြလိမ့်မည်။ ငါ့ရဲ့ဝိညာဉ်ကို သင်တို့အပေါ်မှာငါသွန်းလောင်းမယ်။ လူအစေခံကျွန်မိန်း မတို့အပေါ်မှာ သက်ရောက်မှာဖြစ်ပါတယ်။ ငါရဲ့သင်းထောက်ကြီးတွေ သင်းအုပ်ဆရာတွေ ပေါ်မှာ သက်ရောက်တာမဟုတ်ပါဘူး။ အိမ်ဖော်များပေါ်မှာလဲသက်ရောက်မှာဖြစ်ပါ တယ်။ လူသားတိုင်းအပေါ်မှာ သွန်းလောင်းမှာဖြစ်တဲ့အတွက် ငါရဲ့ဝိညာဉ်ကိုအားလုံးအ တွက် သွန်းလောင်းခြင်းဘဲဖြစ်ပါတယ်။ ငါဘာကြောင့်ထိုကဲ့သို့ ငိုကြွေးအော်ဟစ်ခဲ့ပါသလဲ။ ဘာကြောင့်လဲဆိုတော့ အသင်းတော်ခေတ်ကာလများ ရောက်ရှိလာလို့ဘဲဖြစ်ပါတယ်။

99 ၉၉။ ကိုယ်တော်ရှင်ရဲ့မျက်လုံးတော်များဖြစ်ပါတယ်။ တနေ့သောအခါမှာ ထိုမျက်လုံး တော်များဟာ မျက်ရည်များနှင့် တွေ့မြင်လျက်ရှိပါတယ်။ အဲဒီမျက်လုံးတွေဟာ တရားစီရင် တဲ့အခါမှာ ရပ်တည်နေကြမှာဖြစ်ပါတယ်။ သူတို့ဟာမီးတောက်မီးလျှံကဲ့သို့တောက်လောင် နေပါတယ်။ ကမ္ဘာလောကကြီးတခုလုံးကို ဘယ်ညာအရှေ့အနောက် သွားလာရိုက်ခတ် လျက်ရှိပါတယ်။ ဘာမှဖြစ်မလာပါဘူး။ ဒါပေမဲ့လည်းသူဘာသိသလဲ။ အဲဒါမှတ်တမ်းတင် ထားခြင်းဘဲဖြစ်ပါတယ်။ ဟိုဖက်ကနေ ဒီဖက်ကိုပြေးတယ်။ ကမ္ဘာလောကကြီးကိုအပေါ် ကနေ စောင့်ကြည့်နေခြင်းဘဲ ဖြစ်ပါတယ်။ လူတွေစဉ်းစားနေတဲ့အရာတွေအားလုံးကိုသိနေ ပါတယ်။ သင်တို့လုပ်နေတဲ့အရာတွေအားလုံးကိုလည်း သိနေပါတယ်။ နှလုံးသားတွေရဲ့ ခံယူချက်တွေလည်း သိနေပါတယ်။ သင်ဘာလုပ်ဖို့စဉ်းစားနေသလဲဆိုတာလည်း ကိုယ် တော်ရှင်သိနေပါတယ်။ အားလုံးကိုကိုယ်တော်ရှင်သိနေပါတယ်။ သူကိုသင်ချစ်သလား မချစ်သလားဆိုတာကိုလည်း သိနေပါတယ်။ သင့်ရဲ့အကြံအစည်တွေအားလုံး သူကိုအသေ ခံဖို့ မှန်ကန်ဘို့ ရှိမရှိ သူသိနေပါတယ်။ ကိုယ်တော်ရှင်ဟာ အားလုံးအကြောင်းကိုသိနေပါ တယ်။ ထိုနေ့ရက်ကာလမှာ သင်ဟာ သခင်ရှေ့မှာ အပြစ်များနှင့် ပြည့်ဝလျက်ရပ်နေရတဲ့ အခါမှာ ကိုယ်တော်ရှင်ဟာ ဖြူတဲ့ပလ္လင်တရားစီရင်ခြင်းမှာ ရပ်တည်နေမှာဘဲဖြစ်ပါတယ်။

100 ၁၀၀။ ဘုရားသခင်ကျွန်တော်ကိုထိုနေရာမှ ကယ်နုတ်တော်မူပါ။ ကျွန်တော်ထိုအရာကို မကြည့်မမြင်လိုပါဘူး။ ဒေါသထွက်

နေတဲ့ဘုရားသခင်ဟာ ဒီကနေလျှောက်ထွက်သွားပြီး တော့ သူ့ရဲ့မျက်လုံးများကလည်း မီးတောက်မီးလျှံကဲ့သို့ဖြစ်နေပါတယ်။ ဖြောင့်မတ်ခြင်းအ နေနဲ့ ဖြူတဲ့ဆံပင်ကို သူ့ရဲ့ခေါင်းပေါ်မှာ ဆောင်းထားပါတယ်။ သူ့ရဲ့မျက်လုံးများဟာလည်း ဝန်းတောက်နေပါတယ်။ မီးအရောင်နဲ့ တောက်နေပြီးတော့ သင်တို့ရဲ့နှလုံးသားအားလုံးကို ကိုယ်တော်ရှင်သိမြင်နေပါတယ်။ သင်လုပ်ဖို့ကြိုးစားနေတဲ့အရာတွေအားလုံးကိုလည်း ကိုယ် တော်သိတော်မူပါတယ်။ ကျောက်မြတ်ယေရှုကျွန်ုပ်ကိုဖုံးကွယ်တော်မူပါလို့ သင်ဆိုမှာဖြစ် ပါတယ်။ ရှေးအခါက ဆိုလေ့ရှိတဲ့ သီချင်းဘဲဖြစ်ပါတယ်။ ဒီကမ္ဘာလောကကြီးကို မီးလောင် တဲ့အခါမှာ ကျွန်တော်နားမှာ ရပ်တည်ပါ။ ကိုယ်တော်ရှင်ရဲ့ရင်ခွင်ဟာ ကျွန်တော်အတွက် ခေါင်းအုံးဖြစ်စေပါ။ ကျောက်မြတ် ယေရှုကျွန်ုပ်ကိုဖုံးကွယ်တော်မူပါ။ ကိုယ်တော်ရှင်တရား စီရင်ခြင်းကို ကျွန်တော်မလိုလားပါဘူး။ ကိုယ်တော်ရှင်ထံကလိုလားတဲ့အရာကတော့ ဂရုဏာ တော်ဘဲဖြစ်ပါတယ်ကိုယ်တော်။ ကိုယ်တော်ရှင်ရဲ့ဂရုဏာတော်ကိုပေးပါ။ တရားမျှတခြင်း မဟုတ်ပါ။ ကိုယ်တော်ရှင်ရဲ့ ဂရုဏာတော်သာပေးပါ။ ကိုယ်တော်ရှင်ရဲ့ပညတ်တော်တွေ မဟုတ်ဘဲနဲ့ ဂရုဏာတော်ကိုသာ တောင်းခံပါတယ်။ ကျွန်တော်ရဲ့လက်ထဲမှာ ကျွန်တော် ဘာမျှမယူလာနိုင်ပါဘူး။ ကျွန်တော်ဟာ ကောင်းမှုကုသိုလ်လည်း မရှိဘူး။ ကောင်းလည်း မကောင်းပါဘူး။ သို့သော်လည်း ကိုယ်တော်ရှင်ရဲ့ကားတိုင်ကိုသာကျွန်တော်ဖက်တွယ်ထား ပါတယ်။ ကျွန်တော်သိသမျှအရာအားလုံးဘဲဖြစ်ပါတယ်။ ကျွန်တော်ရဲ့နေရာကိုကိုယ်တော် ရှင်အသိအမှတ်ပြုတော်မူပါ။

101 ၁၀၁။ ကိုယ်တော်ရှင်ရဲ့ပုဂ္ဂိုလ်ရေးရာနဲ့ပတ်သက်လို့ အချက် ၇ ကို သတိထား၍ကြည့်ပါ။ ကိုယ်တော် ရှင်ဘာလုပ်သလဲဆိုတာကို သင်တွေ့ရမှာ ဖြစ်ပါတယ်။

ဦးခေါင်းတော်နှင့် ဆံပင်တော်သည် ဖြူသောသိုးမွေးကဲ့သို့လည်းကောင်း၊ မိုးပွင့်ကဲ့ သို့လည်းကောင်း ဖြူစင်၏။ မျက်စိတော်သည်လည်း မီးလျှံကဲ့သို့ဖြစ်၏။ ခြေတော်သည် လည်း မီး၌ချွတ်ပြီးသော ကြေးဝါစစ်နှင့်တူ၏။

ကျွန်တော်တို့သတိထားမိတဲ့အရာကတော့ ကိုယ်တော်ရှင်ဟာ အဝတ်ရုံကို ခြုံ ထားပါတယ်။ သူ့ဂေါင်း၊ သူ့မျက်လုံး သူ့ခြေတော်တွေဟာလည်း ကြေးဝါကဲ့သို့ဖြစ်နေပါတယ်။ သခင်ယေရှုကို ယောဟန်မြင်တဲ့ပုံရိပ်ကို ကြည့်ပြီးတော့ နှိုင်းယှဉ်နိုင်ပါတယ်။ ဒံယေလတွေ့ ရတဲ့ ကမ္ဘာအင်ပါယာကြီးနဲ့ နှိုင်းယှဉ်နိုင်ပါတယ်။ ခေါင်းကရွှေဦးခေါင်းဖြစ်တဲ့ ယူပါရုံဘဲ ဖြစ်ပါတယ်။

ဒီနေရာမှာ ဘာလဲဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။ ကြေးဝါဖြစ်ပါတယ်။ အဲဒီ ကြေးဝါကဘာကို ဖော်ပြပါသလဲ။ ကြေးဝါ ဖော်ပြခြင်းကတော့ တရားစီရင်ခြင်းဘဲဖြစ်ပါ တယ်။ ဘုရားသခင်ရဲ့တရားစီရင်ခြင်းဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ သူ့ရဲ့အကြံအစည် တော်တွေနဲ့ ဒီလောကကြီးကို လူဇာတိခံပြီးရောက်လာပါတယ်။ ကျွန်တော်တို့အတွက်အ သေခံပါတယ်။ ဘုရားသခင်ရဲ့တရားစီရင်အားလုံးကို ယူတင်ဝတ်ဆင်ပါတယ်။ နောက်ပြီး တော့ သူရောက်ရှိနေတဲ့ နိုင်ငံတော်ကတော့ ကြေးဝါဖြစ်တယ်။ ခိုင်မာတယ်။ ရွှေ့ရှားလို့ မရပါဘူး။ ကြေးဝါထက်မာကျောတဲ့အရာမရှိပါဘူး။ ကြေးဝါထက်ခံနိုင်ရည်ရှိတဲ့အရာလည်း သူတို့မတွေ့ကြရပါဘူး။

102 ၁၀၂။ တရားစီရင်ခြင်းဆိုသည်မှာ ကြေးဝါလို့ပြောခြင်းမှာ ဘုရားသခင်၏တရားစီရင် ခြင်းကို စီရင်ချက်ချလိုက်ခြင်းဘဲဖြစ်ပါတယ်။ တောထဲမှာလည်နေတဲ့အခါမှာ မောရှေရဲ့ ကြေးဝါမြွေရုပ်ကို ကြည့်ပါ။ အဲဒီကြေးဝါမြွေရုပ်ကဘာကိုကိုယ်စားပြုပါသလဲ။ မြွေကအပြစ်ကိုကိုယ်စားပြုပါတယ်။သို့သော်လည်း ကြေးဝါဖြစ်ခြင်းမှာ တရားစီရင်ခြင်းဖြစ်ပြီးတော့ အပြစ်များအပေါ်မှာ စီရင်ခြင်းဖြစ်ကြောင်း အဓိပ္ပါယ်ရပါတယ်။

ယခုဆက်လက်ပြီးတော့သတိထားရမဲ့အရာကတော့ ဗေလိယရဲ့နေ့ရက်ကာလများ ဖြစ်ပြီး ဗေလိယကို ပရောဖက်အဖြစ်နဲ့ ငြင်းပယ်ကြခြင်းဘဲဖြစ်ပါတယ်။ ရှေးခေတ်ကာလရဲ့ ကြိုးလေးတစ်မျှင်ဘဲဖြစ်ပါတယ်။ ထိုနေ့ရက်ကာလကသင်တို့ကို ဘယ် လိုဖြစ်သလဲဆို တာကို ကျွန်တော်ပြောပြလိုပါတယ်။ ဣအရေလနိုင်ငံမှာ အသင်းတော်ခေတ်ကာလ (၇)ပါးရှိခဲ့ဘူးပါတယ်။ ဒီဗျာဒိတ်ကျမ်းထဲကဘဲဖြစ်ပါတယ်။သူတို့ရဲ့ခေတ်ကာလကတော့ဗေလိယခေတ်ကာလဖြစ်ပါတယ်။ဗေလိယကိုသူတို့ငြင်း ပယ်ခဲ့ကြပါတယ်။ သုံးနှစ်ခွဲလောက် မိုးမရွာဘဲနေပါတယ်။ ပရောဖက်ကဘာပြောသလဲဆိုတော့ မိုး မျက်နှာပြင်ကောင်းကင်ပြင် ဟာ ကြေးဝါကဲ့သို့ဖြစ်တယ်လို့ဆိုပါတယ်။ ဘုရားသခင်ရဲ့တရားစီရင်ခြင်းဟာ နိုင်ငံများ အပေါ်မှာ ကျရောက်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘုရားသခင်ကိုငြင်းပယ်တယ်။ နောက်ပြီး ယေဇဗေလပြောတဲ့စကား ကိုနားထောင်ခြင်းဘဲဖြစ်ပါတယ်။

103 ၁၀၃။ ကြေးဝါကတော့ ဘုရားသခင်ရဲ့ တရားစီရင်ခြင်းကို ကိုယ်စားပြုခြင်းဘဲဖြစ်ပါတယ်။ အဲဒါကတော့ ယဇ်ပလ္လင်မှာဘဲဖြစ်ပြီးတော့ ယဇ်ကောင်ကိုသတ်ပြီးတော့ ကြေးဝါ ယဇ်ပူဇော်ပေါ်မှာတင်ထားခြင်းဘဲဖြစ်ပါတယ်။ အဓိကအခြေခံကတော့ ကြေးဝါဖြစ်ပါ တယ်။ တရားစီရင်ခြင်းဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ စပျစ်သီးနယ်ရာ အမျက်တော် ထွက် တယ်လို့ဆိုခြင်းမှာလဲ ကိုယ်တော်ရှင်အပေါ်ကို ဘုရားသခင်ရဲ့ အမျက်တော်တရားစီရင် ခြင်းသက်ရောက်ခြင်းဘဲဖြစ်ပါတယ်။ ဗျာဒိတ် ၁၉း၁၂ ကို ဖတ်ကြည့်လို့ရပါတယ်။

မျက်စိတော်သည် မီးလျှံကဲ့သို့ဖြစ်၏။ ဦးခေါင်းပေါ်မှ သရဖူများကိုဆောင်း၏။ ကိုယ်တော်မှ တစ်ပါးမည်သူမျှမသိသောနာမတော်သည် ရေးထားလျှက်ရှိ၏။ သွေး၌နှစ်ပြီးသားအဝတ်ကိုဝတ်၏။ဘုရားသခင်၏နှုတ်ကပတ်တော် တည်းဟူသော အမည်တည်းရှိ၏။

ကောင်းကင်ဗိုလ်ခြေတို့သည် မြင်းဖြူကိုစီးလျှက် စင်ကြယ်သောပိတ် ချောဖြူကို ဝတ်လျှက် နောက်တော်သို့လိုက်ကြ၏။ လူမျိုးတို့ကို ဒဏ်ခတ်စရာအဖို့ ထက်သောသံလျက် သည် ခါးတွင်းတော်ထဲကထွက်၏။

သူတို့ကိုသံလှံတံနှင့် အုပ်စိုးတော်မူမည်။ အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ဘုရားသခင်၏ဒေါသ စပျစ်သီးနယ်ရာတန်ဆာကို ဖိနင်းတော်မူမည်။

104 ၁၀၄။ ကိုယ်တော်ရှင်ဘာလုပ်ပါသလဲ။ ကျွန်တော်ကဲ့သို့အပြစ်သားများအပေါ်မှာ ကိုယ်တော်ရှင်ရဲ့အမျက်တော်သက်ရောက်ပါတယ်။

မှန်ပါသလား။ မည်သူမျှ မိမိကိုယ်ကိုမိမိ မကယ်တင်နိုင်ပါဘူး။ ကျွန်တော်တို့လုပ်နိုင်မဲ့အရာက ဘာတစ်ခုမျှ မရှိပါဘူး။ ကျွန်တော်တို့အားလုံးဟာ အပြစ်နဲ့ မွေးဖွားလာခြင်းဘဲဖြစ်ပါတယ်။ ဒုစရိုက်နဲ့ ပုံသွင်းပြီးသားဖြစ် ပါတယ်။ ကမ္ဘာလောကကြီးကိုရောက်လာတဲ့အခါမှာ လိမ်ညာပြောဆိုကြပါတယ်။ အဲဒီ အခါမှာ ကိုယ်တော်ရှင်ဘာလုပ်ပါသလဲ။ကိုယ် တော်ရှင်ကမ္ဘာလောကကြီးကိုကြွလာပါ တယ်။ ဟာလေလုယာ။ နောက်ပြီးတော့ စပျစ်သီးနယ်ရာဖလားတို့ကို ဖိနင်းပါတယ်။ ဘုရားသခင်ရဲ့အမျက်တော်တွေအားလုံးဟာ ကိုယ်တော်ရှင်အပေါ်ကို သက်ရောက်ပါ တယ်။ ဘုရားသခင်ရဲ့သိုးသူငယ်တော် သင်ဟာထိုက်တန်တယ်။ သင်ဟာအသေသတ်ခြင်းကိုခံထိုက်တယ်လို့ ဆိုထားပါတယ်။ တလောလုံးရဲ့အပြစ်များကို မိမိကိုယ်ပေါ်မှာ ဆောင် ယူပြီးတော့ ကျွန်ုပ်တို့ရဲ့အပြစ်တို့ကို ခံယူပြီးတော့ ဘုရားသခင်ရဲ့အမျက်တော်ဟာသူအ ပေါ်ကို သွန်းလောင်းကျရောက်ပါတယ်။ ကျွန်တော်တို့ရဲ့အပြစ်များကြောင့် သူဟာ ဒဏ်ချက်တော်များအားဖြင့် ပြည့်နှက်နေပါတယ်။ ကျွန်တော်တို့ရဲ့ဒုစရိုက်များကြောင့်ကိုယ် တော်ရှင်ဟာ ဒဏ်ရာဒဏ်ချက်များနှင့်ပြည့်နေပါတယ်။ ကျွန်တော်တို့ကို စီရင်ခြင်းများ အားလုံးကိုယ်တော်ရှင်အပေါ်သက်ရောက်ပါတယ်။ ကိုယ်တော်ရှင်ဟာ ဒဏ်ချက်ရာတွေ ရိုက်နှက်ရာတွေ ခံယူပြီးကျွန်တော်တို့ကို အနာရောဂါငြိမ်းစေပါတယ်။ လူသားဟာလူသား ကဲ့သို့ အသေမခံရပါဘူး။ သူရဲ့ကိုယ်ခန္ဓာတခုလုံး သွေးနဲ့ရေတို့ ဖုံးလွှမ်းပြီးတော့ သူရဲ့ကိုယ် ခန္ဓာတခုလုံး ခံစားရပါတယ်။ ကိုယ်တော်ရှင်ရဲ့မျက်နှာတော်ပေါ်မှာ သွေးစက်တွေ အစက် လိုက်အစက်လိုက်ကျခဲ့ပါတယ်။ ဘုရားသခင်ရဲ့အမျက်တော်တည်းဟူသော စပျစ်သီးနယ် ရာဖြစ်ပါတယ်။

105 ၁၀၅။ တနေ့သောအခါမှာ ကြေးဝါခြေထောက်က တရားစီရင်ခြင်းခံရမှာဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ တရားသူကြီးအဖြစ်ကြွလာတဲ့အခါမှာ အန္တိခရစ်ကိုသူကဆန့်ကျင်မှာ ဖြစ်ပါတယ်။ သူရဲ့ရန်သူတွေအားလုံးကိုလည်း ဖျက်စီးပစ်မှာ ဖြစ်ပါတယ်။ ဟာလေလုယာ။ ကမ္ဘာလောကကြီးကိုသူကသံလှံတံတော်နှင့် အုပ်စိုးပြီးတော့ ကမ္ဘာလောကတစ်ဝှမ်းမှာ လျှောက်သွားမှာဖြစ်ပါတယ်။ အာမင်။ နောင်တရပါအပြစ်သားမိတ်ဆွေ။ နောင်တရတုန်း အချိန်ရတုန်း နောင်တရပါ။ အဲဒါတွေအားလုံးဟာ ပုံပြင်လေးဘဲဖြစ်လာမှာ မဟုတ်ဘူးဆိုပြီးတော့ ဖယ်ရှားမပစ်ပါနှင့်။ တကယ်ဖြစ်လာမဲ့အ ရာတွေဖြစ်ပါတယ်။ ငါ့ပေါ်မှာတော့ ဖြစ်လာမှာမဟုတ်ဘူးလို့ထင်ပါတယ်။ တကယ့်တကယ်ဆိုရင်လည်း သင်ပေါ်မှာလည်း ဖြစ် လာမှာ ဖြစ်ပါတယ်။

ကြေးဝါခြည် သူရဲ့ရန်သူများကို ခြေနင်းဖျက်စီးပစ်တဲ့ကြေးဝါခြည်ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဒုက္ခဆင်းရဲခံရပြီးတော့ ဘုရားသခင်ရဲ့အမျက်တော် နင်းခြေရာ စပျစ်သီး နယ်ရာဖြစ်တယ်။ ကျွန်ုပ်တို့အပြစ်များအတွက်ကိုယ်တော်ရှင် ပေးဆပ်ရခြင်းဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ဟာအပြစ်ရှိကြပါတယ်။ အပြစ်များနှင့်ပြည်ဂပြီးတော့ စိတ်ပျက်ဖွယ်လောက် ကောင်ကဲ့သို့ဖြစ်နေပါတယ်။ ကျွန်တော်တို့ရဲ့နှာခေါင်းကလေးများကို အပေါ်ကို ထောင် ထားပါတယ်။ နောက်ပြီး တော့ကျွန်တော်တို့ဟာ စာအုပ်တွေကို ဖတ်ပြီးတော့ ဘုရားမရှိဘူး လို့ကျွန်တော်တို့ ဘုရားမဲ့စာအုပ်များ ကိုဖတ်ပြီးတော့ပြောကြပါတယ်။ အဲဒီလိုမျိုးတရားစီ ရင်ခြင်းတွေလည်း မရှိဘူး။ လာမှာမဟုတ်ဘူး ဖြစ်မှာမဟုတ်ဘူးလို့ပြောပါတယ်။ ကိုယ် တော်ရှင်ဟာ အဲဒီကြေးဝါခြည်တွေနဲ့သူရဲ့ရန်သူတွေကို ခြေနင်းပစ်မှာဖြစ်ပါတယ်။ ကိုယ် တော်ရှင်ဟာ အန္တိခရစ်ကို နင်းခြေဖျက်စီးပစ်မှာဖြစ်ပါတယ်။ သူတော်ကောင်းယောင်ဆောင်တဲ့ အသင်းတော်တွေအားလုံးကိုလည်း ထာဝရ ပျက်စီးခြင်းထဲသို့ ပစ်လိုက်မှာဖြစ် ပါတယ်။ အဲဒီမှာ မီးဟာမငြိမ်းနိုင်ဘဲ အမြဲတမ်းဘဲလောင်ကျွမ်းပြီးတော့ သူတို့ဟာ အဲဒီ မီးထဲမှာဘဲ အစဉ်အဆက်လောင်ကျွမ်းသွားမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ ဒီလောက ကြီးကို အုပ်စိုးမှာဖြစ်ပြီးတော့ ကိုယ်တော်ရှင်နဲ့သူရဲ့အသင်းတော်ထာဝရတည်မြဲမှာဖြစ် ပါတယ်။ ဘုန်းထင်ရှားပါစေ။

106 ၁၀၆။ ခေါင်းတော်ဆံပင်တော်ဟာ သိုးမွေးကဲ့သို့ဖြူတယ်လို့ဆိုထားပါတယ်။ ဖြောင့်မတ် ခြင်းဖြစ်ပါတယ်။ အတွေ့အ ကြုံများခြင်း အပြောအဆို ပိုင်နိုင်ခြင်း၊ လုံလောက်ခြင်း၊ ဉာဏ် ပညာနှင့်ပြည်စုံခြင်း အားလုံးရှိပါတယ်။ အသက်အ ရွယ်ရပြီးတော့ ခေါင်းဖြူနေတယ်။ ဉာဏ်ပညာနဲ့စကားတော်ကို လိုက်ဆိုပါတယ်။ သူဘာလုပ်နေသလဲဆိုတာသူဟာနဲ့သူသိ နေပါတယ်။ သူဟာဉာဏ်ပညာတို့ရဲ့ အရင်းအမြစ်ဖြစ်ပါတယ်။ အတွေ့အကြုံလေးရဲ့အရင်း အမြစ်လည်း ဖြစ်ပါတယ်။ ကောင်းတဲ့အရာတိုင်းရဲ့ အရင်းအမြစ်ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကို လူသားအနေနဲ့ ကိုယ်စားပြုခြင်းဘဲဖြစ်ပါတယ်။ ဤဖြူဖွေးတဲ့ဆံပင်တွေဟာလည်း ခေါင်းပေါ်ကနေစီးကျပြီးတော့ အဝတ်နဲ့ထွေးပိုက်ခြင်းခံရပါတယ်။ ဒံယေလက ကိုယ်တော် ကို လွန်ခဲ့တဲ့ နှစ်ပေါင်းရာပေါင်းများစွာက တွေ့ခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀၀ခန့်က ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ ရှေးကာလအသက်ကြီးသူဖြစ်ပြီးတော့ လူသားကဲ့သို့ဖြစ်ပြီး တော့တန်ခိုးနဲ့ ကြွလာတော်မူတယ်။ ဟိုးရှေးခေတ်ကာလနေ့ရက်များမှာ ကိုယ်တော်ရှင်ရှိ နှင့်နေပြီးတော့ တရားစီရင်ခြင်းမှာလဲ ကိုယ်တော်ရှင်ထိုင်မယ်လို့ ကိုယ်တော်ရှင်ဆိုပါတယ်။

107 ၁၀၇။ ခင်ဗျားကိုကျွန်တော်တခုလောက်မေးပါရစေ။ ခင်ဗျားတို့လိုမပူမအေး နွေးနွေး ကြီး ဖြစ်နေတဲ့ဘုရားကျောင်းကို ကျွန်တော်စကားပြောချင်ပါတယ်။ အပျိုကညာသတိုးသ မီး၁၀ ဦး ဖြတ်သွားပြီး ကိုယ်တော်ရှင်နဲ့တွေ့ပါတယ်။ ၅ယောက်ကတော့ ပညာရှိပါတယ်။ ၅ယောက်ကတော့ ပညာမဲ့ကြပါတယ်။ ဒီနေ့မနက်ကျွန်တော်တို့ ပြောကြားသွားတဲ့ အကြောင်းအရာကဲ့သို့ဘဲ ဂိုဏ်းကူးထားတဲ့သစ်ပင်ဖြစ်ပါတယ်။ သူတို့ထွက်သွားတဲ့အခါမှာ ဘုရားသခင်နဲ့ တွေ့ဆုံပါတယ်။ သမ္မာကျမ်းစာဆိုထားတဲ့အတိုင်းဘဲ စာစောင်တွေကိုဖွင့် ထားပါတယ်။ ဒံယေလ၇ ူး၉မှာ ဆိုလို့ရှိရင် စာစောင်များကိုဖွင့်ထားပါတယ်။ အဲဒီစာစောင် တွေကတော့ အပြစ်သားတွေနဲ့ ပတ်သက်တဲ့စာအုပ်တွေဘဲဖြစ်ပါတယ်။ နောက်ထပ်စာ စောင်တွေ ဖွင့်ထားဒါတွေကိုလည်းတွေ့ရပါတယ်။ ကိုယ်တော်ရှင်နဲ့ဘယ်သူလာသလဲ။ ချီ ဆောင်ခြင်းမှ အသင်းတော်ဘဲဖြစ်ပါတယ်။ ထောင်သောင်းပေါင်းအစ သောင်းပေါင်းများ စွာ ကိုယ် တော်ရှင်နဲ့အတူပါလာပါတယ်။ ကိုယ်တော်ရှင်နဲ့အတူ အစေခံပါတယ်။ သူရဲ့ဇနီး သတို့သမီးလည်း ဖြစ်ပါတယ်။ အိုးဘုန်းထင်ရှားပါစေ။ ကိုယ်တော်ရှင်နဲ့ဇနီး ကိုယ်တော်နဲ့အတူရှိပါတယ်။ သူဇနီးကတော့ အသင်းတော်ဘဲဖြစ်ပါတယ်။

တရားစီရင်ခြင်းကိုစတင်ပါပြီ။ စာစောင်များကိုဖွင့်ထားပါတယ်။ အခြားသောစာ စောင်တစ်စောင်ကိုလည်း ဖွင့်ထားပါတယ်။ အဲဒါကတော့ အိပ်ပျော်နေတဲ့သတိုးသမီး အကြောင်းဘဲဖြစ်ပါတယ်။ အဲဒီစာစောင်ကနေတဆင့် လူတိုင်းဟာတရား စီရင်ခြင်းကိုခံ ရပါတယ်။ သင့်ကိုအကြောင်းပြချက်ပေးရန်အတွက် တောင်းဆိုခြင်းခံရမှာဖြစ်ပါတယ်။ ဒါပေမဲ့လည်း သင်ကမလုပ်လိုပါဘူး။

ဒါပေမဲ့လည်းဘာဖြစ်ပါသလဲ။ ယခုအခါမှာ သင်ပို သိပါတယ်။ သင်နားလည်ပါတယ်။ ယခင်တုန်းက အဲဒီအကြောင်းနဲ့ပတ်သက်လို့ မသိခဲ့ပါဘူး။ ယခုအခါတော့သိပါတယ်။ ဒီဖြောင့်မတ်တဲ့လူတွေက ကယ်တင်ခြင်းရမယ် ဆိုလို့ရှိရင် အသင်းသားတွေအားလုံးနဲ့ ဘုရားတရားမဲ့တဲ့ပုဂ္ဂိုလ်တွေအားလုံး ဘယ်နေရာမှာပေါ်ထွက် လာမှာပါလဲ။ ငြင်းပယ်သောသူကတော့ ပိုပြီးတော့ သိပါတယ်။ နောက်ပြီးတော့ ငြင်းပယ် ခြင်းခံရပါတယ်။ ဘယ်နေရာမှာ သူတို့ပေါ်ထွက်လာမှာပါလဲ။ သူရဲ့ခြေတောက်ကကြေးဝါ ကဲ့သို့ဖြစ်တယ်။ ဘုရားသခင်ရဲ့တရားစီရင်ခြင်းဘဲဖြစ်ပါတယ်။

108 ၁၀၈။ နောက်ထပ်ကျွန်တော်တို့ကျမ်းစာကိုအဆုံးပိုင်းကို ဖတ်မယ်ဆိုလို့ရှိရင်

ကိုယ်တော်ရှင်ရဲ့ဆံပင်တွေကသိုးမွေးတွေလိုဖြူဖွေးတယ်။ ....မျက်လုံးတော် ဟာလည်း မီးလျှံကဲ့သို့ဖြစ်ပါတယ်။ ..သူရဲ့ခြေတောက်ကတော့ ကြေးဝါခြေတောက်ကဲ့သို့ ဖြစ်ပြီးတော့ မီးနဲ့စစ်ထားတဲ့ကြေးဝါဖြစ်ပါတယ်။

ဦးခေါင်းတော်နှင့်ဆံပင်တော်သည် ဖြူသောဆံပင်ကဲ့သို့လည်းကောင်း၊ မိုးပွင့်ကဲ့သို့လည်းကောင်းဖြူ၏။ မျက်စိတော်သည်လည်း မီးလျှံကဲ့သို့ဖြစ်၏။ ခြေတော် သည်လည်းမီး၌ချွတ်သောကြေးဝါနှင့်တူ၏။

'အသံတော်သည်လည်း သမုဒ္ဒရာအသံတော်ကဲ့သို့ဖြစ်၏။' သမုဒ္ဒရာအသံ ဖြစ်၏ လို့ဆိုထားပါတယ်။ ရေသည်ဘာကို ကိုယ်စားပြုပါသလဲ။ အဲဒါကိုရေးမှတ်ထားမယ်ဆိုလို့ရှိရင် ဗျာဒိတ် ၁၇း၁၅ကို ဖွင့်ဖတ်ကြည့်ပါ။ သမ္မာကျမ်းစာဆိုထား တဲ့အရာကိုသင်တွေ့မှာ ဖြစ်ပါတယ်။ ယခုမြင်၍ပြည်တန်ဆာမြင်သောရေကား အသီးအသီးဘာသာစကားပြော သောလူအမျိုး မျိုးအစုအစု ဖြစ်သတည်း။ အသံဟုဆိုထားပါတယ်။ သမုဒ္ဒရာအသံဟုဆို ထားပါတယ်။ မည်မျှကြောက်မက်ဖွယ်ကောင်းသောအရာဖြစ်ပါသလဲ။လူရဲ့ဝိညာဉ်ဟာ အသက်တာပင်လယ်ထဲမှာ မျောနေပါတယ်။ သူကိုလမ်းပြမဲ့လူမရှိပါဘူး။ လှိုင်းတွေပွတ် ခတ်ပြီးတော့ လွင့်မျောနေပါတယ်။ သမုဒ္ဒရာသံကိုလည်း ကြီးကြီးမားမားကျယ်ကျယ်လောင် လောင်ကြားရပါ တယ်။ မည်မျှကြောက်မက်ဖွယ်ကောင်းပါသလဲ။ သမုဒ္ဒရာထဲမှာ လွင့်မျော နေတဲ့ဝိညာဉ်ဘဲဖြစ်ပါတယ်။

သမုဒ္ဒရာသံများလို့ဆိုထားပါတယ်။ ကိုယ်တော်ရှင်ရဲ့အသံတော်ကအဘယ်ကဲ့ သို့ဖြစ်ပါသလဲ။ တရားစီရင်ခြင်းဘဲဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အမှုတော်များရဲ့အသံဘဲဖြစ်ပါတယ်။ လူတွေရဲ့ဟာစ်အော်သံ ခေတ်အဆက်ဆက်က ကြားရတဲ့ အသံဘဲဖြစ်ပါတယ်။ လူပေါင်းမြောက်များစွာတို့ရဲ့အသံကိုကြားရပါတယ်။ အင်မတန်မှ များ ပြားပြီးတော့ လူပေါင်းများစွာ အသံဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရဲ့လက်တော်ထဲ မှာတွေ့ရတဲ့ ကြယ် ၇ လုံးရဲ့အသံက တော့အသင်းတော်တိုင်း ခေတ်ကာလတိုင်းအတွက် ဘဲဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ဗိတ္တိဇံကိုဟောပြောပို့ချခြင်းဘဲဖြစ်ပါတယ်။ ယေရှုခရစ်ရဲ့နာမ၌ဗိတ္တိဇံကိုပေးပါတယ်။ အခြားသောဘာသာစကားတွေကိုပြောပါတယ်။ ဘုရားသခင်ရဲ့တန်ခိုးတော်ရှိပါတယ်။ ခရစ်တော်ရဲ့ရှင်ပြန်ထမြောက်ခြင်းဘဲဖြစ်ပါတယ်။ ဒုတိယအကြိမ်ကြွလာတော်မူခြင်းမှာ ဘုရားသခင်တရား စီရင်ခြင်းရှိပါတယ်။ မြောက်များ စွာသောရေများအသံပေါ်ထွက်လာတာကိုတွေ့ရပါတယ်။ ကိုယ်တော်ရှင်ထံမှပေါ်ထွက်လာ ခြင်းဖြစ်ပြီးတော့ လူသားကဲ့သို့ဖြစ်ပါတယ်။ မြောက်များစွာသောရေများရှိပါတယ်။

109 ၁၀၉။ အစည်းအဝေးပွဲထိုင်တဲ့အခါမှာ အဲဒီအကြောင်းကိုသိရမှာ ဖြစ်ပါတယ်။ ဘုရားသခင်နဲ့မှန်ကန်မှုရှိပြီး သန့်ရှင်းသော ဝိညာဉ်တော်ကို လက်ခံပါ့မယ်။ လွင့်မျောနေတဲ့ဝိညာဉ် အနေနဲ့ကတော့ ဒီအစည်းအဝေးပွဲမှာ ထိုင်လိုက်တဲ့အခါမှာ အသံကိုကြားရမှာဖြစ်ပါတယ်။ ဘုရားသခင်ရဲ့တရားစီရင်ခြင်းအသံတော်များကို ဟောပြောတာကိုကြားရမှာဖြစ်ပါတယ်။ အဲဒါကိုငြင်းပယ်တယ်ဆိုလို့ရှိရင် အင်မတန်ကြီးမားတဲ့ချောက်ထဲကို သင်ကကျရောက်ဖို့ ဘဲဖြစ်ပါတယ်။ အင်မတန်ကြီးမားတဲ့အရာတွေဟာ သင့်ရဲ့ထာဝရအရာထဲကို ပို့ဆောင်မှာ ဖြစ်ပါတယ်။

သမုဒ္ဒရာအသံတွေဖြစ်ပြီးတော့ ကိုယ်တော်ရှင်ရဲ့စတုတ္ထမြောက်ပုံသဏ္ဍာန်တော် ဘဲဖြစ်ပါတယ်။ သမုဒ္ဒရာသံများဖြစ်ပါတယ်။ ထိုအရာများအားလုံးကို မှတ်တမ်းပြုစုတဲ့အခါမှာ သင်မည်သို့ပြုလုပ်ပါမည်နည်း။ ဒီနေ့ညအသံများကို မှတ်တမ်းတင်ထားမယ်ဆိုရင် သင်ဘယ်လိုလုပ်မှာလဲ။ သင့်ရဲ့အသံကိုမှတ်တမ်းတင် ထားပြီးသားဖြစ်ပါတယ်။ သင့်ရဲ့အသံ များကို မှတ်တမ်းပြုစုတယ်။ တိတ်ခွေနဲ့အသံသွင်းခြင်းများပြုလုပ်ပါတယ်။ လူရဲ့စိတ်နှလုံးထဲမှာ သူဟာစဉ်းစားသကဲ့သို့ဘဲ သူဖြစ်တယ်လို့ဆိုပါတယ်။ သင့်ရဲ့အသံဟာကျယ်လောင်ပါတယ်။ ကောင်းကင်မှာ အင်မတန်ကျယ်လောင်ကြောင်းသင်သတိထားပါ။ သင့်ရဲ့စိတ် နှလုံးအကြံအစည်တွေ ကလည်း ပိုမိုပြီးကောင်းကင်မှာကျယ်လောင်မှန်းသိရပါတယ်။ ဒီကမ္ဘာလောကကြီးမှာ ထက်ပိုပြီးကျယ်လောင် ပါတယ်။ တကယ်ဘဲဖြစ်ပါတယ်။ ဘုရားသခင်ဟာအကြံအစည်တွေ ရည်ရွယ်ချက်တွေဒီနှလုံးသားထဲမှာ ကျိန်းဝပ်နေတဲ့အရာအားလုံးကို သိမြင်တော်မူပါတယ်။ အားလုံးအကြောင်း ကိုသိပြီးဖြစ်ပါတယ်။

ဖာရိရှဲကိုကိုယ်တော်ရှင်ဘာပြောသလဲဆိုတော့ သင်ဟာသူတော်ကောင်းယောင် သူဖြစ်တယ်။ သင်ရဲ့နှုတ်ဖျားကနေပြီးတော့ ဘယ်လိုလုပ်ပြီးတော့ ကောင်းတဲ့အရာတွေပြော ဆိုနိုင်မှာလဲ။ သင့်ရဲ့နှလုံးသားထဲမှာတော့ ဒီနှုတ်ကနေပြောထွက်တဲ့ကောင်းတဲ့အရာတွေ ဘာတခုမှမရှိပါဘူး။ ငါကိုသခင်လို့ခေါ်တယ်။ ကောင်းမြတ်တဲ့သခင်လို့ဆိုတယ်။ ငါသိပါတယ်။ သင်ရဲ့စိတ်နှလုံးထဲကိုငါဖြတ်သန်းပြီးတိုးဖွင့်ကြည့်လိုက်တဲ့အခါမှာ သင်ဟာသူတော် ကောင်းယောင်ဆောင်တဲ့သူဖြစ်ပါတယ်။

အဲဒီနေ့ရက်ကာလမှာ ဘာဖြစ်လာမှာလဲ။ သမုဒ္ဒရအသံများစွာထဲက အသံထွက် လာမှာ ဖြစ်ပါတယ်။ အသင်းတော်ခေတ်ကာလ များစွာလည်းပေါ်ထွက်လာပါတယ်။

110 ၁၁၀။ ကျွန်တော်ခင်ဗျားတို့ကိုတခုခုမေးကြည့်ချင်ပါတယ်။ တခုခုခင်ဗျားတို့ကိုပြောချင် ပါတယ်။

ကယ်တင်ခြင်းရပြီးသားလူတွေနဲ့ပတ်သက်လို့ ကျွန်တော်ခင်ဗျားတို့ကိုပြောပြပါ ရစေ။

သင့်ရဲ့လွင့်မျောနေတဲ့ဝိညာဉ် အဲဒီကြီးမားတဲ့မကောင်းမှု အရာတွေထဲမှာ လွင့် မျောနေတဲ့အခါမှာ သင်သတိထားပါ။ ကြောက်မက်ဖွယ်အရာဖြစ်ပါတယ်။ အဲဒီအချိန်မှာ သင့်ကိုကယ်တင်ခြင်းပေးမဲ့အရာဘဲဖြစ်ပါတယ်။ အဲဒီအရာနဲ့ဘဲ ကယ်တင်ခြင်းရမှာမဟုတ်ပါဘူး။ သင့်ရဲ့မကောင်းတဲ့နေ့ရက်တွေ ရောက်လာမှာဖြစ်ပါတယ်။ မိနစ်အနည်းငယ်အ တွင်းမှာ သင်သိလိုက်တဲ့အတွင်းမှာ အသံတစ်သံကိုကြားရမှာဖြစ်ပါတယ်။ ငါ့ထံကထွက် သွားပါ။ ဒုစရိုက်ကိုပြုတဲ့လူသားတွေ ထာဝရငရဲမီးထဲကိုသွားပါ။ နတ်ဆိုးနဲ့သူရဲ့ ကောင်းကင်တမန်တွေတွက်ထားတဲ့ ငရဲမီးအိုင်နေရာကိုသွားပါ။ အင်မတန်မှကြီး မားတဲ့ကျဆုံးမဲ့ အရာတွေကို ကြားရတဲ့အခါမှာ ဒီအစည်းအဝေးပွဲမှာကြားရတဲ့အသံမျိုး သမုဒ္ဒရာအသံ တွေကိုကြားရတဲ့အခါမှာ သင်ဖြတ်သန်းသွားရတဲ့အခါမှာ ဒါတွေကို အမြဲဘဲကြားသိရမှာဖြစ်ပါတယ်။ ဤမျှကြောက်မက်ဖွယ်ကောင်းတဲ့ အိပ်မက် ဆိုးကြီးဖြစ်ပါတယ်။ သင့်အတွက် ထိုကဲ့သို့မဖြစ်ပါစေနှင့်။ နောင်တရပါ။ ဘုရားနဲ့မှန်ကန်အောင်နေပါ။ ဘုရားနဲ့မှန်ကန် အောင်နေလို့ရမဲ့အချိန်မှာ မိမိကိုယ်ကိုပြင်ဆင်ပါ။

111 ၁၁၁။ ယခုအခါမှာ သင်ကိုကျွန်တော် တခုကိုမေးလိုပါတယ်။ ကျောက်ဆူးချထားတဲ့ အရာထက်ပိုပြီးတော့ နှစ်သက်ဖွယ်ကောင်းတဲ့အရာကတော့ မရှိတော့ပါဘူး။ အမြဲစိမ်းလန်း တဲ့သစ်ပင်အောက်မှာ လဲလျောင်းနေပြီးတော့ စမ်းချောင်းစီးသံလေးကိုကြားနေရတာက သာယာနာပျော်ဖွယ်ကောင်းပါတယ်။ အဲဒါတွေဟာအသင်းတော်တွေဟာ ကောင်းကင်ဆိုင် ရာနေရာတွေမှာ ချထားပြီးတော့ ဘုရားသခင်ရဲ့ ချိုမြိန်သာယာနာပျော်ဖွယ်အသံတွေကို နားထောင်ပြီးတော့ သူတို့နဲ့စကားပြောနေခြင်းဘဲဖြစ်ပါတယ်။ ဘာလဲဆိုတာကိုကြည့်ပါ။ အပြစ်သားကိုစီရင်ခြင်းဘဲဖြစ်ပါတယ်။ ကယ်တင်ခြင်း ရပြီးသားသူတွေကို ကောင်းကြီးမင်္ဂ လာဘဲဖြစ်ပါတယ်။ ခရစ်တော်တည်းဟူသောကျောက်ပေါ်မှာ လုံခြုံစိတ်ချစွာဖြင့် သူရဲ့ လေ့ကိုလူတစ်ဦးက ကျောက်ချထားပါတယ်။ ကျောက်ချပြီးတော့ နားထောင်ခြင်းဘဲဖြစ်ပါတယ်။ သူမည်ကဲ့သို့နား နေနိုင်မှာလဲ။ မည်ကဲ့သို့ငြိမ်းအေးရာကို လျှောက်သွားရမှာလဲ။

112 ၁၁၂။ ရေစီးနေတဲ့နေရာကို ကျွန်တော်သွားလိုပါတယ်။ ကျွန်တော်တို့ငါးဖမ်းလိုပါတယ်။ တခုခုလုပ်ချင်ပါတယ်။ ရေတွေဟာ တဖြည်းဖြည်းနဲ့စီးဆင်းပြီးတော့ နေရာကိုရှာဖွေရမှာ ဖြစ်ပါတယ်။ သို့သော်လည်း ထိုကဲ့သို့ပြုလုပ်ခြင်းမှာ သင့်ကိုနားနေစေလို့ဘဲဖြစ်ပါတယ်။ တစ်ညလုံးစကားပြောသံကိုသင်ကြားရမှာဖြစ်ပါတယ်။

ခရစ်တော်အထဲကိုသင့်ရဲ့ဝိညာဉ်ကျောက်ဆူးချထားလို့ရှိရင် မည်မျှလုပ၍ချစ်စ ရာကောင်းပါသလဲ။ ထိုကဲ့သို့ နေရာမျိုးမှာ ကိုယ်တော်ရှင်ရှေ့တော်မှောက်မှာ အေးချမ်းစွာ နားနေရမှာဖြစ်ပါတယ်။ သူရဲ့အသံတော်ကိုလည်း ကြားရ မှာဖြစ်ပါတယ်။ ငါသည်သင့်ရဲ့ အနာရောဂါကိုငြိမ်းစေ သောကိုယ်တော်ဖြစ်ပါတယ်။ ထာဝရအသက်ကိုပေးတဲ့ ကိုယ်တော်ရှင်လည်း ဖြစ်ပါတယ်။ ကိုယ်တော်ကို အကျွန်ုပ်ချစ်ပါတယ်။ ကမ္ဘာလောကကြီးရဲ့အခြေခံကို မစခင် ကိုယ် တော်ကကျွန်ုပ်ကိုသိပါတယ်။ ငါ့ဟာငါ့ရဲ့စာစောင်ထဲမှာ သင့်ရဲ့နာမည်ကိုထည့်ထားပါတယ်။ သင်ဟာငါပိုင်ဆိုင်ရာဖြစ်ပါတယ်။ မကြောက်ရွံ့ပါနှင့်။ ငါဘဲဖြစ်ပါတယ်။ မကြောက်ရွံ့ပါ နှင့်။ သင်နှင့်အတူငါရှိပါတယ်။ နောက်ပြီးတော့ကျွန်တော်ကဘာ သီချင်းဆိုသလဲဆိုတော့ ကျွန်ုပ်ရဲ့ဝိညာဉ်ကို ကျောက်ဆူးချထားပါတယ်။ မြစ်ထဲ၊ ပင်လယ်ထဲကို ကျွန်တော်ဘယ်တော့မှ မသွားတော့ဘူး။ မြစ်တွေ၊ ချောင်းတွေ အင်မတန်သမုဒ္ဒရာ သံတွေကျွန်ုပ်ရဲ့နားထဲကိုစီးဝင်ပါတယ်။ သို့သော်လည်း သခင်ယေရှု၌ ထာဝရလုံခြုံမှု ရှိနေပါတယ်။

သင့်ထံကို ချိုမြိန်သောအသံ ပြောကြားနေသည်ကိုသတိရပါ။ အပြစ်သားကို အပြစ်၏စီရင်မှာ ဖြစ်ပါတယ်။ နောဧကိုကယ်တင်ခဲ့တဲ့ရေလွှမ်းမှုဖြစ်ပါတယ်။ အပြစ်သားကိုလည်း ပျက်စီးပစ်ပါတယ်။ ဘာပြောသလဲဆိုတာကို ဘာအဓိပ္ပါယ်လဲဆိုတာကိုကြည့်ပါ။ သမုဒ္ဒရာသံများဘဲဖြစ်ပါတယ်။

113 ၁၁၃။ ဆံပင်တော်ဟာ သိုးမွေးကဲ့သို့ဖြူပြီးတော့ မျက်လုံးတော်ကလည်း မီးလျှံကဲ့သို့ဖြစ် တယ်။ ခြေတော်ကလည်း ကြေးဝါစစ်ကဲ့သို့ဖြစ်ပြီးတော့ သမုဒ္ဒရာကဲ့သို့ဖြစ်တယ်လို့ဆိုပါတယ်။ ကိုယ်တော်ရှင်ရဲ့ညာဖက်လက်ထဲမှာ ကြယ်ခုနစ်လုံးကို ကိုင်ထားပါတယ်။

ကြယ်ခုနစ်လုံးဖြစ်ပါတယ်။ အခန်းငယ် ၂၀ကိုကျွန်တော်တို့ဖတ်ကြပါစို့။ ငါလက် ယာထဲမှာထင်ရှားသောကြယ်ခုနစ်လုံးကို ရွှေမီးခွက် ၇ လုံး၏ နက်နဲခြင်းအရာမူကား မီးခွက် ၇ လုံးကားအသင်းတော် ၇ ပါးဖြစ်၏။ ကြယ် ၇ လုံးသည် အသင်းတော် ၇ပါး၊ ထို ၇ ပါးသောအသင်းတော်တို့ကို အုပ်စိုးသောအသင်းတော်ဖြစ်ကြ၏။

ကိုယ်တော်ရှင်သည်သူအတွက် အနက်အဓိပ္ပါယ်ကိုဖွင့်ဆိုပါတယ်။ အမှားအယွင်း မရှိဘူးဆိုတာကိုတော့ ကျွန်တော်တို့စိတ်ချရမှာဖြစ်ပါတယ်။ အသင်းတော်ခေတ်ကာလ တိုင်းအတွက် ကောင်းကင်တမန်ရှိပါတယ်။ အင်မတန်လုပတဲ့အရာဖြစ်ပါတယ်။ ဒီကနေပြီးတော့သမိုင်းကြောင်းကိုပြန်ကြည့်ပြီးတော့ ကောင်းကင်တမန်တွေအကြောင်းကိုကြည့် မယ်ဆိုလို့ရှိရင် သူတို့မှာရှိတဲ့ သာသနာပြုခြင်းကိုတွေ့ရမှာဖြစ်ပါတယ်။ သူတို့မှာတူညီတဲ့ သာသနာပြုခြင်းရှိပါတယ်။ ခေတ်ကာလ ဒေါက်လျှောက်အတိအကျဘဲဖြစ်ပြီးတော့အဲဒီအ သင်းတော်လေးထဲမှာ ရှိနေပါတယ်။

114 ၁၁၄။ လွန်လေပြီးသောအချိန်ကတစုံတစ်ယောက်သောသူကပြောပါတယ်။ ကက်သလိပ် အသင်းတော်ကို သင်တို့သိကြတယ်မဟုတ်လား။ အဲဒီတကယ် စစ်မှန်တဲ့အသင်းတော်မှာတော့ ကောင်းကောင်းမွန်မွန်ပြောဆိုစရာတွေရှိပါတယ်။ ခေတ်ကာလဒေါက်လျှောက်အတွက်ဘဲဖြစ်ပါတယ်။

ကျွန်တော်ပြောလိုတဲ့ အကြောင်းအရာကတော့ ဒါဟာအထူးအဆန်းလျှို့ဝှက်ချက် တော့မဟုတ်ပါဘူး။ အဲဒီကက်သလိပ်အသင်းတော်ရဲ့နောက်ကွယ်မှာ အစိုးရအဖွဲ့အစည်း တွေရှိတယ်။ အရာခပ်သိမ်းရှိနေတယ်။ သူတို့ဟာအရာရာကို ကိုင်လှုပ်နိုင်တဲ့သူတွေဖြစ်တယ်။ ဒါပေမဲ့လည်း ကျွန်တော်အတွက် နက်နဲတဲ့အရာကတော့ အသေးအဖွဲလေးဘဲဖြစ် ပါတယ်။ ဘယ်လိုလုပ်ပြီးတော့ မှန်တိုင်းတွေကို

လှိုင်းတံပိုးတွေထလာအောင်လုပ်နိုင်မှာလဲ။ ခြသေ့်စာကျွေးခြင်းတွေ၊ ခြသေ့်ကိုက်ဖြတ်စေခြင်းတွေ၊ မီးရှို့ပစ်ခြင်းတွေ၊ နောက်ပြီးတော့ သတ်ဖြတ်ပြီးတော့ အနာတရဖြစ်အောင်လုပ်ခြင်း စသည်တို့ကိုကျော်ဖြတ်ပြီးတော့ အသက်ရှင်ခဲ့ပါတယ်။ ဘုရားသခင်ရဲ့လက်တော်ဟာ သူတို့အပေါ်မှာတည်ရှိတယ်ဆိုတာ ဖော်ပြပါတယ်။ ယနေ့ထက်တိုင်ကိုယ်တော်ရှင်ရဲ့အလင်းဟာ တောက်ပနေဆဲဘဲဖြစ်ပါ တယ်။ အာမင်။

115 ၁၁၅။ ကြယ်ခုနှစ်လုံးကတော့ ကျွန်တော်ရဲ့ညာလက်ထဲမှာရှိပါတယ်။ သူရဲ့ညာလက်ထဲမှာ ကြယ်ခုနှစ်လုံးရှိပါတယ်။ အဓိပ္ပါယ်ကတော့ အမှုတော်ဆောင် ၇ပါးဖြစ်ပြီးတော့ ခေတ်ကာလ ၇ ခုလုံးကို အမှုတော်ဆောင်သူဖြစ်ပါတယ်။ အင်မတန် ကောင်းမြတ်ပါတယ်။ ကျွန်တော်ပြန်ပြီးတော့ကြည့်ရမှာဖြစ်ပါတယ်။ ဇဖက်အသင်းတော်ကို အစေခံဖို့အတွက် သတင်းစကား ကိုပို့ဆောင်သူအတွက် တစ်ပါးဖြစ်ပါတယ်။ သတင်းစကားသယ်ဆောင်လာ တဲ့သာသနာပြုသူတစ်ဦး ဘဲဖြစ်ပါတယ်။ သေဆုံးသည့်တိုင်အောင် ထိုနှုတ်ကပတ်တော်ကို သူက ကိုင်ဆောင်ထားပါတယ်။ စမုရနခေတ်ကာလအထိရောက်တယ်။ ပေရဂံ၊ သွာတိရ၊ ဒေါက်လျှောက် နောက်ဆုံးဒီခေတ်ဒီကာလအထိရောက်ပါတယ်။ အမှုတော်ဆောင်တွေ ဟာ ဆက်လက်ပြီးတော့ ဒီအလင်းကိုလင်းစေပါတယ်။ ဒီအလင်းကိုကိုင်ဆွဲထားပါတယ်။ ဟိုးအစကမှုရင်းကကဲ့သို့ဘဲဖြစ်ပါတယ်။ ဒေါက်လျှောက်အ လင်းကိုယူဆောင်လာပါတယ်။ သူရဲ့ညာဖက်လက်မှာ အလင်းကိုကိုင်ဆွဲထားပါတယ်။

သေချာစဉ်းစားကြည့်ပါ။ ညာဖက်လက်ဖြစ်ပါတယ်။ ခရစ်တော်ဟာဘုရားသခင် ရဲ့ညာဖက်မှာ ထိုင်နေတယ်ဆိုတာကို အတိအကျဘဲဖော်ပြပါတယ်။ ဘုရားသခင်မှာ ညာဖက်လက်ရှိတယ်ဆိုတာမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဘုရားသခင်ဟာ ဝိညာဉ်ဖြစ်လို့ပါဘဲ။ သခင်ခရစ်တော်ဟာ ညာလက်ရုန်း တန်ခိုးဖြစ်ကြောင်းဖော်ပြခြင်းပင်ဖြစ်ပါသည်။ သင့်ရဲ့ညာလက်ရုန်းလို့ပြောလိုက်တဲ့အခါမှာ သင်အနားမှာရပ်တည်ပြီးတော့ သင်နဲ့အနီး စပ်ဆုံး ဖြစ်ပါတယ်။

116 ၁၁၆။ ကြယ်ခုနှစ်လုံးကတော့ ကိုယ်တော်ရှင်ရဲ့ညာဖက်လက်မှာ ရှိပါတယ်။ သူတို့ရဲ့အလင်းဟာ ကိုယ်တော်အတွက်ဖြစ် ပါတယ်။ သူတို့အားလုံးဟာ ကိုယ်တော်ရှင်ရဲ့ညာဖက် လက်မှထိန်းချုပ်မှုကို လုံးဝိဉသုံခံရပါတယ်။ ဘုရားသခင်ရဲ့အ စေခံကျွန်တိုင်းမှာ ထိုနည်းအတိုင်းဘဲရှိနေပါတယ်။ သူတို့ကိုဘယ်သူအန္တရာယ်ပြုနိုင်ပါသလဲ။ ဘယ်သူကအန္တရာယ် လုပ်နိုင်ပါသလဲ။ ကောင်းကင်တမန်များအစအဦးက ကြွေးကြော်သကဲ့သို့ဘဲဖြစ်ပါတယ်။ ကောင်းကင်တ မန်ရဲ့အဓိပ္ပါယ်ကတော့ သတင်းစကားပို့ဆောင်သူဘဲဖြစ်ပါတယ်။ ကျွန်တော် တို့မကြာခင်မှာဘဲ ဒီအပတ်ထဲမှာဘဲ ဒီထက်နက်နဲတဲ့အရာတွေကိုလေ့လာကြအုန်းမှာ ဖြစ်ပါတယ်။ ကောင်းကင်တမန်ရဲ့အဓိပ္ပါယ်ကတော့ သတင်းစကားပို့ဆောင်သူဖြစ်ပါတယ်။ သူကဘာ ဆက်ပြောသလဲဆိုတော့ ကိုယ်တော်ရှင်ရဲ့မေတ္တာနဲ့ ခရစ်တော်ရဲ့အထဲမှာ ကျိန်းဝပ်နေတဲ့ မေတ္တာတော်နဲ့ ကျွန်တော် တို့ခွဲခွာနိုင်မှာလဲ။ ဖျားနာခြင်းတွေ၊ ငတ်မွတ်ပြီးတော့ အဝတ်ချည်းစီးရှိတာတွေ၊ ဒါးဘေးတွေ သေခြင်းတွေ ရင်ဆိုင်ရပေ မဲ့ဘယ်သူက ကျွန်တော် တို့ကို ခွဲခွာနိုင်မှာလဲလို့ ဆိုပါတယ်။ ပေါလုပြောသလိုဘဲ။ ဘုရားသခင်ရဲ့မေတ္တာနဲ့ ငါတို့ကို ခွဲခွာစေမဲ့အရာဘာတခုမှမရှိဘူးလို့ဆိုထားတဲ့အတိုင်းဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရဲ့ညာလက်ရုန်း ဖြစ်ပြီးတော့ ကိုယ်တော်ရှင်ညာလက်ထဲမှာ ကျွန်တော်တို့လုံးဝဖက်တွယ် လျက် အားကိုးလျက်ရှိနေပါတယ်။

တစုံတစ်ဦးသောသူကဘာပြောသလဲဆိုတော့ သန့်ရှင်းတဲ့သူတွေ၊ သန့်ရှင်းစွာ ကခုန်သောသူတွေလို့ပြောကြပါတယ်။ သူတို့ဘယ်လိုမှစိတ်ထဲမှာမနေပါဘူး။ သင်ဟာဘာ သာရေးဆိုင်ရာ အစွန်းရောက်နေတယ်လို့ဆိုထားပါတယ်။ အဲဒါကိုသူတို့ကြား တောင်မကြား ပါဘူး။ သူတို့လုံးဝဘုရားသခင်ကိုအားကိုးပါတယ်။ ကိုယ်တော်ရှင်ရဲ့ညာဖက်လက်မောင်း ကနေပြီးတော့ တန်ခိုးတော်တွေကိုယူပြီးတော့ သူတို့အလင်းကိုလင်းစေပါတယ်။ ကိုယ်တော် ရှင်ရဲ့အလင်းကိုလင်းစေပါတယ်။ သူတို့ဟာ နှိမ့်ချခြင်း၊ ကြင်နာခြင်း၊ နူးညံ့သိမ့်မွေ့ခြင်း၊ စိတ်ရှည်ခြင်း၊ နိမိတ်လက္ခဏများ၊ အံ့ဖွယ်ရာများ စသည်တို့နှင့် ပြည့်ဝနေပါတယ်။ ကမ္ဘာ လောကကြီးကအဲဒီအရာကို အဆုံးအသတ်လို့ ခေါ်ဆိုပါစေ။ သူတို့ဘယ်လိုဘဲပြောပြော ဘာမှမထူးခြားပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဟာ အဲဒါကိုအားကိုးနေလို့ဘဲ ဖြစ်ပါတယ်။ သူရဲ့ညာလက်ရုန်းဖြစ်နေလို့ဘဲဖြစ်ပါတယ်။ အဲဒါနှစ်သက်ဖွယ်မကောင်းပေ ဘူးလား။

117 ၁၁၇။ ကျွန်တော်တို့ဆက်လက်ပြီးတော့ အချိန်မရလို့မြန်မြန်ဘဲပြောသွားပါ့မယ်။ ခင်ဗျား တို့လည်း ကြာတဲ့အတွက် ငြီးငွေ့မသွားစေဖို့ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ညာလက်ထဲမှာ ကြယ် ၇ လုံးရှိပါတယ်။ ၇ မြောက်နဲ့ နောက်ဆုံးအရာက ဘာကိုကိုယ်စားပြုသလဲဆိုတော့ ကိုယ်တော်ရှင်တည်းဟူသောပုဂ္ဂိုလ်ကို ကိုယ်စားပြုခြင်းဘဲဖြစ်ပါတယ်။

ခါးတွင်းတော်ထဲကလည်း ထက်သောသံလျက်ထွက်၏ဟုဆိုထားပါတယ်။

...အဲဒါကတော့ ဆဋ္ဌမမြောက်ကိုဆိုလိုခြင်းဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရဲ့ခါးတွင်းတော်ထဲကနေပြီးတော့ အသွားနှစ်ဖက် ထက်နေတဲ့ သံလျက်ထက်ခြင်းဘဲဖြစ်ပါတယ်။

သမုဒ္ဒရာသံများကိုကြားရတယ်။ ကိုယ်တော်ရှင်ရဲ့နှုတ်တော်ထဲက ထွက်တဲ့အသံ ကိုကြားရတယ်။ ကိုယ်တော်ရှင်ရဲ့ လက်ယာလက်တော်မှာလည်း ကြယ်ခုနှစ်လုံးကို တွေ့ ရပါတယ်။ ကိုယ်တော်ရှင်ရဲ့နှုတ်တော်ထဲက ခါးတွင်းတော်ထဲကလည်း ထက်သောသံလျက် ထွက်၏လို့ ဆိုထားတာကိုလည်းတွေ့ရပါတယ်။

ထက်သောသံလျက်ဆိုတဲ့အဓိပ္ပါယ်ကဘာလဲ။ ကျမ်းစာထဲမှာဖော်ပြထားဒါသင်နား လည်ပါသလား။ သင်နားလည်အောင် ပြောပြလိုပါတယ်။ ဟေဗြဲ၄း၁၂ ကိုကြည့်ပါ။ အဲဒီအခါ မှာတွေ့ရမှာဖြစ်ပါတယ်။ ဟေဗြဲကတော့ ဗျာဒိတ်ကျမ်းရဲ့အရှေ့ဖက်မှာ ဖြစ်ပါတယ်။ ယုဒပြီးလို့ရှိရင် ဟေဗြဲဘဲဖြစ်ပါတယ်။ သေသေချာချာလေ့လာပါ။

ဟေဗြဲ အခန်းကြီး ၄ မှာကျွန် တော်တို့တွေ့ရပါတယ်။ ဟေဗြဲ၄း၁၂ မှာရေးသား ထားတာကို တွေ့ရပါတယ်။

ဘုရားသခင်၏နှုတ်ကပတ်တရားတော်သည်အသက်ရှင်ခြင်း၊ တန်ခိုးနဲ့ပြည့်ပြင် ခြင်း၊ သံလျက်တကာတို့ ထက်ထက်ခြင်းနှင့်

ပြည်စုံသည်ဖြစ်၍ အသက်နှင့် စိတ်ဝိညာဉ်ကို လည်းကောင်း အရိုးနှင့် ချဉ်စည်ကိုလည်းကောင်း ပိုင်းခြား၍ ဖွင့်တတ်၏။ စိတ်နှလုံးအကြံ အစည်များကိုလည်း သိမြင်တတ်၏။

သင်ဟာတကယ်ဘဲ ညဏ်ပညာနဲ့ ပြည်စုံတဲ့ စာဖတ်သူလို့သူတို့ကပြောထားပါတယ်။ နှုတ်ကပတ်တော်ဖြစ်တယ်။ ဘုရားသခင်၏နှုတ်ကပတ်တော်ဟာ သူရဲ့အသင်းတော် ကိုဖော်ပြခြင်းဘဲဖြစ်ပါတယယ်။ ထက်သောသံလျက်ဖြစ်ပါတယ်။

118 ၁၁၈။ ဗျာဒိတ်အခန်းကြီး ၁၉ကိုပြန်ကြည့်ပါ။ ဗျာဒိတ်၁၉ႈ၁၁ မှာဖြစ်ပါတယ်။ ထိုအခါ ကောင်းကင်ဘုံ ဖွင့်လစ်လျက်ရှိသည်ကိုငါမြင်၏။မြင်းဖြူရှိ၏။ မြင်းစီးသောသူသည် သစ္စာဟူသောအမည်၊ သမ္မာဟူသော အမည်ရှိသတည်း။ ထိုသူသည်တရားသဖြင့်စီရင်တတ်၏။ တရားသဖြင့်စစ်တိုက်တတ်၏။ မျက်စိတော် သည်မီးလျှံကဲ့သို့ဖြစ်၏။ ဦးခေါင်းပေါ် ၌သရဖူများကိုဆောင်း၏။ ကိုယ်တိုင်မှတစ်ပါးမည်သူမျှမသိသောအမည် နာမရေးထား လျက်ရှိသတည်း။ သွေး၌အဝတ် ကိုဝတ်၏။ ဘုရားသခင်၏နှုတ်ကပတ်တော်အမည်ရှိသည်။ သူရဲ့နုတ်ထဲက ဘာထွက်လာပါသလဲ။ ဖြူသောမြင်းဖြူကိုစီးသောသူဖြစ်ပါတယ်။ ဗျာဒိတ်ကျမ်းဘဲဖြစ်ပါတယ်။ မြင်းဖြူကိုစီးသောသူကိုဖော်ပြထားခြင်းဘဲဖြစ်ပါတယ်။ ဗျာဒိတ်အခန်းကြီး ၆ ဖြစ်ပါတယ်။ မြင်းဖြူကိုစီးသောသူထွက်သွားတဲ့အခါမှာ သူရဲ့လက်ထဲမှာလေးနဲ့ မြှားကိုကိုင်ထားပြီးတော့ အောင်မြင်ခြင်း အလို့ငှာ ထွက်သွားခြင်းဖြစ်ပါတယ်။

119 ၁၁၉။ ထက်သောသံလျက်ပါ သူရဲ့နုတ်ထဲကနေ ခံတွင်းထဲကနေထွက်တယ်လို့ဆိုထား ပါတယ်။ သူဟာဘယ်သူလဲ။ ဗျာဒိတ်ကျမ်းရဲ့မြင်းဖြူကိုစီးသောသူဖြစ်ပါတယ်။ သံလျက် ကိုကြည့်ပါ။ သူရဲ့နုတ်ထဲကနေထက်တဲ့ သံလျက်ထွက် လျှက်ရှိပါတယ်။ နှုတ်ကပတ်တော် ဖြစ်ပါတယ်။ နောက်ဆုံးသူရဲ့နှုတ်ကပတ်တော်အားဖြင့် ဖော်ပြခြင်းကိုခံရပါတယ်။ ဘုရားသားတော်များအားလုံးဖြစ်ပါတယ်။ နိုင်ငံတော်များအားလုံးကိုသူကနင်းခြေပစ်မှာဖြစ်ပြီး တော့ သူရဲ့နှုတ်ကပတ်တော်နဲ့ ဖျက်စီးပစ်မှာဖြစ်ပါတယ်။ နှုတ်ကပတ်တော်တည်းသော သံလျက်ဖြစ်ပါတယ်။ ဒီနေရာဘာဖြစ်သလဲဆိုတာကို ကျွန်တော်တို့ဆက်လက်ပြီးတော့ လေ့လာနိုင်ပါတယ်။ လက်ယာလက်တော်သည်လည်း ကြယ်ခုနှစ်လုံးကိုကိုင်၏။ ခံတွင်းတော် ထဲကလည်း ထက်သောသံလျက်ထွက်၏။ မျက်နှာတော်သည် အရှိန်တန်ခိုးနှင့်ထွန်းတောက် သော နေကဲ့သို့ဖြစ်၏။

ထက်သောသံလျက်ဟုဆိုထားပါတယ်။ ပုဂ္ဂိုလ်တစ်ဦးရဲ့ ခံတွင်းထဲမှ ဘာထွက်လာ ပါသလဲ။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဘဲထွက်လာပါတယ်။ အဲဒါကတော့ ထက်သော သံလျက်ဘဲဖြစ်ပါတယ်။ အဲဒါဘာလုပ်နေပါသလဲ။ နှလုံးသား တွေရဲ့အတွေးတွေကို ပိုင်းခြား ခြင်းဘဲဖြစ်ပါတယ်။ နက်နက်နဲနဲအသွားထဲ အသွေးထဲကို စိပ်ဝင်သွားခြင်းဘဲဖြစ်ပါတယ်။ အရိုးထဲထိရောက်ပါတယ်။ ချဉ်ဆီထဲထိရောက်ပါတယ်။ ထိုထက်မကနက်နဲစွာ စိပ်ဝင်ခြင်းဘဲဖြစ်ပါတယ်။ လူတွေရဲ့စိတ်နှလုံးတွေကို ပိုင်းခြားသိမြင်နားလည်ခြင်းဘဲဖြစ်ပါတယ်။ ထိုကဲ့သို့ပိုင်းခြားသိမြင်နိုင်သောပုဂ္ဂိုလ်လည်း ဖြစ်ပါတယ်။ အဲဒါကတော့ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်သာလျှင်တတ်နိုင်သောအရာဖြစ်ပါတယ်။

120 ၁၂၀။ နှုတ်ကပတ်တော်သည်လူဇာတိကိုခံယူ၍ ကျွန်ုပ်တို့နှင့် ကျိန်းဝပ်တော်သည် ဆိုထားပါတယ်။အဲဒီနှုတ်ကပတ်တော်ဟာသူရဲ့အသင်းတော်ထဲမှာလူဇာတိကိုခံယူကာကျွန်ုပ်အထဲမှာ ကျိန်းဝပ်ပါတယ်။ သူရဲ့ကောင်းကင်တမန်တွေကလည်း သူရဲ့လက်ထဲမှာရှိပါတယ်။ အမှုတော်ဆောင်ခြင်းဘဲဖြစ်ပါတယ်။ ဘုရားသခင်ဟာ သူရဲ့အသင်းတော်အ ပေါ်မှာ အားကိုးပါတယ်။ ဘုရားသခင်ဟာ ကျွန်တော်တို့အပေါ်မှာ ရပ်တည်ပြီးတော့ အလုပ်လုပ်ပါတယ်။ ဧဝံဂေလိအလင်းတရားကို ထွန်းလင်းတောက်ပဖို့အတွက်ဖြစ်ပါတယ်။ သေလုမျောပါး တစ်ပါးအမျိုးသားအစဉ်လာအတိုင်းအသက်ရှင်နေတဲ့လောကကြီး မှာကိုယ်တော်ရှင်ရဲ့အလင်းကိုတွေ့ရပါတယ်။ ဘုရားသခင်ဟာ ကျွန်ုပ်တို့အပေါ်မှာ ဝန်ထုတ်ဝန် ပိုးကိုထားပါတယ်။ တစ်ပါး အမျိုးသားတစ်ယောက်သေဆုံးသွားတဲ့အခါမှာ ဘာမှမသိဘဲသေဆုံးသွားတာအမင်္ဂလာဘဲဖြစ်ပါတယ်။ ကျွန်ုပ်တို့အပေါ်မှာ တာဝန်ရှိပါတယ်။ သူတို့ဟာရေးသားခြင်း၊ ဖတ်ရှုခြင်း၊ ဂဏန်းတွက်ခြင်းနဲ့ အနည်းငယ်သောဘာသာရေးဝေဆာ လေးတွေကို ယူဆောင်သွားပါတယ်။ သူတို့ထံမှာ ပြောင်းလဲလာတဲ့သူ အနည်းငယ်ထက် မရှိပါဘူး။ ကျွန်တော်ဆိုလိုတာကတော့ ဧဝံဂေလိတရားဘဲဖြစ်ပါတယ်။ ဧဝံဂေလိတရား ကတော့ နှုတ်ကပတ်တော် သက်သက်မဟုတ်ပါဘူး။ ပေါလုပြောတဲ့အတိုင်းဘဲ ဧဝံဂေလိ တရားဟာ နှုတ်ကပတ်တော်တရားအားဖြင့်သာ ကျွန်တော်တို့ထံရောက်လာခြင်းမဟုတ်ပါ ဘူး။ အဲဒီနှုတ်ကပတ်တော် ကဖော်ပြခြင်းခံရတာဘဲဖြစ်ပါတယ်။ နှုတ်ကပတ်တော်ကသန့် ရှင်းသောဝိညာဉ်တော်အားဖြင့် လူသားတွေရဲ့နှလုံးသားထဲမှာ စိုက်ပျိုးခြင်းကိုခံရပြီးတော့ အဲဒီသန့်ရှင်းသောဝိညာဉ်တော်က နှုတ်ကပတ်တော် တည်းဟူသော အသီးကိုသီးစေပါတယ်။ အဲဒီနှုတ်ကပတ်တော်ကတော့ လူသားတွေရဲ့စိတ်နှလုံးတွေကို ပိုင်းခြားနားလည် ပါတယ်။ စိတ်နှလုံးတွေ၊ စိတ်နှလုံးဆန္ဒတွေကိုနားလည်တဲ့သူကတော့ ကိုယ်တော်ရှင်ဖြစ် ပါတယ်။ နှုတ်ကပတ်တော်ဘဲဖြစ်ပါတယ်။

121 ၁၂၁။ ကိုယ်တော်ရှင်ရဲ့နှုတ်တော်ထဲက ထက်သောသံလျက်ထွက်ပါတယ်။ တစ်ပါးအမျိုးသားများကို နှိုးထစေပါတယ်။ ဒီနေ့ရက်ကာလမှာ တစုံတရာဖြစ်ပေါ်လာပါတယ်။ ဘုရား သခင်ရဲ့ နှုတ်ကပတ်တော်ဘဲဖြစ်ပါတယ်။ သူရဲ့နာမကတော့ ဘုရားသခင်ရဲ့နှုတ်ကပတ် တော်ဘဲဖြစ်ပါတယ်။ နှုတ်ကပတ်တော်ဖော်ပြတဲ့အတိုင်း ဖြစ်ပါတယ်။ သခင်ယေရှုမိန့်တော် မူတော်သည်ကိုကြည့်ပါ။ ကမ္ဘာလောကကြီးထဲကိုသွားပါ။ မာကု အခန်းကြီး ၁၆ ဖြစ်ပါ တယ်။ သူရဲ့နောက်ဆုံးအသင်းတော်ကို ထွက်တဲ့စကားကတော့ သူဒီခေတ်ကာလမှာ သူကိုယ်သူ မဖော်ပြခင် သူပြန်မလာခင်တိုင်အောင် သူရဲ့အသင်းတော်ကို တာဝန်ပေးသွားတာတော့ ကမ္ဘာလောကကြီးမှာရှိတဲ့ ဧဝံဂေလိတရားဟောကြားရန်ဘဲ ဖြစ်ပါတယ်။ ဘာဖြစ်ပါသလဲ။ ဧဝံဂေလိတရားဟောကြား ဖို့ဘဲဖြစ်ပါတယ်။ မာကု အခန်းကြီး ၁၆ ဖြစ်ပါတယ်။ ဝေနေယျသတ္တဝါအပေါင်းတို့လည်း ဧဝံဂေလိတရား ဟောပြောရန်ဖြစ်ပါတယ်။ အဲဒါဘာဖြစ်ပါသလဲ။ တနည်းအားဖြင့်ဆိုလျှင် သန့်ရှင်းသောဝိညာဉ်တော် တန်ခိုးကိုဖော် ပြရန်ဘဲဖြစ်ပါတယ်။

122 ၁၂၂။ နှုတ်ကပတ်တော်ကိုသွန်သင်ပါ။ နှုတ်ကပတ်တော်ကိုသွားပြီးသွန်သင်ပါလို့ပြော တာမဟုတ်ပါဘူး။ ဧဝံဂေလိတရား ကိုဟောပါ။ နှုတ်ကပတ်တော်ကိုသွန်သင်ပေးပါ။ ဧဝံဂေလိတရားကို ဟောပါလို့ပြောပါ။ နှုတ်ကပတ်တော် ကိုသွန်သင်ပေးပါလို့မပြောပါဘူး။

ယုံကြည်သောသူတွေကို ဤနိမိတ်လက္ခဏာတွေဖြစ် ပေါ်မယ်လို့ဆိုပါတယ်။ ငါရဲ့နာမအားဖြင့် နတ်ဆိုးတွေကို နှင်ထုတ်မယ်။ အခြားသောအသစ်သောစကား တွေကိုပြောမယ်။ မြွေတွေကိုဖမ်းကိုင်နိုင်မယ်။ အဆိပ်ခွက်တွေ ကိုသောက်ပေမဲ့လည်း ဘာမှ အန္တာရယ်မဖြစ်ဘူး။ ဖျားနာသောသူတို့အပေါ်ကိုလက်တင်ပြီးဆုတောင်းသောအခါမှာ သူတို့ပြန်လည်ပြီးတော့ နေကောင်းလာမယ်လို့ဆိုထားပါတယ်။

သူတို့ထွက်သွားကြပါတယ်လို့ နှုတ်ကပတ်တော်ကဆိုထားပါတယ်။ နေရာတိုင်းမှာ ဧဝံဂေလိတရား ကိုဟောပြီးတော့ ကိုယ်တော်ရှင်သည် သူတို့နှင့်အတူ အမှုပြုပါတယ်။ နိမိတ်လက္ခဏာတွေပေါ်ထွက်လာဖို့ နှုတ်ကပတ်တော်ကို အတည်ပြုပါတယ်။ အဲဒါဧဝံဂေလိတရားဘဲဖြစ်ပါတယ်။ အဲဒါဧဝံဂေလိတရား ကိုဖော်ပြခြင်းဘဲဖြစ်ပါတယ်။

ဒီနိမိတ်လက္ခဏာတွေ ဘယ်နှယ်ခုဖြစ်ပေါ်လာမှာလဲ။ ကမ္ဘာလောကကြီး ဆုံးတဲ့အထိဖြစ်ပါမည်။ ခေတ်ကာလတိုင်း တွက်ဖြစ်ပါတယ်။ အနည်းငယ်သောသူတွေ ပေါ်ထွက်လာမှာဖြစ်ပြီးတော့ အလင်းကို ဆွဲကိုင်မှာဖြစ်ပါတယ်။ သခင်ယေရှု မိန့်တော်မူတဲ့အတိုင်းဘဲ သိုးစုငယ်မကြောက်နဲ့။ သင့်ရဲ့ခမည်းတော်ဟာ သင်ကိုကောင်းကင်နိုင်ငံပေးဘို့ရန်အတွက် အလိုရှိတယ်လို့ဆိုထားပါတယ်။ သိုးစုငယ် အမြဲတမ်း အနည်းစု သာဖြစ်ပါတယ်။

123 ၁၂၃။ နောက်ထပ်ထပ်ပြီးတော့ ပြောကြားလိုပါတယ်။ အခန်းငယ် ၁၆ ဖြစ်ပါတယ်။ သူရဲ့လက်ယာလက်ထဲမှာ ကြယ်ခုနစ်လုံးကိုကိုင်ထားပါတယ်။

ခံတွင်းတော်ထဲကလည်း ထက်သောသံလျက်ထွက်၏။ ဂရုဏာတော်သည် အရှိန် တန်ခိုးနှင့်ထွန်းတောက်သော နေကဲ့သို့ဖြစ်၏။ မဿဲအခန်းကြီး ၁၇ ကိုဖတ်ကြည့်တဲ့အခါမှာ ထိုကဲ့သို့တွေ့ရပါတယ်။ မဿဲအခန်း ကြီး ၁၇ မှာ ၆ ရက်လွန်သောအခါ ယေရှုသည် ပေတရု၊ ယာကုပ်နှင့် ယောဟန်တို့သည် မြင့်လှသောတောင်ပေါ်တွင် ဆိတ်ကွယ်ရာအရပ်သို့ဆောင်ကြွတော်မူ၏။ သူတို့ရှေ့ထူးခြား သော အဆင်းအရောင်နှင့် ပြည့်စုံသည်ဖြစ်၍ မျက်နှာတော်သည်နေကဲ့သို့ ထွန်းတောက် လျက် အဝတ်တော် သည်အလင်းကဲ့သို့ ဖြူလျက်ရှိ၏။ ကိုယ်တော်ရှင်သည် လုံးဝအသွင် ပြောင်းသွားပါသည်။ က်ိုယ်တော်ဘာလုပ်ပါသလဲ။ လုံးဝမိမိကိုယ်ကိုမိမိပြောင်း လဲလိုက်ပါ တယ်။ သူကြွလာတော်မူမဲ့နေ့ရက်အတိုင်းပုံစံမျိုးကို ဖြစ်ပေါ်စေပါတယ်။

124 ၁၂၄။ ထိုကဲ့သို့မဖြစ်ခင်နာရီပေါင်း အနည်းငယ်အတွင်းမှာ သခင်ယေရှုက ပြောခဲ့ပါ သည်။ ငါအမှန်ဆိုသည်ကား လူသားသည် နိုင်ငံတော်တည်လျက်ကြွလာတော်မူသည်ကို ဤအရပ်၌ရှိသော သူတို့သည်မမြင်မီ သေခြင်းသို့မရောက်ရကြဟု တပြည့်တော်တို့အား မိန့်တော်မူ၏။ အဲဒါမှန်ပါသလား။ ထိုနောက်သူကပေတရု၊ ယာကုပ်နှင့် ယောဟန်တည်း ဟူသော သက်သေခံသုံးဦးကို ခေါ်သွားပြီးတော့ ဓမ္မဟောင်းမှာ ဖြစ်ပျက်သမျှအရာအား လုံး နှုတ်ကပတ်တော်အားလုံးကို အကောင်အထည်ဖော်ပြီးတော့ ပြုလုပ်ခဲ့ပါတယ်။ သက် သေသုံးဦးကို တောင်ပေါ်သို့ခေါ်သွားခြင်းဘဲဖြစ်ပါတယ်။

ပထမဦးဆုံးဘာလာသလဲဆိုတာ သတိပြုပါ။ ဒီကစ္စကိုသေသေချာချာလေ့လာရ မှာဖြစ်ပါတယ်။ ပထမဦးဆုံးသူတို့ဘာ တွေ့ရပါသလဲ။ သူတို့တောင်ပေါ်ကိုသခင်ယေရှုနဲ့ အတူတက်သွားပါတယ်။ ကိုယ်တော် ရှင်ကသူတို့ကိုခေါ်သွားပါတယ်။ သူကကိုယ်ခန္ဓာကိုယ်ရောင်ပြောင်းလဲခြင်း၊ သူတို့ရှေ့မှာဘဲဖြစ်သွားပါတယ်။ သူရဲ့ဝတ်ရုံဟာ နေကဲ့သို့တောက်ပပြီးတော့ အင်မတန်ခွန်အားနှင့်ပြည့်စုံပါတယ်။ သူရှေ့မှာမောရှေနဲ့ ဧလိယပေါ်လာပါတယ်။ လူသားသည်ဘယ်လိုပုံစံမျိုးဖြစ်နေပါသလဲ။ ပထမဦးဆုံးပေါ်လာမဲ့လူကတော့ မော ရှေနဲ့ ဧလိယဘဲဖြစ်ပါတယ်။

125 ၁၂၅။ သခင်ယေရှု ဤလောကကြီးကိုပြန်လည်မကြွလာမီ ဧလိယရဲ့ဝိညာဉ်သက်ရောက် ပြီးတော့ ဒီကမ္ဘာ လောကကြီးကို ကြွလာမှာဖြစ်ပါတယ်။ သားသမီးတို့ရဲ့ နှလုံးသားတွေကို ဖခင်များထံသို့ပြန်လည် ဖခင်များကဲ့သို့ ပြန်လည်ပြောင်း လဲစေမှာဖြစ်ပါတယ်။ သမ္မာကျမ်း စာဆိုထားခြင်းဖြစ်ပါတယ်။ သခင်ယေရှုကဒီနေရာမှာ တွေ့ရပါတယ်။ တမန်တော်များလည်း ကိုယ်တော်ကိုတွေ့ရပါတယ်။ လူသားကြွလာတဲ့အရာကတော့ ကိုယ်တော်ကိုဘုန်း ထင်ရှားစေပါတယ်။ ကိုယ်တော်ကိုပြန်ကြွလာတော်မူရန်အတွက် သူကဘုန်းထင်ရှားစေပါတယ်။ ပထမဦးဆုံးတွေ့ရတဲ့အရာကတော့ ကိုယ်တော်ရှင်ကို မတွေ့ရမီဘာကိုတွေ့ရပါသလဲ။ ဧလိယပြီးတော့ ဘယ်သူလဲ။ မောရှေဖြစ်ပါတယ်။ ဣသရေလကတော့ ပြန်ရောက်လာပါတယ်။ ပညတ်တရားကို ရောက်လျှောက်တဲ့သူတွေ နောက်ပြီးတော့ ဘုန်းထင်ရှားတဲ့လူသားဘဲဖြစ်ပါတယ်။ ဟာလေလုယာ။ သူကြွလာခြင်းကို အစဉ်တကျ သင်တွေ့မြင်ပါသလား။ ဧလိယရဲ့ဝိညာဉ်ဒါမှမဟုတ် နောက်ဆုံးသောအသင်းတော် ကာလရဲ့သက်သေ ဘဲဖြစ်ဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကိုဖော်ပြဖို့အတွက် တန်ခိုးတော်နဲ့ ကြွလာခြင်း ဘဲဖြစ်တယ်။

126 ၁၂၆။ ၎င်းနောက်မှာ ဂျူးလူမျိုးပေါင်း ၁၄၀၀၀၀ သိနတောင်မှာသွားပြီးတော့ စုရုံးကြပါတယ်။ ဣသရေလနိုင်ငံ သည် နိုင်ငံတနိုင်ငံဖြစ်နေပါသည်။ ကမ္ဘာပေါ်မှာ ရှေးအကျဆုံးနိုင် ငံတစ်နိုင်ငံဖြစ်နေပါတယ်။ ဣသရေလနိုင်ငံရဲ့ အလံဟာလည်း ကမ္ဘာပေါ်မှာ ရှေးအကျဆုံး အလံဘဲဖြစ်ပါတယ်။ သူတို့မှာ ကိုယ်ပိုင်နိုင်ငံရှိတယ်။ သူတို့ရဲ့ ကိုယ်ပိုင်စစ်တပ်ရှိတယ်။ ကိုယ်ပိုင်ပိုက်ဆံရှိတယ်။ အားလုံးသူတို့ကိုယ်ပိုင်ပြည့်စုံပါတယ်။ သူတို့ဟာ နိုင်ငံပေါင် းချုပ်အသင်း ကုလသမဂ္ဂရဲ့ အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က နိုင်ငံတစ်နိုင်ငံဖြစ်လို့ပါဘဲ။ အရာခပ်သိမ်းပြည့်စုံသည်အထိ သူတို့ကိုဘယ်တော့မှ ပယ်ဖျက်လို့မရဘူးလို့မ ရဘူးလို့ သခင်ယေရှုပြောတော်မူပါတယ်။

အဲဒီဂျူးအုပ်စုလေးတစ်စုရဲ့ နက်နဲတဲ့အရာ နေရာတိုင်းမှာ နှိပ်စက်နှင်းပန်းခံရတာတွေ နှင်ထုတ်ခံရတာတွေ ထွက်ပြေးရတာ တွေ မောင်းထုတ်ခံရတာတွေ အားလုံးဟာ အသင်းတော်ကဲ့သို့ဘဲဖြစ်တယ်။ ခေတ်ကာလအဆက်ဆက်ငြင်းပယ်ခြင်းခံရတယ်။ ဒါတောင်မှ သခင်ယေရှုကဘာပြောသလဲဆိုတော့ သင်္ဘောသဖန်းပင်လေး အဖူးတွေအပွင့် တွေတလူလူဝေလာလို့ရှိရင် အဓိပ္ပါယ်ကတော့ နိုင်ငံတနိုင်ငံဟာ

သူရဲ့နိုင်ငံတော် အနေ အထားကို ပြန်လည်ရောက်ရှိလာတဲ့အခါမှာ အချိန်ကျရောက် လာပြီဖြစ်တယ်။ တံခါးဝတိုင် အောင်ဆိုလိုခြင်းဘဲဖြစ်ပါတယ်။ ကျွန်တော်ဆိုလိုတဲ့အရာကတော့ ဒီခေတ်ကာလဘယ် တော့မှ ပြီးဆုံးသွားမှာမဟုတ်ပါဘူး။ ဒါပေမဲ့လည်း ဒီအရာတွေအားလုံးကတော့ ပြည်စုံမှာ ဘဲဖြစ်ပါတယ်။ ဒါတွေမပြည်စုံဘဲနဲ့ ဒီခေတ်တစ်ခေတ်ကကျော်လွှားမသွားနိုင်ပါဘူး။ ဒီလူတွေအားလုံးလည်း သေဆုံးမသွားသေးပါဘူး။ ဟစ်တလာကသူတို့ကိုသတ်တယ်။ မူဆိုလိုနီတွေကလည်း သူတို့ကိုသတ်ဖို့ကြိုးစားတယ်။ စတာလင်လည်း သူတို့ကိုသတ်ဖို့ကြိုးစား တယ်။ လူတိုင်းကြိုးစားကြပါတယ်။ ဒါပေမဲ့လည်းသူတို့အားလုံးလည်း ထိခိုက်နာကျင်ခြင်း လည်း မရှိသလို ဘယ်တော့မှဒီကမ္ဘာလောကကြီးကနေ ပျောက်ဆုံးမသွားပါဘူး။ သူတို့ ဟာ နိုင်ငံတနိုင်ငံ လူမျိုးတစ်မျိုးနဲ့ ရပ်တည်နေရမှာဖြစ်ပါတယ်။ အာမင်။

မောရှေနှင့် ဧလိယလာကြမှာဖြစ်ပါတယ်။ ခင်ဗျားတို့နားလည်မယ်ကျွန်တော် မျှော်လင့်ပါတယ်။

127 ၁၂၇။ နေဟာအစွမ်းကုန်တောက်ပနေပါတယ်။ ကိုယ်တော်ရှင်ရဲ့ကိုယ်အရောင်အဝါ တွေဟာ ပြောင်းလဲသွားပါတယ်။ နောက်တခုကတော့ ဗျာဒိတ်ကျမ်း အခန်းကြီး ၂၁ နှင့် ၂၃ မှာ ဖော်ပြထားတဲ့အရာဘဲဖြစ်ပါတယ်။ ရေးမှတ်ထားချင် လို့ရှိရင်ရေးမှတ်ထားပါ။ ယေရုဆလင်မြို့သစ် ဗျာဒိတ်၂၁း၂၃ မှာဆိုလို့ရှိရင် ကိုယ်တော်ရှင်ဟာ အဲဒီမြို့တော်ရဲ့ သိုးသူငယ်ဖြစ်တယ်။ မင်းလည်း ဖြစ်ပါတယ်။ အမြဲတမ်းထွန်းလင်းတောက်ပနေပါတယ်။ အဲဒီမြို့ထဲမှာ မီးထွန်းဖို့မလိုပါဘူး။ နေလည်း အလင်းရောင်ပေးစရာမလိုပါဘူး။ ဘာကြောင့်လဲဆိုတော့ သိုးသူငယ်ဟာ အဲဒီမြို့ရဲ့အလယ်မှာ ရှိနေပြီး သူကိုယ်၌ကအလင်း ဖြစ်နေလို့ပါဘဲ။ ကယ်တင်ခြင်းရတဲ့နိုင်ငံတွေအားလုံးဟာ သိုးသူငယ်ရဲ့အလင်းထဲမှာ လိုက် လျှောက်ရမှာဖြစ်ပါတယ်။ သူကတော့ အလင်းရဲ့သိုးသူငယ်ဘဲဖြစ်ပါတယ်။ အဲဒီအတွက် ခင်ဗျားဝမ်းမသာဘူးလား။

အဲဒါတွေမကပါဘူး။ ကိုယ်တော်ရှင်ဟာ ကြွလာတော်မူမှာဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကြွလာတဲ့အကြောင်းကို သခင်ဘုရား ရဲ့နေ့ရက်မှာ ယောဟန်က ကိုယ်တော်ကို တွေ့ပါတယ်။ ဖြောင့်မတ်ခြင်းရဲ့နေမင်းဖြစ်ပါတယ်။ မာလခိကျမ်းကိုလေ့လာကြပါစို့။ မာလခိက တော့ နောက်ဆုံးဓမ္မဟောင်းပရောဖက်တစ်ပါးဘဲဖြစ်ပါတယ်။ မာလခိအခန်းကြီး ၄ကို ကြည့်ကြပါမယ်။

128 ၁၂၈။ ကျွန်တော်ရဲ့ဇနီးသည်နဲ့ပတ်သက်လို့ကျွန်တော်ပြောပြချင်တာလေးနည်းနည်း ရှိပါတယ်။ သူမကတော့ ကျွန်တော်ရဲ့အ နောက်ပိုင်းမှာ ထိုင်နေတဲ့အဖိုးတန် ဇနီးဘဲဖြစ် ပါတယ်။ ကျွန်တော်တို့ လက်မထပ်ခင်အင်မတန်ကြမ်းတမ်းခက်ခဲတဲ့ဘဝ ကိုကျွန်တော်ပေးခဲ့မိပါတယ်။ ကျွန်တော်တို့လက်ထပ်ပြီးတဲ့အချိန်မှာလဲ အဲလိုဘဲကြမ်းတမ်းခက်ခဲပါတယ်။ ကျွန်တော်ထပ်ပြီး လက်ထပ်ချင်သေးသလား။ လက်မထပ်ချင်တော့ဘူးလားဆိုတာကို ကျွန်တော်မသိပါဘူး။ သူမကတော့အားလုံး စိတ်ပျက်သွားပါတယ်။ သူမကအင်မတန်ကောင်း မြတ်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်ပါတယ်။ သူမကိုပစ်ထားခဲ့လို့လည်း မဖြစ်ပါဘူး။ သူမကိုတခြားလူတစ်ယောက်နဲ့ လက်ထပ်ပေးပြီးတော့ တခြားလူလက်ထဲအပ်ဖို့လဲ ကျွန် တော်မလုပ်နိုင်ပါဘူး။ ကျွန်တော်နဲ့တောင်မှသူမထိုက်တန်ပါဘူး။ ကျွန်တော်ကမကောင်း ပါဘူး။ သူမကအရမ်းကိုကြင်နာတတ်ပါတယ်။ သူမဟာ တကယ်တမ်းပြောရမယ်ဆိုလို့ရှိရင် ဘာလုပ်ရမှန်းမသိဘူး။ သူမဘဝပျက်သလိုဖြစ်သွားပါတယ်။ အဲဒါကတော့ လွန်ခဲ့တဲ့နှစ် ပေါင်း ၂၀ လောက်ကဖြစ်ပါတယ်။ သူမဟာအစစအရာရာပျက်စီးသွားသလိုခံစားရပြီး တော့ သူမက နေ့နဲ့ည တနေ့လုံး တစ်ညလုံးငိုကြွေးရပါတယ်။ သူမကိုကျွန်တော်ကပစ်ပယ် ထားဖို့ကြိုးစားပါတယ်။ သူမကိုမချစ်လို့မဟုတ်ပါဘူး။ သူမရဲ့အချိန်တွေကိုကျွန်တော်မယူ ချင်လို့ဘဲဖြစ်ပါတယ်။ တခြားလူတစ်ယောက်ကိုရှာ။ လူကောင်းတစ်ယောက်ကိုရှာ။ ရှာ ပြီးတော့ လက်ထပ်ခွင့်ပေးမလို့ဘဲဖြစ်ပါတယ်။ သူမကအင်မတန်မှ ကောင်းမြတ်တဲ့ မိန်းကလေးဖြစ်လို့ သူမကို ကျွန်တော်ကမယူရက်တော့ဘဲနဲ့ လက်လွတ်ဆုံးရှုံးခံလိုက်မလို့ ဘဲဖြစ်ပါတယ်။ သူမကတော့ ကျွန်တော်ကိုချစ်ပါတယ်။ ကျွန်တော်လည်းသူမကိုချစ်ပါ တယ်။ အဲဒါနဲ့ဘဲ ကျွန်တော်ဘယ်လိုစဉ်းစားမိသလဲဆိုတော့ တခြားမိန်းခလေးတစ်ယောက် ကိုကျွန်တော်ချိန်းတွေ့ဖို့ကြိုးစားပါတယ်။ ထွက်သွားပြီးတော့ ကျွန်တော်က်ိုစိတ်နာအောင် လုပ်မယ်လို့ ကျွန်တော်စဉ်းစား မိပါတယ်။ သူမကလည်း ကျွန်တော် သတ်ပစ်လိုက်ချင်ပါတယ်။ နောက်ပိုင်းမှာ အင်မတန်မှမုန်းတီးစရာကောင်းမယ်လို့ ထင်ပါတယ်။ သူမကတော့ အဲဒါတွေအားလုံးကိုနင်းခြေခဲ့ပါတယ်။ သူမကိုကျွန်တော်ဘာပြောသလဲဆိုတော့ မင်းက အင်မတန်ကောင်းမြတ်တဲ့မိန်းခလေးဖြစ်တယ်။ မင်းရဲ့အချိန်တွေကိုငါဒီလိုမသုံးချင်ဘူး။ ကျွန်တော်ပြောခဲ့ပါတယ်။

သူမကဘာပြောသလဲဆိုတော့ ဘေးရှင့်ကိုကျွန်မချစ်နေဆဲပါဘဲ။ ကျွန်မချစ်နိုင် မဲ့သူကတော့ တစ်ယောက်ထဲ ရှိပါတယ်လို့ပြောပါတယ်။ အမြဲတမ်းဘဲချစ်နေမှာပါလို့လည်း ပြောတယ်။

129 ၁၂၉။ ကျွန်တော်ကလည်း ဒီအတွက်ကြောင့်ကျွန်တော်လေးစားပါတယ်။ ဒါပေမဲ့လည်း ငါဘဝကရသေ့လိုဖြစ်နေပါတယ်။ ငါဘဝကရသေ့လိုနေထိုင်ရမဲ့ ဘဝမျိုးဖြစ်တယ်။ ဒါကြောင့်မို့လို့ လက်မထပ်ပါဘူးလို့ ပြောလိုက်ပါတယ်။

သူမကအဲဒါနဲ့ပတ်သက်လို့အရမ်းဘဲခံစားရပါတယ်။ သူမကအပြင်ထွက်သွားပါတယ်။ အဲဒီမှာဒူးထောက်တယ်။ ဒူးထောက်ပြီး တော့ ဆုတောင်းပါတယ်။ ကိုယ်တော်ရှင် ကျွန်မဘာလုပ်ရမလဲဆိုတာကိုမသိပါဘူး။ ကိုယ်တော်ကို မနာခံဘဲလဲမနေချင်ပါဘူး။ ဒါပေမဲ့လည်း ကျွန်မဘေးကိုချစ်ပါတယ်။ ဘာလုပ်ရမှာလဲကိုယ်တော်။ ကျမကိုနှစ်သိပ်ပေးပါ။ ကျွန်မကိုနည်းနည်း လောက်တော့ ကူညီပေးပါ။ အဲဒီလိုဆုတောင်းချက်မျိုးကျွန်မတခါမှ အစကမတောင်းခဲ့ဘူးပါဘူး။ ကိုယ်တော် ကျွန်မထပ်ပြီးတော့လည်းဆုတောင်းစရာမလို ပါဘူးလိုလဲမျော်လင်ပါတယ်။ ယခုအခါမှာ ကိုယ်တော်ရှင်ကျွန်မကို ကူညီပါ။ ကျွန်မဒီကျမ်း စာအုပ်ကလေး ဖွင့်ဖွင့်ပေးပါ။ ကျွန်မကိုကျမ်းချက်ကလေးပေးပါ။ ကိုယ်တော်ရှင်အဲဒီလို မျိုးပေးတယ် လို့ကျွန်မတို့ကြားဖူးပါတယ်လို့ သူမဆုတောင်းတယ်။ နောက်ပြီးတော့ ကျမ်း စာအုပ်ကိုဖွင့်လိုက်တဲ့အခါမှာ မာလခိအခန်းကြီး ၄ကိုဖွင့်လိုက်ပါတယ်။

ကြည့်ရှုလော့။ ထာဝရဘုရား၏ ကြောက်မက်ဖွယ်သောနေ့ရက်သည် မရောက် မှီပရောဖက်ဧလိယ သင်တို့ရှိရာသို့ငါ စေလွှတ်မည်။

သူမကဘာပြောသလဲဆိုတော့ ဘာဘဲဖြစ်ဖြစ်ကျွန်မကျေနပ်ပါတယ်။ ကျွန်မတို့ ဘာဘဲဖြစ်ဖြစ်လက်ထပ်မယ်လို့ဆိုပါတယ်။ မီးပူဋ္ဌလောင်သကဲ့သို့ လောင်သောနေ့ရက် သည်ရောက်လိမ့်မည်။ မာနကြီးသောသူနှင့် ဒုစရိုက်ကိုပြုသောသူအပေါင်းတို့သည် အမှိုက်ခြောက်ဖြစ်လိမ့်မည်။ သူတို့အရင်းအဖျားမှတစုမကျန်ကြွင်းစေရန် ထိုနေ့ရက်သည်လောင် လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေထာဝရဘုရားမိန့်တော်မူ၏။

ငါ၏နာမကိုကြောက်ရွံ့သော သင်တို့၌ကား တရားတော်(နေမင်း)သည်အနာပျောက်စေသောအတောင်တို့နှင့်ပေါ်ထွန်းတော်မူမည်။

130 ၁၃၀။ တရားတော်နေမင်းသည် ပေါ်ထွန်းတော်မူမည်ဟုဆိုထားပါတယ်။ ဘုရားသားတော်၏ခွန်အားသည် ယနေ့ည ကျွန်တော်တို့အလယ်မှာ ထွန်းလင်းတောက်ပပါတယ်။ ရွှေ မီးခွက် ၇လုံးတို့နဲ့ အလယ်မှာရပ်နေပြီးတော့ ကိုယ်တော်ရှင်ဟာ တရားသူကြီးကဲ့သို့ ၇ ဖျာသောတန်ခိုးကိုပိုင်ဆိုင်ပါတယ်။ ကိုယ်တော်ရှင်ဟာ ကျွန်တော်တို့အတွက်အသေခံတယ်။ တရားစီရင်ခြင်းကိုမိမိကိုယ်ပေါ်မှာ ယူတင်ဝတ်ဆောင်တယ်။ နောက်ပြီးတော့ စပျစ်သီး နယ်ရာ ဘုရားသခင်ရဲ့အမျက် တော်ဖလားသွန်းလောင်းရာကဲ့သို့တရားစီရင်မှာဖြစ်ပါတယ်။ အပြစ်သားအတွက်သူဟာ ကြောက်မက်ဖွယ်ကောင်းတဲ့ ရေတိမ်ကဲ့သို့ဖြစ်ပြီးတော့ ဒီအသက်တာပင်လယ်ထဲမှာ အသက်ဝိညာဉ်ဆုံးရှုံးရမှာဖြစ်ပါတယ်။ အသင်းတော်အတွက် အင်မတန်မှ ချစ်စရာကောင်းတဲ့ ကယ်တင်ရှင်ဖြစ်ပြီးတော့ နားခိုရာထဲမှာ ကျောက်ချ ထားခြင်းဘဲဖြစ်ပါတယ်။ ပွတ်ပွတ်ဆူနေသော စမ်းရေကိုနားထောင်ပြီးတော့ လဲလျှောင်း သကဲ့သို့ ခရစ်တော်၌ကျေနပ်ပြီးတော့ နားနေခွင့်ကိုရပါတယ်။ ဘယ်လိုအချိန်မျိုးဖြစ်ပါသလဲ။ ကိုယ်တိုင်ရှင်ရဲ့ရွှေးထွေးတဲ့ရောင်ခြည်တွေဟာ ကျွန်တော်တို့အပေါ်မှာ ထွန်းလင်း တောက်ပနေပါတယ်။ ကြောက်ရွံ့ခြင်းမရှိနဲ့ ငါဟာ ကိုယ်တော်ပင်ဖြစ်တယ်။ နောင်လည်း ကြွလာတော်မူမဲ့အရှင်လည်းဖြစ်တယ်။ တခြားဘယ်သူမှမရှိဘူး။ ငါဟာ အာလဖ နဲ့ ဩ မေဃဖြစ်တယ်။ ရေငတ်သူတို့ကို အသက်ရေစမ်းထွက်ရာ စမ်းရေတွင်းကို အခမဲ့ငါပေးမယ် လို့ဆိုထားပါတယ်။ အဲဒီလိုမျိုးဂတိတော်တွေနဲ့ ယှဉ်ပြီးတော့ အင်မတန်ချစ်စရာကောင်းတဲ့ အရာဘဲဖြစ်ပါတယ်။ သိုးသူငယ်ဟာ မြို့တော်ရဲ့အလယ်မှာ တည်ရှိပြီးတော့ အလင်းကို လုံးဝမလိုအပ်ပါဘူး။ ကိုယ်တော်ရှင်ဟာ ဖြောင့်မတ်ခြင်းရဲ့ နေမင်းဖြစ်ပြီးတော့ သူရဲ့ အတောင်တော်တွေနဲ့ အနာရောဂါကို ငြိမ်းစေမှာ ဖြစ်ပါတယ်။

ကိုယ်တော်ရှင်ဟာ လီလီတောင်ကြားထဲက ဖြစ်ပါတယ်။

ကိုယ်တော်ရှင်ဟာ ထွန်းတောက်တဲ့မိုးသောက်ကြယ်ဖြစ်ပါတယ်။

ကိုယ်တော်ရှင်ဟာ ထောင်ပေါင်းများစွာထဲမှာ အလှပဆုံးဖြစ်ပါတယ်။

ကျွန်တော်ရဲ့ဝိညာဉ်အတွက်အကောင်းဆုံးဖြစ်ပါတယ်။

ဝမ်းနည်းကြေကွဲတဲ့အခါမှာ ကိုယ်တော်ရှင်နှစ်သိမ့်တယ်။ဒုက္ခဆင်းရဲတွေနဲ့ရင်ဆိုင်ရတဲ့အခါမှာ ကိုယ်တော်ရှင် ကျွန်ုပ်နဲ့အတူရှိပါတယ်။

ကိုယ်တော်ရှင်ဟာ အမြဲတမ်းကျွန်တော်ကိုဂရုစိုက်နေတဲ့အကြောင်း ပြောပြပါတယ်။ ဟာလေလုယာ။

ကိုယ်တော်ရှင်ဟာ တောင်ကြားထဲကလီလီပန်းဖြစ်ပါတယ်။

ကိုယ်တော်ရှင်ဟာ တောက်ပတဲ့ မိုးသောကြယ်ဘဲဖြစ်ပါတယ်။

ကိုယ်တော်ရှင်ဟာ ကျွန်တော်ဝိညာဉ်အတွက်အကောင်းဆုံး ဖြစ်ပါတယ်။

131 ၁၃၁။ အလွန်ကြီးမားသောမိုးသောက်ကြယ်ကြီးက ပေါ်ထွက်လာပြီးတောက်ပနေပါသည်။ အလွန်တောက်ပသော နေ့ရက်ကြီး ရောက်လာပါသည်။ ထိုနေ့ရက်ကြီး ရောက်တဲ့အခါမှာ နေသည်အလင်းရောင်မပေးဘဲ မှောင်မိုက်သွားမယ်လို့ဆိုပါတယ်။ ကိုယ်တော်ရှင်က သူကိုသူအခြားသောကြယ်ကြီးအနောက်မှာ ဖုံးကွယ်လိုက်ခြင်းဘဲ ဖြစ်ပါတယ်။ သူရဲ့အ တောင်ပန်များနဲ့သူရဲ့အနာရောဂါကိုငြိမ်းစေခြင်းဘဲဖြစ်ပါတယ်။

ယခုတဖန်ပြန်လည်ပြီးတော့ ပြောရမဲ့သတင်းစကားကို ပြောမှာဖြစ်ပါတယ်။ ကျွန် တော်နိရိုးချုပ်ပိုင်းကိုရောက်လာပါပြီ။ နံဖြန်ညအတွက်လည်း ကျွန်တော်တို့ပြင်ဆင်ရမှာ ဖြစ်ပါတယ်။ ယခုအချိန်လည်း ၉ နာရီထိုးဖို့ ၁၅မိနစ်ဘဲလိုပါတော့တယ်။ သိပ်ပြီးတော့ အချိန်အကြာကြီးယူပြီးတော့ တခြားသောသူများကိုလည်း အနှောင့်အယှက်ပေးသလိုလဲ မလုပ်ချင်ပါဘူး။ သို့မဟုတ် ကျွန်တော်တို့ဒီနေရာမှာဘဲ ပြန်မလာနိုင်ဘဲဖြစ်နေမှာ ဖြစ်ပါ တယ်။

132 ၁၃၂။ ဖြောင့်မတ်ခြင်းရဲ့နေအလင်းနဲ့တကွ သူ၏အနာရောဂါကိုငြိမ်းစေသောအတောင် ပုံများဟုဆိုထားပါတယ်။ ကိုယ်တော်ရှင်ရဲ့ထွန်းတောက်နေသောအရောင်အဝါများပင်ဖြစ် ပါတယ်။ ကိုယ်တော်ရှင်ဟာ တရားသူကြီးဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ ဘုရားသခင် ရဲ့ နေ့ရက်တော်ကြီးအပေါ်မှာ မိမိကိုယ်ကိုမိမိဖော်ပြမဲ့အရာဘဲဖြစ်ပါတယ်။ သင်ထိုအရာ ကိုယုံကြည်ပါသလား။ သူဟာ ကိုယ်တော်ရှင်ရဲ့နေ့ရက်တော်ကိုရောက်သွားပါတယ်။ ကိုယ် တော်ရှင်ကိုလည်း တရားသူကြီးအဖြစ်မြင်တွေ့ရပါတယ်။ ယဇ်ပရောဟိတ်အဖြစ်မဟုတ်ပါ။ ဘုရင်အဖြစ်မဟုတ်ပါ။ သို့သော်လည်း ကိုယ်တော်ရှင်သည်တရားသူကြီးဖြစ်ပါတယ်။ ထိုအ ရာကိုသင်ယုံကြည်ပါသလား။ သမ္မာကျမ်းစာထဲမှာ ဆိုထားတဲ့အတိုင်းဘဲ ကိုယ်တော်ရှင်သည် တရားသူကြီး ဖြစ်ပါတယ်။ သူဟာတရားသူကြီးဝတ်စုံကို ဝတ်ဆင်ထားပါတယ်။ သူဘာလုပ်ခဲ့သလဲဆိုတာကိုဖော်ပြနေပါတယ်။ သူဘာဖြစ်ခဲ့သလဲဆိုတာကိုလည်း ဖော်ပြထားပါတယ်။ အပြစ်သားအတွက်သူဟာ ဘာလဲဆိုတာကို ဖော်ပြထားပါတယ်။ ခရစ်ယာန် အတွက်လည်း သူဟာဘာလဲဆိုတာဖော်ပြထားတယ်။ ဒီနေရာမှာ သူရပ်နေပြီးတော့ သမုဒ္ဒ ရာသံတွေကိုကြားနေရပါတယ်။ ကိုယ်တော်

ရှင်ရဲ့ပုံသဏ္ဍာန်တော်ဟာလည်း အင်မတန် ခွန်အားပြည့်စုံတဲ့နေရဲ့အလင်းကဲ့သို့ တောက်ပနေပါတယ်။

133 ၁၃၃။ အခန်းငယ် ၁၆ကိုကြည့်မယ်ဆိုလို့ရှိရင် တောင်းပန်ပါတယ်။ အခန်းငယ် ၁၆ မဟုတ်ပါဘူး။ အခန်းငယ် ၁၇ ဖြစ်ပါတယ်။

ထိုသူကိုငါမြင်သောအခါသေမတတ်ဖြစ်၍ ခြေတော်ရင်း၌လဲလျက်နေ၏။ ...

ပရောဖက်ကိုယ်တိုင် မတ်တပ်ရပ်၍မနေနိုင်တော့ပါ။ ယူပါရုံကိုမြင်သောအခါ ခွန်အားများကိုစုတ်ယူသကဲ့သို့ ကိုယ်တော်ရှင်ရဲ့ ခြေတော်ရင်းမှာ သူကသေမတတ်ဖြစ်ပြီး တော့ခြေတော်ရင်းမှာ လဲလျက်နေပါတယ်။

ထိုသူသည် လက်ယာလက်တော်သည် ငါ့အပေါ်သို့ တင်လျက်ကြောက်ရွံ့ခြင်းမရှိနှင့်။ ငါသည်အဦးဆုံးသောသူ နောက်ဆုံးသော သူဖြစ်၏။ အသက်ရှင်သောသူလည်းဖြစ်၏။ ငါသည်အရင်သေသည်ဖြစ်၍ ကမ္ဘာအဆက်ဆက်အသက်နှင့်ပြည့်စုံ၏။ မရဏာနှင့် မရဏာ နိုင် ငံကိုလည်း ငါအစိုးရ၏။

134 ၁၃၄။ လန့်မသွားပါနှင့်။ ကျွန်တော်တို့ဘာကြောင့်လန့်ရမှာလဲ။ အသင်းတော်ဟာ ဘာကြောင့် ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ် တော်ကိုမစောင့်ထိန်းပါသလဲ။ ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ်တော်ကို မဆင်ချင်ပါသလဲ။ ဒီနေရာမှာ ခဏရပ်ပြီးကျွန်တော်တို့ တစ်မိနစ်လောက် စဉ်းစားကြပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့အဆုံးသတ်တော့မှာဖြစ်လို့ဘဲ ဖြစ်ပါတယ်။ ဒီအသင်းတော်က ဘာကြောင့်မကြောက်ရမှာလဲ။ ကိုယ်တော်ရှင်က ကျွန်တော်တို့ရှေ့မှာ ဖော်ပြမည်လို့ဂတိတော်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဘာကြောင့်မို့လို့တရားစီရင်ခြင်းကို ကြောက်ရမှာလဲ။ နောင်လာမဲ့တရားစီရင်ခြင်းကိုကြောက်စရာမလိုပါဘူး။ ကိုယ်တော်ရှင် မကြောက်နဲ့လို့ဆိုထားပါတယ်။ ကိုယ်တော်ရှင်ကမနေ့နဲ့ယနေ နောင်လာမဲ့ကာလမှာ ငါ ဟာအရင်ဆုံးသောသူနဲ့ နောက်ဆုံးသောသူဖြစ်တယ်။ ငရဲနဲ့သေခြင်းတရားတွေရဲ့ သော့တွေကို ဆုပ်ကိုင်ထားတဲ့သူဖြစ်တယ်လို့ ဆိုပါတယ်။ ငါဟာ ငရဲနဲ့သေခြင်းတရားကို အနိုင် ယူထားပြီးပြီ။ အဲဒါကတော့ သင်္ချိုင်းနဲ့မရဏာနိုင်ငံ ကိုယ်တိုင်ဖြစ်လို့ပါဘဲ။ ငါအနိုင်ယူပြီး ပြီ။ အားလုံးကိုငါအနိုင်ယူပြီးပြီ။ ငရဲရောသေခြင်းတရားရော သင်္ချိုင်း အစ ငါအနိုင်ယူပြီး ပြီ။ ကိုယ်တော်ရှင်ဒီကမ္ဘာမြေကြီးပေါ်မှာ အသက်ရှင်စဉ်အခါမှာ ....

135 ၁၃၅။ လူပေါင်းမြောက်များစွာတို့ကအောင်မြင်ခြင်းရအောင် ပြုလုပ်ခဲ့ကြပါတယ်။ အဲဒါ ကိုခင်ဗျားတို့သိပါသလား။ နပိုလျံက တကမ္ဘာလုံးကို အောင်နိုင်ဖို့ကြိုးစားခဲ့ပါတယ်။ အဲဒီအချိန်မှာ သူရဲ့အသက် ၃၃ နှစ်ရှိပါတယ်။ အသက်၁၇ နှစ် ၂၅ နှစ်အထိ နပိုလျံ ဟာ အစစအရာရာကို ရှောင်ရှားပြီးတော့ မိမိကိုယ်ကို စည်းကမ်းတကျ စနစ်တကျနေ ထိုင်ခဲ့ပါတယ်။ သူဟာ အရက်သေစာသောက်စားခြင်းလုံးဝမရှိပါဘူး။ ဘာအပျော်အပါး မှလည်း မလုပ်ခဲ့ပါဘူး။ သူပြင်သစ်နိုင်ငံကိုသွားပါတယ်။ သူကပြင်သစ်လူမျိုးတော့မဟုတ် ပါဘူး။ သူကကျွန်းကလေးတကျွန်းပေါ်ကလာတာဘဲဖြစ်ပါတယ်။ သူအဲဒီကိုသွားပြီးတော့ ပြင်သစ်တွေနဲ့ ပေါင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က ပြင်သစ်တွေကိုမကြိုက်လို့ ဘဲဖြစ်ပါတယ်။ ဒါပေမဲ့လည်းသူဟာ အနိုင်ရရှိခဲ့ပါတယ်။ ဆက်လက်ပြီးတော့ ပြင်သစ် နိုင်ငံကိုသိမ်းပိုက်ခဲ့ပါတယ်။ သူဟာပြင်သစ်တွေအားလုံးကိုသိမ်းပိုက်ပြီး ကမ္ဘာကြီးကိုလည်း သိမ်းပိုက်ဖို့ကြိုးစားခဲ့ပါတယ်။ အသက် ၃၃ နှစ်အရွယ်မှာ သူထိုင်ပြီးငိုနေပါတယ်။ ဘာကြောင့်လဲဆိုတော့ သူမှာ တိုက်ခိုက်သိမ်းပိုက်ရမဲ့သူတွေမရှိတော့လို့ပါဘဲ။ နောက်ဆုံး မှာသူဟာ ဆုံးရှုံးမှုနဲ့ အရက်သမားဘဝနဲ့သေဆုံးခဲ့ရပါတယ်။ သူကိုယ်သူတောင်မှအနိုင် မယူနိုင်ခဲ့ပါဘူး။ သူဟာဝါတလူးမှာ တိုက်ပွဲဝင်တဲ့အခါမှာ နောက်ဆုံးအဲဒီတိုက်ပွဲမှာဘဲ သူသေဆုံးခဲ့ရပါတယ်။ ကျွန်တော်အဲဒီရှေးဟောင်းနိမိတ်လက္ခဏာတွေ ရုပ်တုတွေကို ကျွန် တော်တွေ့ရပါတယ်။ အဲဒီကျွန်းပေါ်ကို သွားခဲ့စဉ်က တွေ့ခဲ့ရခြင်းဘဲဖြစ်ပါတယ်။ အဲဒီ အောင်မြင်တဲ့အနိုင်ယူတဲ့ စစ်ဘုရင်ကြီးကိုကြည့်ပြီး သူဟာလူငယ်ဘဝက နေစတင်ခဲ့တယ်။ အောင်မြင်မှုရအောင်မှားယွင်းတဲ့နည်းနဲ့သူကြိုးစားခဲ့တယ်။ သေဆုံးတဲ့အခါမှာလည်း မင်္ဂ လာမရှိဘဲသေဆုံး ခဲ့ရပါတယ်။

136 ၁၃၆။ နောက်ထပ်လူငယ်တစ်ယောက်ရှိပါသေးတယ်။ ကမ္ဘာကြီးကိုသိမ်းပိုက်ဖို့ ပေါ်ထွက် လာတဲ့သူပါဘဲ။ သူဟာအသက် ၃၃ နှစ်မှာသေဆုံးခဲ့တယ်။ သူဟာအရာခပ်သိမ်းကိုအောင် မြင်ခဲ့တယ်။ သိမ်းပိုက်နိုင်သလောက်သိမ်းပိုက်နိုင်ခဲ့တယ်။ သူကမ္ဘာလော ကကြီးမှာရှိခဲ့စဉ်အခါ သူဟာမာနထောင်လွှားခြင်းတွေ အကြင်နာတရားခေါင်းပါးတာတွေအားလုံးကို အနိုင်ရခဲ့ပါတယ်။ အနာရောဂါတွေ နတ်ဆိုးတွေ အားလုံးကိုအနိုင်တိုက်နိုင်ခဲ့ပါတယ်။ သူသေဆုံးတဲ့အခါမှာ သေခြင်းတရားကို အောင်မြင်ပါတယ်။ သူရှင်ပြန်ထမြောက်တဲ့အခါ မှာလည်း သူဟာငရဲကိုအနိုင်ရခဲ့ပါတယ်။ သူဟာဆက်လက်ပြီးတော့ တိုက်ခိုက်သိမ်းပိုက် ဖို့ အရာခပ်သိမ်းကိုရရှိဖို့ လူသားတွေနဲ့ဆန့်ကျင်တဲ့အရာအားလုံးကို အောင်မြင်နိုင်ဖို့ စပျစ်သီးနယ်ရာဘုရားသခင်ရဲ့ အမျက်တော်ဖလားထဲကို ရောက်သွားပြီးတော့ စပျစ်သီး ကဲ့သို့ နင်းခြေခြင်း ခံရတယ်။ သေခြင်းတရားကိုအောင်မြင်တယ်။ ငရဲသင်္ချိုင်းအနာရောဂါ ဒုက္ခဆင်းရဲခြင်းများ၊ မပြည့်မစုံခြင်းများအားလုံးကို အနိုင်ရခဲ့ပါတယ်။ သုံးရက်မြောက် နေ့မှာ ရှင်ပြန် ထမြောက်တယ်။ အထက်ကအရာတွေအားလုံးကို အောင်မြင်ခဲ့ပါတယ်။ ဘုရားနဲ့လူကြားမှာ ကွာခြားနေတဲ့ကောင်း ကင်နဲ့မြေကြီး ကွာခြားနေတဲ့အရာကို ဆက်စပ် ပေးပါ။ ဘုန်းတော်ထင်ရှားပါစေ။

ကိုယ်တော်ရှင်ဟာ ကြီးမြတ်တဲ့အောင်မြင်သူအဖြစ် ရပ်နေပါတယ်။ ဗိမ္မာန်တော် ကုလားကာကို နှစ်ပိုင်းကွဲစေပြီးကတည်းက ကိုယ်တော်ရှင်ဟာ မရဏာနဲ့ မရဏာနိုင်ငံရဲ့ သော့တွေကို ဆွဲကိုင်ပြီးတော့ မကြောက်နဲ့လို့ ဆိုပါတယ်။ သူရဲ့လက်ယာလက် သူရဲ့တန် ခိုးတော်လက်ကို သူ့အပေါ်တင်ပြီးတော့ ချီးမြှောက်ပါတယ်။ သူရဲ့လက်ယာလက်တော်နဲ့ ချီးမြှောက်ပါတယ်၊ မကြောက်ပါနှင့်၊ ငါဟာရှိခဲ့သည်၊ ယခုလည်း ရှိနေတယ်၊ နောင်လည်းကြွ လာအုန်းမှာဖြစ်ပါတယ်။ ငါဟာ အဦးဆုံးနဲ့ နောက်ဆုံးဖြစ်တယ်။ ငါဟာအသက်ရှင်တယ်။ အသေခံတယ်။ ပြန်ရှင်ထမြောက်ပြီး ထာဝရအသက်အရှင်တဲ့သူဖြစ်ပါတယ်။ အာမင်။

ကိုယ်တော်ရှင်ဟာ ကြီးမြတ်တဲ့အောင်မြင်သူဖြစ်တယ်။

ရိုးရှင်းတဲ့မြင်ကွင်းနဲ့ ကိုယ်တော်ရှင်ကိုတွေ့ရပါတယ်။

သူရပ်တည်နေပါတယ်။ ကြီးမြတ်တဲ့အောင်မြင်သူဖြစ်ပါတယ်။

ဗိမ္မာန်တော်ကုလားကာကို နှစ်ပိုင်းကွဲစေသောသူဖြစ်ပါတယ်။

137 ၁၃၇။ အာမင်။ လူသားတွေဖက်က အတားအဆီးတွေမှန်သမျှကို ဖြတ်တောက်လိုက်ပါ တယ်။ ဒါမှသာ ဧဒင်ဥယျာဉ်မှာ ပြန်လည်ဆက်သွယ်နိုင်မှာ ဖြစ်ပါတယ်။ ယခုအခါမှာ ကျွန်တော် ဆက်ပြီးပြောပါ့မည်။ လူဟာဆိုလို့ရှိရင် အရာခပ်သိမ်း ကိုတတ်နိုင်ပါတယ်။ သင်အဲဒါကို ယုံမှာမဟုတ်ပါဘူး။ ဒါပေမဲ့လည်း အဲဒီလူသားဟာ အရာခပ်သိမ်း ကိုတတ်နိုင်ပါတယ်။ သူဟာဆိုလို့ရင် ဘုရားသခင်ဆီကို အားလုံး အရှုံးပေးပြီးနေတဲ့သူဖြစ်ပါတယ်။ ဘုရားသခင်ကတော့ အရာခပ်သိမ်းကို တတ်နိုင်တဲ့ ဘုရားဘဲဖြစ်ပါတယ်။ မာကု၁၁း၂၂ မှာ ယေရှုကလည်း သင်တို့သည်ဘုရားသခင်ကိုယုံကြည်ခြင်းရှိကြလော့။ ဟုဆိုထားတာ ကို တွေ့ရပါတယ်။

အရာခပ်သိမ်းသောသူနှစ်ဦးတို့ကို တွေ့ဆုံတဲ့အခါမှာ ဘာဖြစ်ပါသလဲ။ ဘုရားသ ခင်နဲ့ အတူတကွ အရာခပ်သိမ်းကို တတ်နိုင်ပါ တယ်။ တစုံတခုသောအရာကို ကိုင်လှုပ် နိုင်ပါတယ်။ ဘုရားသခင်ရဲ့ အရာခပ်သိမ်းကိုတတ်စွမ်းနိုင်ပြီး ဖန်ဆင်းနိုင်တဲ့ တန်ခိုးကို သိပြီးတော့ သူရဲ့ဂုဏ်တော်ကိုယုံကြည်ပါတယ်။ သူရဲ့နှုတ်ကပတ်တော်ထဲမှာ ဖော်ပြထားပါ တယ်။ ဖန်ဆင်းတယ်။ တန်ခိုးတွေအားလုံးကို ပေါ်ထွက်လာစေပြီး အရာခပ်သိမ်းဖြစ်ပေါ် လာတယ်။ မရှိတဲ့အရာတွေလည်း ရှိလာပါတယ်။ သူတို့ရှိနေသလိုဘဲ ရှိခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ အရာခပ်သိမ်းကိုတတ်နိုင်တဲ့အရာနှစ်ခုကို တွေ့လို့ပါဘဲ။ အဲဒီမှာ ကိုယ် တော်ရှင်ရပ်နေပါတယ်။ ကိုယ်တော်ရှင်ဟာ အလွန်နှစ်သက်ဖွယ်ကောင်းပါတယ်။

138 ၁၃၈။ ထပ်မံပြီးတော့ကောင်းသောအရာကို တွေ့အုန်းမလားဆိုတာကို ဆက်လက်ပြီး တော့ ကြည့်ရှုကြရမှာဖြစ်ပါတယ်။ အခန်းငယ် ၁၈၊ ၁၉ မှာဘာပြောထားသလဲဆိုတာကို ကြည့်ရမှာဖြစ်ပါတယ်။ ကိုယ်တော်ရှင်နဲ့ပတ်သက်တဲ့ သူရဲ့ ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတဲ့အဖြစ်အပျက်တွေ ရလဒ်တွေ နောက်ပြီးတော့ ယောဟန်က ကိုယ်တော်ရှင်ရှေ့တော် မှောက်မှာ လဲကျသွားတာတွေ ဘယ်လိုမှမရပ်တည်နိုင်တော့ဘဲ သူရဲ့လူသားနဲ့ဆိုင်တဲ့ အသက်တာဟာ ဆုတ်ယုတ်ခြင်းခံရသလို ဖြစ်ပါတယ်။ သူဘာမှမလုပ်နိုင်တော့ဘဲ ကိုယ်တော် ရှင်ခြေတော်ရင်းမှာ ပြတ်ဝပ်သွားရပါတယ်။ ကိုယ်တော်ကအောင်နိုင်သူဖြစ်ပါတယ်။ အမြဲ တမ်းဘဲ ကိုယ်တော်ရှင်အောင်နိုင်ပါတယ်။

ကိုယ်တော်ရှင် အမိန့်ပေးတော်မူပါတယ်။ နောက်ပြီးရင် ကျွန်တော်တို့ဒီအခန်းကြီးကို အဆုံးသတ်ရမှာ ဖြစ်ပါတယ်။ အခန်းငယ်၁၉ မှာဆိုလို့ရှိရင်..

ထိုကြောင့်သင်သည်မြင်ပြီးသောအရာတို့ကိုလည်းကောင်း၊ ယခုရှိသောအရာတို့ ကိုလည်းကောင်း၊ နောင်ဖြစ် လတ္တံ့သောအရာတို့ကိုသောလည်းကောင်း ရေးထားလော့။

ကျွန်တော်တို့အခန်းငယ် ၂၀ ကိုဖတ်ရမှာဖြစ်ပါတယ်။

ငါ့လက်ယာလက်၌ထင်ရှားသောကြယ် ခုနှစ်လုံးနှင့် မီးခွက် ၇လုံး၏ နက်နဲခြင်း အရာဟူမူကား မီးခွက် ၇လုံးသည် အသင်းတော် ၇ပါးဖြစ်၏။ ကြယ် ၇ လုံးသည် ထိုနှစ် ပါးသောအသင်းတော်တို့ကို အုပ်သောတမန်ဖြစ်ကြ၏။

139 ၁၃၉။ မိတ်ဆွေအသက်ရှုမှားလောက်ဖွယ်ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ အကြီးမြတ် ဆုံးသောကိုယ်တော်ရှင်ဖြစ်ပါတယ်။ ဘုရားတကာတို့ရဲ့ဘုရားဖြစ်ပါတယ်။ တရားသူကြီးလည်း ဖြစ်ပါတယ်။ ယဇ်ပရောဟိတ်အကြီးလည်း ဖြစ်တယ်။ ဘုရင်လည်းဖြစ်တယ်။ လင်းယုန်ငှက်လည်း ဖြစ်တယ်။ သိုးသူငယ်လည်း ဖြစ်တယ်။ ခြင်္သေ့လည်း ဖြစ်တယ်။ အာလဖ နှင့် ဩမေဃ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ဖြစ်ပါတယ်။ ကိုယ်တော် ရှင်ဟာ ယခင်ကလည်း ရှိတယ်။ ယခုလည်း ရှိတယ်။ နောင်လည်း ရှိမဲ့ကိုယ်တော်ဘဲဖြစ်ပါတယ်။ ကြောက်မက်ဖွယ်ဘုရားသခင်ရဲ့ စပျစ်နယ်ရာအမျက်တော်ဖလားကို နင်းလိုက် တဲ့အခါမှာ အရာခပ်သိမ်းကိုကျေနပ်ဖွယ်ဖြစ်စေပါတယ်။ ဘုရားသခင်ကားတိုင်ပေါ်မှာ ပြောခဲ့တဲ့အတိုင်းဘဲ ကိုယ်တော်ရှင် ရှင်ပြန်ထမြောက်ပြီးတော့ အရာခပ်သိမ်းပြီးပြီလို့ ကိုယ်တော်ရှင်ဆိုခဲ့ပါတယ်။ ဘုရားသခင်အလွန်နှစ် သက်ပါတယ်။ ခရစ်တော်အထဲကနေ ဝိညာဉ်ထွက်သွားပြီးတော့ အက်စတာနံနက်ခင်းမှာ ရှင်ပြန်ထမြောက်ပါတယ်။ ကိုယ်တော်ကို ကောင်းကင်ဘုံကိုဆောင်ယူခြင်းဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကိုတဖန်ပြန်လည်အသက်ရှင်ပြီး ပြန်ရှင်ပြန် ထမြောက်ပြီး ကျွန်တော်တို့ကိုဖြောင့်မတ်ရာကိုရောက်စေ ပါတယ်။

ယောဟန်ကအပေါ်ကိုမော့ကြည့်ပြီး ကိုယ်တော်ရှင်မတ်တပ်ရပ်နေတယ်ဆိုတာ ကိုတွေ့ရပါတယ်။ သူ့လက်ခြေရာ ကြေးဝါဖြစ်ပါ တယ်။ မျက်လုံးများဟာ မီးလျှံမျက်လုံး များကဲ့သို့ ကြည့်နေပါတယ်။ တကမ္ဘာလုံး လှည့်ကြည့်နေပါတယ်။ ဒံယေလ တွေ့မြင်ခဲ့တဲ့ အတိုင်းဘဲ လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀၀ လောက်က အခြေအနေမျိုးဘဲဖြစ်ပါတယ်။ အလားတူအမျိုးအစား ဘဲဖြစ်ပါတယ်။ ထိုနေရာမှာ လူတစ်ဦး ရပ်နေပါတယ်။ အသက်ကြီးသူဖြစ် ပါတယ်။ ရှေးခေတ်များက အသက်ကြီးသူဘဲဖြစ်ပါ တယ်။ လူသားကဲ့သို့ဖြစ်ပါတယ်။ ကိုယ်တော်ရှင်နဲ့ပူးပေါင်းသောလူသားဖြစ်ပါတယ်။ တရားစီရင်ခြင်းအခွင့်အာဏာအားလုံးကို ကိုယ်တော်ကိုပေးအပ်ပါတယ်။ ကြီးမြတ်တဲ့ပလ္လင်ဖြူ တရားစီရင်ခြင်းမှာ ရပ်နေပါတယ်။

ဒီအရာတွေကို တွေ့မြင်တဲ့အခါမှာ ကျွန်တော်တို့ဟာ ဘယ်လိုအမျိုးအစားတွေ ဖြစ်ရမှာပါလဲ။ ဘုရားသခင်ခင်ဗျားတို့ကို ဆုတောင်းခြင်းနဲ့ ကောင်းကြီးပေးပါစေ။ ကိုယ်တော်ကို သင်တို့ချစ်ပါသလား။ ယုံကြည်ပါသလား။ သင့်ရဲ့ဝိညာဉ်ကို ကျောက်ချထားပါ သလား။

140 ၁၄၀။ ကျွန်တော်တို့ခေါင်းကိုငုံ့ပြီးတော့ ဆုတောင်းကြပါစို့။ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ ညင်သာစွာနဲ့ ကျွန်တော်တို့

သီချင်းကလေးကိုဆိုကြပါမယ်။ ကျွန်ုပ်ရဲ့ဝိညာဉ်ကို ကိုယ်တော် ရှင်ရဲ့ ငြိမ်သက်ခြင်းကောင်းကင်မှာကျောက်ချထားပါတယ်။ ကျွန်တော်ရဲ့ဝိညာဉ်ကို တခြား တနေရာကို ပို့ဖို့အတွက်ကျွန်တော်ဘယ်တော့မှ ကြားနာရမှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း နှုတ်ကပတ်တော်က ကျွန်ုပ်ရဲ့ဝိညာဉ်ထဲကို ငြိမ်သက်အေးချမ်းမှုကိုပြောဆိုမှာ ဖြစ်ပါတယ်။ တိတ်ဆိတ်စွာနဲ့ ယခုအခါမှာ လေးစားစွာနဲ့ လူတိုင်း ဆိုကြပါစို့။

ကျွန်ုပ်ရဲ့ဝိညာဉ်ကိုကောင်းကင်ရဲ့ငြိမ်သက်ခြင်း နားနေခြင်းမှာ

ကျွန်ုပ်ကျောက်ချထားပါတယ်။

ပင်လယ်လှိုင်းတံပိုးရိုက်ခတ်မှုထဲမှာ ကျွန်တော်ကရွက်လွှင့်တော့မှာ မဟုတ်ပါဘူး။

ဒီလှိုင်းတံပိုးကြီးတွေကြားမှာ မုန်တိုင်းတွေအားလုံး ပျောက်ကွယ်သွားမှာဖြစ်ပါတယ်။

သခင်ယေရှု၌ကျွန်တော်ဟာ အမြဲတမ်းလုံခြုံနေမှာ ဖြစ်ပါတယ်။

ကျွန်ုပ်ရဲ့ဝိညာဉ်ကို ကောင်းကင်ရဲ့နားနေရာမှာ ကျောက်ချထားပါတယ်။

ကျွန်တော်ဟာ ဘယ်တော့မှ ပြင်းထန်တဲ့ လှိုင်းတံပိုးတွေကြားမှာ ရွက်လွှင့်သွား ရမှာမဟုတ်ပါဘူး။

မုန်တိုင်းတိုက်ခိုက်မှုတွေဘယ်တော့မှဖြစ်ပေါ်လာမှာမဟုတ်ပါဘူး။ သခင်ယေရှု၌ကျွန်ုပ်ကလုံခြုံလျက်ရှိပါတယ်။

ကျွန်ုပ်အပေါ်မှာ ကိုယ်တော်ရှင် ရဲ့ဘုန်းရောင်ခြည်တွေနဲ့ လွှမ်းခြုံပါ။

ကိုယ်တော်ရှင် ကျွန်ုပ်အပေါ်မှာ လွှမ်းခြုံတောက်ပတော်မူပါ။

မီးပြတိုက်ကမီးရောင်ကို ကျွန်ုပ်အပေါ်မှာထွန်းလင်းစေပါ။

ကိုယ်တော်ရှင် ကျွန်ုပ်အပေါ်မှာ ထွန်းလင်းစေပါ။

ကျွန်တော်တို့ ကိုယ်တော်အတွက်လက်တွေကိုမြှောက်ပြီးတော့ ဆိုကြပါစို့။

မီးပြတိုက်ကအလင်းကျွန်တော်တို့အပေါ်မှာ ထွန်းလင်းပါစေ။

သခင်ယေရှုကဲ့သို့ဖြစ်ပါစေ။ မှန်ပါတယ် ကိုယ်တော်ရှင်။ ကျွန်ုပ်တို့ကိုကိုယ်တော်ကဲ့သို့ဖြစ်ပါစေ။ မြေကြီးပေါ်မှာ ကိုယ်တော်ကဲ့သို့ ကျွန်တော်တို့တူချင်ပါတယ်။

ဒီဘဝခရီးတလျှောက်မြေကြီးကနေ ကောင်းကင်တိုင်အောင် ကိုယ်တော်ရှင် နဲ့ တူဖို့ တောင်းဆိုပါတယ်။

ဘရာသာဘရမ်ဟမ်က သီချင်းကိုစပြီးတော့ ငြီးပါတယ်။....

အိုး ကောင်းမြတ်တော်မူသောကယ်တင်ရှင်

မြေကြီးပေါ်မှာ ကိုယ်တော်ရှင်နဲ့ တူတိုအတွက်

ကျွန်တော်မျော်လင့်ပါတယ်။ ဘဝခရီးတလျှောက်မြေကြီးကနေ

ဘုန်းဝင်စားတဲ့အထိ ဘဝတစ်လျှောက်ကိုယ်တော်နဲ့တူလိုပါတယ်။

141 ၁၄၁။ ကိုယ်တော်ရှင်ရဲ့အသက်တာမျိုးသင်ရရှိပြီး အသက်ရှင်လိုပါသလား။ ကိုယ်တော်ရှင် ကျိန်းဝပ်တော်မူခြင်းကို ရောင်ပြန်ဟပ်လိုပါသလား။ ထိုကဲ့သို့ဖြစ်လိုပါက သင်လည်း မရရှိသေးဘူးဆိုလို့ရှိရင် မတ်တပ်ရပ်ပြီးဆုတောင်းပါ။ ဆုတောင်းခြင်း၌အမြဲတမ်းလိုအပ်တဲ့ သူတွေရှိပါသလား။ ဘုရားကောင်းကြီးပေးပါစေ။

ဗက်လင်မြို့ရဲ့ နွားစားခွက်ထဲကနေပြီး မတ်တပ်ရပ်လျက် ဆက်လက်ပြီးတော့ သီချင်းဆိုကြရမှာ ဖြစ်ပါတယ်။ ဗက်လင်မြို့နွားစားခွက်ထဲကနေပြီးတော့ ထူးဆန်းတဲ့သူတစ်ဦးရောက်လာပါတယ်။ သင်ဟာကမ္ဘာလောကကြီး အတွင်းမှာဘဲ

လူစိမ်းတစ်ယောက်ဘဲဖြစ်ပါတယ်။ ဒီကမ္ဘာမြေပြင်ပေါ်မှာ ကိုယ်တော်နဲ့ တူလိုပါတယ်။ ဘဝခရီးတစ်လျှောက်လုံးမြေကြီးကနေ ဘုန်းဝင်စားတဲ့အထိကိုယ်တော်ရှင်နဲ့ဘဲ တူလိုကြောင်း ဆုတောင်းလိုပါတယ်။

သခင်ယေရှုနဲ့တူလိုပါတယ်။ ကျွန်တော်ရဲ့ဆန္ဒဘဲဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ တောက်လျှောက်ကိုယ်တော်နဲ့တူလိုပါတယ်။

ဘဝခရီးတစ်လျှောက်လုံး မြေကြီးကနေဘုန်းထင်ရှားစေတဲ့အထိ

ကိုယ်တော်နဲ့တူလိုပါတယ်။

ဘရာသာဘရမ်ဟမ်က သီချင်းငြီးပါတယ်။ ...နှိမ့်ချခြင်းနဲ့ နှိမ့်ချခြင်းဖြစ်ပါတယ်။ ...

142 ၁၄၂။ ကောင်းကင်ဘုံရှင်အဖဘုရားသခင် သူတို့မတ်တပ်ရပ်နေပြီးတော့ သူတို့အများစုကတော့ ကိုယ်တော်ရှင်ကို လက်ခံလိုပါတယ်။ ဒီကမ္ဘာလောကကြီးမှာ လွင့်မျောနေတဲ့ဘဝကိုသူတို့စိတ်ပျက်နေကြပါပြီ။သူတို့ဘယ်သွားရမလဲဆိုတာ မသိကြပါဘူး။ ဘဝခရီးရဲ့မုန်တိုင်းတွေ တိုက်ခတ်မှုတွေနဲ့ နေအလင်းရောင်ကို မြင်ရမလား၊ မမြင်ရမလား မသိရဘဲနဲ့ နှလုံးသားတွေကလည်း ဘယ်တော့ရပ်သွားမလဲဆိုတာကို မသိရဘဲဖြစ်နေပါတယ်။ အင်မတန်ကြီးမားတဲ့ မုန်တိုင်းကြီး ရှေ့မှာရှိနေပါတယ်။ လွင့်မျောနေတဲ့ ဝိညာဉ်ကဲ့သို့ဖြစ်နေပါတယ်။ သူတို့ကဲ့သို့ဘဲသူတို့ဖြစ်နေပါတယ်။ လောကကဲ့သို့ဘဲ ဖြစ်နေပါတယ်။ ဒါပေမဲ့လည်း ကိုယ်တော်ရှင် နှင့် တူလိုပါတယ်။ ကိုယ်တော်ကဲ့သို့ ဖြစ်လိုပါတယ်။ ကိုယ်တော်ရှင် ရဲ့နိုင်ငံတော် ထဲသို့ သူတို့ကို ပြန်လက်ခံတော်မူပါ။ ကိုယ်တော်နဲ့သူတို့ဆိုင်ပါတယ်။ အဖဘုရားသခင် သူတို့စိတ်နှလုံးတွေကို ကိုယ်တော်သိပါတယ်။ သူတို့နှလုံးသားအလိုဆန္ဒတွေကို ကိုယ်တော်သိ ပါတယ်။

ကိုယ်တော်ကရေးသားထားပြီးဖြစ်ပါတယ်။ ကိုယ်တော်ရှင် ရဲ့နှုတ်ခမ်းပြားတွေနဲ့ ကိုယ်တော်ပြောခဲ့ပါတယ်။ ငါရဲ့အသံကိုကြားလို့ရှိရင် ငါကိုကိုယ်တော်ရှင်စေလွှတ်တယ်ဆို တာသိလျှင် ထာဝရအသက်ကိုရတယ်ဆိုတာသိမှာ ဖြစ်ပါတယ်။ သင်လည်းဘယ်လိုပြော သလဲဆိုတော့ ကိုယ်တော်ဒီနှုတ်ကပတ်တွေကိုဖတ်ပြီးတော့ကြားနာတဲ့သူတွေကို ကောင်း ကြီးပေးပါ။ အထူးသဖြင့် ဒီပရောဖက်စာစောင်တွေကို လက်ခံရရှိတဲ့အချိန်ကနေစပြီးတော့ ဖတ်ရှုကြားနာတဲ့သူတွေကို မင်္ဂလာရှိပါစေလို့ဆိုထားပါတယ်။ အဲဒီအချိန်ရောက်ပြီဆိုတာ သူတို့သိပါတယ်။ သူတို့လွင့်မျောမနေလိုတော့ပါဘူးကိုယ်တော်။ သူတို့ရဲ့ဘဝလမ်း ခရီးကို သူတို့ ပစ်ပယ်လိုက်ပြီး ကိုယ်တော်ရှင်ထံကို တိုးဝင်ချည်းကပ်ပါတယ်ကိုယ်တော်။ ဒီညသူ တို့ပြန်သွားတဲ့အခါမှာ သခင်ယေရှုရဲ့အလင်းကိုရောင်ပြန်ဟပ်စေပါ။ ကိုယ်တော်ရှင် ထံတော်ပါးသို့ သူတို့ကိုကျွန်တော် အပ်နှံပါတယ်။ ခမည်းတော်ဘုရားကိုအပ်နှံပါတယ်။ သခင်ယေ ရှုနာမဌ် ဆုတောင်းပါတယ်။

ဗိတ္တိဇံခံပြီးတော့ ကိုယ်တော်ရှင်ထံသို့လိုက်ပါပြီး အသင်းတော်ထဲမှာ ပါဝင်ဖို့ သန့်ရှင်းသောဝိညာဉ်တော်ကိုသူတို့ရဲ့ ဘဝထဲကို ထည့်သွင်းပေးဖို့ ဒါမှ သူတို့ဟာ ကျန်တဲ့အချိန်တိုင်းမှာ ကိုယ်တော်ရှင်ကဲ့သို့အသက်ရှင်နိုင်ဖို့ မစတော်မူပါ။ ကိုယ်တော်ရှင်နာမ ဌ်ဆုတောင်းပါတယ်။

ယေရှုသခင်ကဲ့သို့ဖြစ်ပါစေ။ ...

143 ၁၄၃။ ခင်ဗျားတို့တချို့တွေ မတ်တပ်ရပ်နေကြပါတယ်။ ထိုင်နေတဲ့သူနားမှာ ရပ်နေကြပါတယ်။ အဲဒါတွေက ခရစ်ယာန်တွေဖြစ်ပါတယ်။ သူတို့ရဲ့လက်တွေကိုင်ထားပါ။ လက်ဆွဲ နှုတ်ဆက်ပါ။ သူတို့အပေါ်မှာ လက်တင်ပါ။ သူတို့ဝိညာဉ် တွေအတွက် ဘုရားရှင်ကိုချီး မွမ်းပါ။ ဘုရားရှင်ကိုချီးမွမ်းပါ။ ကျွန်တော်တို့ရဲ့ပလ္လင်တွေကပြည်နေပါတယ်။ ခလေး တွေအများကြီးဖြစ်နေပါတယ်။ ပစ္စည်းတွေနဲ့ ပြည်နေပါတယ်။

သူတို့ကိုအပေါ်ခေါ်လာလို့မရပါဘူး။ ဘဝခရီးလမ်းတစ်လျှောက်လုံးမြေကြီးကနေ ဘုန်း ဝင်စားတဲ့အထိ ကိုယ်တော် ရှင်ကဲ့သို့ဖြစ်စေဖို့ ကျွန်ုပ်ဆုတောင်းပါတယ်။

ကျွန်ုပ်အပေါ်မှာ ထွန်းလင်းတောက်ပတော်မူပါ။

မီးပြတိုက်ကနေမီးအလင်း ကျွန်ုပ်အပေါ် ထွန်းလင်းထောက်ပစေတော်မူပါ။ ကျွန်ုပ်အပေါ်မှာ ထွန်းလင်းတောက်ပ တော်မူပါ ကိုယ်တော်ရှင် ။ ထွန်းလင်းတောက်ပပါ။ မီးပြတိုက် ကနေအလင်း ကျွန်ုပ်အပေါ်မှာ ထွန်းလင်းတောက်ပစေပါ။

144 ၁၄၄။ သင်တကယ်ဘဲ ခံစားရတာကောင်းပါတယ်။ ကောင်းတယ်မဟုတ်လား။ ပျော်တယ်မဟုတ်လား။ သင်ခရစ်ယာန်ဖြစ် ပါပြီ။ ခင်ဗျားနားမှာ ထိုင်တဲ့သူတစ်ယောက်ယောက်နဲ့ လက်ဆွဲနှုတ်ဆက်ပါ။ နောက်ပြီးတော့ ကျွန်တော်တို့ဒီဓမ္မသီချင်းကိုသီဆိုမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဒီ အလင်းထဲမှာ လိုက်လျှောက်တဲ့ဒီလှပတဲ့ သီချင်းလေးဘဲဖြစ်ပါတယ်။ အလင်းကလည်း လှပတဲ့ သခင်ယေရှုရဲ့အလင်းဖြစ်ပြီးတော့ သခင်ခရစ်တော်ကလည်း လူဇာတိကိုခံပြီးတော့ မိမိကိုယ်ကိုမိမိဖော်ပြခဲ့ပြီးဖြစ်ပါတယ်။

ကျွန်ုပ်တို့အလင်းထဲမှာ လျှောက်မယ်။ လှပတဲ့အလင်းလေး ဖြစ်တယ်။

ဂရုဏာတော် ဟာ တစ်စိမ့်စိမ့်ကျပြီးတော့ တောက်ပနေပါတယ်။

ကျွန်တော်တို့အနီးအနားမှာ တောက်ပနေပါတယ်။

နေ့ရောညပါတောက်ပပါတယ်။

အိုးသခင်ယေရှုလောကရဲ့အလင်းဖြစ်ပါတယ်။

လူတိုင်းလိုက်ပြီးတော့သီချင်းဆိုကြပါ။ ...

ကျွန်ုပ်တို့ဒီအလင်းထဲမှာ လိုက်လျှောက်ကြပါတယ်။

အဲဒါလှပတဲ့အလင်းလေးဖြစ်ပါတယ်။

ဂရုဏာတော် ပေါ်ကနေတောက်ပပြီး စိပ်ကျလာပါတယ်။

နေ့ရောညပါကျွန်တော်တို့ အနီးအပါး တစ်ဝိုက်မှာ တောက်ပစေပါ။

သခင်ယေရှုကမ္ဘာလောကရဲ့အလင်းဖြစ်ပါတယ်။

သူတော်စင်အားလုံး အားလုံးရဲ့သူတော်စင်အားလုံး လာပြီးတော့ ကြွေးကြော်ကြပါ။ သခင်ယေရှုဟာ ဒီကမ္ဘာလောကကြီးရဲ့အလင်းဖြစ်ပါတယ်။

ကောင်းကင်ကခေါင်းလောင်းလေးတွေအသံမြည်လာမှာဖြစ်ပါတယ်။

အိုး ယေရှု ကမ္ဘာလောကကြီးရဲ့အလင်း ...

ခင်ဗျားတို့လက်ကို မြှောက်ပြီးတော့ဆိုကြပါ။ ကျွန်တော်တို့အလင်းထဲမှာ လျှောက်ပါ့မယ်။ တောက်ပတဲ့အလင်း တန်းဖြစ်ပါတယ်။

ဂရုဏာတော် နှင်းစက်တွေ ကျလာမှာဖြစ်ပါတယ်။

တောက်ပနေမှာဖြစ်ပါတယ်။ နေ့ရောညပါအနီးအနားအဝိုက်မှာ

ထွန်းလင်းတောက်ပနေမှာပါ။

သခင်ယေရှုကကမ္ဘာလောကရဲ့အလင်းဖြစ်ပါတယ်။

ဒီအလင်းထဲမှာ ကျွန်တော်တို့ဆက်ပြီးတော့ လျှောက်နေမှာ ဖြစ်ပါတယ်။

အင်မတန်လှပတဲ့အလင်းဖြစ်ပါတယ်။

ဂရုဏာနှင်းစက်တွေတောက်ပနေပါတယ်။

နေ့ရောညပါအနီးအပါးတစ်ဝိုက်မှာ တောက်ပနေပါတယ်။

သခင်ယေရှုသူဟာ လောကရဲ့အလင်းတရားဖြစ်ပါတယ်။

ကျွန်တော်တို့ဒီအလင်းထဲမှာ လျှောက်မှာပါ။

ဇဝံဂေလိအလင်း လှပတဲ့အလင်းဖြစ်ပါတယ်။

ဂရုဏာနှင်းစက်တွေကနေ ဖိတ်ကျလာပြီး တောက်ပတဲ့ အလင်းဖြစ်ပါတယ်။

ကျွန်တော်အနားမှာ နေ့ရောညပါထွန်းတောက်နေပါတယ်။

သခင်ယေရှုလောကရဲ့အလင်းဖြစ်ပါတယ်။

145 ၁၄၅။ ပင်တေကုတ္တေအစပိုင်းမှာ သန့်ရှင်းသောဝိညာဉ်တော်အသင်းတော်ပေါ်မှာ သက် ရောက်တဲ့အခါမှာ စမုရနမြို့ကို သတင်းရောက်လာပါတယ်။ ထိုနေရာမှာ အိုင်းရီးနီးယား ဘုရားသခင်ရဲ့သူတော်စင်ကြီးရှိပါတယ်။ တခြားသောဘာသာ စကားတွေကို ပြောပါတယ်။ ဘုရားသခင်တန်ခိုးတော်ရှိပါတယ်။ သေသူတွေကို ရှင်ပြန်ထမြောက်စေပါတယ်။ အနာ ရောဂါတွေငြိမ်းစေပါတယ်။ သူကအလင်းထဲမှာ လမ်းလျှောက်ပါတယ်။ သူနောက်မှာ ကိုလံဘာရောက်လာပါတယ်။ အင်မတန်မှတန်ခိုးနဲ့ ပြည့်ဝတဲ့ဘုရားသခင်ရဲ့ သူတော်စင် ကြီးဖြစ်ပါတယ်။ အခြားသောကြီးမားတဲ့သူတော်စင်ကြီးတွေ ပေါ်ထွက်လာပြီးတော့ သတင်း စကားကို တောက်လျှောက်ဟောပြောခဲ့ပါတယ်။ အလင်းထဲမှာ လျှောက်ခဲ့တယ်။ ဇဝံဂေလိ အလင်းတရားဖြစ်ပြီး အဲဒီအလင်းဟာ ပင်တေကုတ္တေနေ့မှာ ထွန်းလင်းတောက်ပပါတယ်။

ခရစ်တော်ကတော့ သူလူတွေရဲ့အလယ်မှာ ရပ်လျက်ရှိပါတယ်။ ရွှေမီးခွက် ၇ လုံးအလယ် မှာ သူရဲ့အရောင်တွေ ကိုဖြာထွက်စေပါတယ်။ ပူလောင်နေတဲ့အလင်းအားဖြင့် တောက် လောင်နေတဲ့နေကဲ့သို့ဖြစ်ပါတယ်။ ၁၉၆၁ ခုနှစ်မှာ ကျွန်တော်တို့အလင်းထဲမှာ လျှောက် ပါတယ်။ လှပတဲ့အလင်းဖြစ်ပါတယ်။

ကျွန်ုပ်တို့ ဤအလင်းထဲမှာ လျှောက်နေပါသည်။

အင်မတန်လှပသောအလင်းဖြစ်ပါသည်။

ဂရုဏာတော်နှင်းစက်ကလေးများဖြင့် တောက်ပလျက်ရှိပါသည်။

နေရောညပါကျွန်ုပ်တို့အနီးပတ်လည်မှာ တောက်ပလျက်ရှိပါသည်။

အိုးသခင်ယေရှု ကမ္ဘာလောကကြီးအလင်း။

ကျွန်ုပ်တို့မတ်တပ်ရပ်ကြပါစို့။

ကျွန်တော်တို့ဒီအလင်းတန်းထဲမှာ ဆက်ပြီးတော့ လျှောက်ကြပါမယ်။

အင်မတန်လှပတဲ့ အလင်းတန်းဖြစ်ပါတယ်။

ဂရုဏာနှင်းစက်များကနေ ပေါ်ထွက်လာပြီး တောက်ပပါတယ်။

ကျွန်တော်အနီးအနားတဝိုက်မှာ နေ့ရောညပါ ထွန်းတောက်လျက်ရှိပါတယ်။

သခင်ယေရှုလောက၏အလင်း။

ကိုယ်တော်ကိုသင်ချစ်ပါသလား။

ကျွန်ုပ်ချစ်ပါသည်။ ကျွန်ုပ်ချစ်ပါသည်။

ဘာကြောင့်လဲဆိုတော့ ကိုယ်တော်ကစ၍ချစ်သောကြောင့်ဖြစ်သည်။

ကျွန်ုပ်အတွက်ကယ်တင်ခြင်းကို ပေးပါသည်။

ကားတိုင်ပေါ်တွင်ဖြစ်သည်။

146 ၁၄၆။ ကမ္ဘာလောကကြီးနဲ့ဆိုင်တဲ့အရာတွေကို နောက်မှာ ဘယ်တော့မှမလှည့်တော့ ပါဘူး။ ကမ္ဘာလောကကြီးအတွက် ကျွန်ုပ်ကအသေဖြစ်နေပါတယ်။ ကမ္ဘာလောကကြီးက ကျွန်ုပ်အတွက်ဘာမှအဓိပ္ပါယ်မရှိပါ။ ကျွန်ုပ်သခင်ခရစ်တော်အထဲ၌ လိုက်လျှောက်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်ကလမ်းပြပါတယ်။ က်ိုယ်တော်ကိုချစ်ပါတယ်။ ကိုယ်တော် ကျွန်ုပ် ကိုချစ်သောကြောင့် ဖြစ်ပါတယ်။ သူရဲ့ကောင်းကြီးများကျွန်ုပ်အပေါ်မှာ တောက်ပလျက် ရှိပါတယ်။ သူရဲ့နိုင်ငံတော်ရဲ့လက်ယာလက်မှာ ကျွန်ုပ်ကို မိတ်သဟာယဖွဲ့ခွင့်ပေးပါတယ်။ ယခုအခါမှာ ကျွန်ုပ်တို့သည် ဘုရားသားသမီးများဖြစ်ကြပါတယ်။ အဆုံးမှာ ကျွန်ုပ်တို့ပေါ် ထွက်လာရမဲ့ပုံစံမျိုးနဲ့ပေါ်ထွက်လာမှာမဟုတ်ပါဘူး။ ကိုယ်တော်ရှင်ရဲ့ဘုန်းထင်ရှားတဲ့ ကိုယ်ခန္ဓာနဲ့ ကျွန်တော်တို့ကိုယ်ခန္ဓာပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ အကြောင်းမှာ ကိုယ်တော်ရှင်ကို ကျွန်တော်တို့ကိုယ်တော်ရှင်ရှိသည့်အတိုင်းပင် တွေ့ရမှာဖြစ်ပါတယ်။

ကျွန်ုပ်တို့အလင်းထဲမှာ လျှောက်ပါ့မယ်။

လှပတဲ့အလင်းဖြစ်ပါတယ်။

ဂရုဏာတော်နှင်းစက်များကပေါ်ထွက်လာတဲ့လှပတဲ့

တောက်ပတဲ့ အလင်းဖြစ်ပါတယ်။

နေ့ရောညပါကျွန်ုပ်တို့အနီးအနားမှာ တောက်ပနေပါတယ်။

သခင်ယေရှုလော ကကြီးရဲ့အလင်းဖြစ်ပါတယ်။

ကျွန်တော်တို့အလင်းထဲမှာ လျှောက်မှာဖြစ်ပါတယ်။

လှပတဲ့အလင်းဖြစ်ပါတယ်။

ဂရုဏာနှင်းစက်များမှ ပေါ်ထွက်လာတဲ့နှင်းစက် ကလေးဖြစ်ပါတယ်။

နေ့ရောညပါကျွန်တော်တို့အနားမှာ တောက်ပလျက်ရှိပါတယ်။

သခင်ယေရှု၏ လောကရဲ့အလင်းဖြစ်ပါတယ်။

147 ၁၄၇။ ကိုယ်တော်ကိုသင်ချစ်ပါသလား။ ဒီသတင်းစကားကအရာခပ်သိမ်းကို ဖြတ် တောက်ပါတယ်။ ဓမ္မသီချင်းတွေကို လူတိုင်းကိုလိုက်ပြီးတော့ နားထောင်ပြီးတော့ ဆိုမယ်လို့ ထင်ပါတယ်။ ဝတ်ပြုကိုးကွယ်ပြီးတော့ ဝိညာဉ်တော်၌ သီဆိုနိုင်ပါတယ်။ အင်မတန်မှ ဟောင်းနွမ်းတဲ့သီချင်းကြီးတွေကပိုပြီးတော့ နားထောင်လို့ကောင်းပါတယ်။ ရှေးကျတဲ့ သီ ချင်းတွေကို ကျွန်တော်နှစ်သက်ပါတယ်။ ပင်တေကုတ္တေသီချင်းဆိုခြင်းဖြစ်ပါတယ်။ သင်တန်းပေးထားပြီးတော့ လုပ်ယူထားတဲ့အသံတွေမဟုတ်ပါဘူး။ တခါတည်း ကျယ်လောင်စွာ ဟစ်အော်ပြီး အသံပြာသွားတဲ့အထိ ဆိုတာမဟုတ်ပါဘူး။ မျက်နှာတွေပြာနှမ်းလာတဲ့အထိ လည်း ဆိုတာမဟုတ်ပါဘူး။ ကျွန်တော်တို့ဆိုတာဘာလဲဘာလဲဆိုတာကို မသိလို့မဟုတ်ပါ ဘူး။ ကျွန်တော်တို့ဟာ သံစဉ်တွေကို မှန်မှန်ဆိုနိုင်မှာမဟုတ်ဘူး။ ဒါပေမဲ့လည်း ပင်တေကုတ္တေကောင်းကြီးမင်္ဂလာတော့ ရှိထားပါ တယ်။ သူယခုသီချင်းဆိုနေပါတယ်။ ကားတိုင်သီ ချင်းတွေက မည်မျှဘုန်းထင်ရှားစေပြီး သာယာနာပျော်ဖွယ်ကောင်းသလဲ။

ကျွန်တော်တို့ရဲ့မေ့မိန်သွားပြီးဖြစ်တဲ့သီချင်းလေးကိုယခုဆိုမှာဖြစ်ပါတယ်။

148 သခင်ယေရှုနာမကိုသင်နှင့်အတူ ယူဆောင်ပါ။

ဝမ်းနည်းခြင်းနဲ့ အမင်္ဂလာတို့ရဲ့ခလေးငယ်။

သင်ကိုဝမ်းမြောက်ခြင်းနဲ့ နှစ်သိမ့်ခြင်းကိုရောက်လာပါမယ်။

ဘယ်နေရာကိုဖြစ်ဖြစ်ယူဆောင်သွားပါ။

မနက်ဖြန်ည ၇ နာရီ တိတိမှာ ဘုရားရှစ်ခိုးစမှာဖြစ်ပါတယ်။

သခင်ယေရှုနာမ၌ ခေါင်းငုံ့ပါ။

သူရဲ့ခြေတော်ရင်းမှာ ပြတ်ဝပ်ကိုးကွယ်ပါ။

ဘုရင်တကာတို့ရဲ့ဘုရင်ဟာ ကောင်းကင်မှာ ရှိပါတယ်။

ကျွန်ုပ်တို့နဲ့အတူ သရဖူဆောင်းရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့သွားရမဲ့လောကခရီး ပြီးဆုံးတဲ့အခါမှာ ကိုယ်တော်နဲ့အတူ

နေရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ အားလုံးသီချင်းဆိုကြပါစို့။

သခင်ယေရှုနာမတော်ကိုသင်နှင့်အတူ ယူဆောင်ပါ။

ဝမ်းနည်းခြင်းအမင်္ဂလာ တွေရဲ့ ခလေးငယ်။

ဝမ်းမြောက်ခြင်းနဲ့ နှစ်သိမ့်ခြင်းတွေကိုသင်ကို ပေးတဲ့အခါမှာ

သင်သွားတဲ့နေရာတိုင်းကိုယူဆောင်သွားပါ။

မြတ်လှသောနာမ။ချိုသာလှပါတယ်။

ကောင်းကင်နှင့်မြေကြီးတို့ရဲ့ ဝမ်းမြောက်ခြင်းနဲ့ မျော်လင်ခြင်းဖြစ်ပါတယ်။

မြတ်နာမချိုသာလှပါတယ်။ ကောင်းကင်နှင့်မြေကြီးတို့ရဲ့မျော်လင့်ခြင်းနဲ့ ဝမ်းမြောက်ခြင်းဖြစ်ပါတယ်။

149 ၁၄၉။ ယခုအခါမှာ ကျွန်တော်တို့ပြီးဆုံးပြီးဖြစ်ပါတယ်။ မနက်ဖြန်နံနက်မှာ ဝတ်ပြုစည်းဝေးရှိ မရှိကိုကျွန်တော်ကိုမေးကြည့်ပါ။ မနက်ဖြန်မဟုတ်ပါဘူး။ မနက်ဖြန်တော့ ကောင်းကောင်းနားပါ။ မနက်ဖြန်ညဘဲဖြစ်ပါတယ်။ အဲဒီသတင်းစကား ကို ကျွန်တော် ဆက်ပြီးမပြောပါဘူး။ နောက်တနေ့မှဘဲဆက်ပြောပါ့မယ်။ သတင်းစကားကိုအပြည့်အစုံအကုန်လုံး ပြောမှာဖြစ်ပါတယ်။ နောက်တနေ့ဖြစ်ပါတယ်။ ယခုတော့ကျွန်တော်တို့ထိုင်နိုင်ပါပြီ။ ခင် ဗျားတို့အားလုံးလည်း အသင်းတော်ခေတ်ကာလအရာတွေအတွက် အဆင်သင့်ဖြစ်နေမယ်လို့ထင်ပါတယ်။ ဟုတ်တယ်မဟုတ်လား။

ကျွန်တော်တို့ခဏလေးခေါင်းငုံ့ပြီးတော့ တိတ်တိတ်ဆိတ်ဆိတ်လေးနဲ့ဓမ္မသီချင်းကိုသီဆိုကြပါစို့။

ယေရှုရဲ့နာမတော်၌လူမျိုးတကာတို့ ဝန်ခံကြမှာဖြစ်ပါတယ်။

ကိုယ်တော်ရှင်ရဲ့ခြေတော်ရင်းမှာ အားလုံးပြပ်ဝပ်လျက်ရှိပါတယ်။

ကောင်းကင်မှာ ကိုယ်တော်ကျွန်တော်တို့နှင့်အတူ

သရဖူဆောင်းခွင့်ရမှာဖြစ်ပါတယ်။

ကိုယ်တော်ဟာ ဘုရင်တကာတို့ရဲ့ဘုရင်ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ဘဝခရီး ပြီးပြည့်စုံတဲ့အခါမှာ ကိုယ်တော်နဲ့အတူနေခွင့်ရမှာဖြစ်ပါတယ်။ မြတ်လှချိုသာလှသောနာမ

ကောင်းကင်နဲ့မြေကြီးရဲ့ ဝမ်းမြောက်ခြင်းနဲ့မျှော်လင့်ခြင်း

မြတ်လှချိုသာလှသောနာမ။

ကောင်းကင်နဲ့မြေကြီးတို့ရဲ့ ဝမ်းမြောက်ခြင်းနဲ့မျှော်လင့်ခြင်း ဖြစ်ပါသည်။

www.messagehub.info

ဒေသနာ ဝေငှသူ

**ဝီလီယမ်မာရီယမ် ဗရမ်ဟမ်**

'… နေ့ရက်များ၏ ကြွေးကြော်သံ … ' (ဗျာဒိတ် ၁၀:၇)